www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အကျည်းတန်လင်္ကာ

(ဒု-ဇာတ်သိမ်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၇)

မှောင်မည်းနေသည်။

ယင်းအမှောင်ထုကြားမှ အလင်းရောင်တန်းလေးတစ်ခုသည် ထိုးဖောက်ဝင်ရောက်လာသည်။

ထိုအလင်းတန်းလေးနှင့်အတူ ဝိုးတဝါးနိုင်လှသော ပုံရိပ်တစ်ခုကို တွေ့မြင်နေရသည်။

တဖြည်းဖြည်းနှင့် ...

ပုံရိပ်သည် ပီပြင်လာ၏။

မိန်းကလေးတစ်ယောက် ဖြစ်၏။

အတိအကျဆိုရပါလျှင် ...

ယွဲ့ဝါကျင်းပင် ဖြစ်သည်။

သူမသည် မျက်ရည်များ သွင်သွင်စီးကျနေသော မျက်ဝန်းအစုံဖြင့် ငေးငိုင်ကာကြည့်နေရာမှ လှပစွာပြုံးလိုက်၏။

"ခန်းချော် ... ရှင် ... ရှင် သတိရလာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံသည် တိုးလိုက်ကျယ်လိုက် ဖြစ်နေသေး၏။ အတန်ကြာမှ ပီပြင်စွာ ကြားလိုက်ရလေသည်။

ယခုမှ ...

ဓားတစ်ချက်ခန်းချောင်သည် ဝန်းကျင်တစ်ခုလုံးအား ပီပီပြင်ပြင် တွေ့မြင်လာရလေသည်။

သူ မျက်မှောင်ကြုတ်လိုက်၏။

"ကျုပ်တို့ ဘယ်ရောက်နေတာလဲ"

ယွဲ့ဝါကျင်းသည် ကြင်နာစွာ ပြုံးပြလိုက်သည်။

"ဒီနေရာက နှင်းပွင့်မြို့ တောင်ဘက်မြို့ပြင်မှာရှိတဲ့ အိမ်ပျက်လေ"

ဓားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံ နဖူးပေါ်သို့ ခုန်တက်သွားလေသည်။

"ဒီလောက်တောင်ဝေးတဲ့နေရာကို ကျုပ်တို့ ဘယ်လိုရောက်လာတာလဲ"

ယွဲ့ဝါကျင်းသည် သူ သတိလစ်မေ့မြောသွားစဉ် အနီးအနားရှိ မြင်းတစ်ကောင်ဖြင့်တင်ကာ ထွက်ပြေးလာခဲ့ကြောင်း ရှင်းပြလိုက်၏။

ဓားတစ်ချက်ခန်းချောင်၏မျက်ဝန်းအစုံတွင် ထူးခြားသော



ဟန်မူရာများ ပေါ်လွင်လာသည်။

သူသည် ယွဲ့ဝါကျင်းအား ငေးငိုင်ကာ ကြည့်နေမိ၏။

ယွဲ့ဝါကျင်းသည် ငိုထားလွန်းသဖြင့် မျက်ဝန်းအိမ်များက နီရဲနေ၏။

ဆံကေသာများမှာလည်း သေသပ်မှုမရှိပါ။

မည်သို့ဆိုစေ ...

သူမသည် အလွန်လှပနုနယ်သောမိန်းကလေးတစ်ယောက်ဖြစ်၏။

ဤမျှနုနယ်လှပသော မိန်းကလေးသည် သတိလစ်မေ့မြောနေသော မိမိ၏ခန္ဓာကိုယ်အား မြင်းပေါ်သို့ တင်ဆောင်ရာ၌ မည်မျှခက်ခဲလိမ့်မည်နည်း။

"ဝါကျင်း ... မင်း သိပ်ပင်ပန်းနေပြီ"

သူ၏အသံသည် ယုယကြင်နာမှုများ ပါဝင်နေသည်။

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံ ရွှန်းစိုတောက်ပသွားသည်။

ဓားတစ်ချက်ခန်းချောင်ထံမှ ပထမဆုံးအကြိမ်အဖြစ် ယုယကြင်နာသော ဆက်ဆံမှုများကို ခံစားလိုက်ရသည် မဟုတ်ပါလော။

"ဒီလောက်လည်း မပင်ပန်းပါဘူးရှင်၊ ဒါနဲ့ ရှင် နေသာထိုင်သာရှိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင်သည် ယခုမှ မိမိခန္ဓာကိုယ်အတွင်းရှိ အဆိပ်ဝေဒနာများ ပျောက်ကွယ်သွားခြင်းကို သတိပြုမိ၏။

"မင်း ... ကျုပ်ကို အဆိပ်ဖြေဆေး တိုက်ထားသလား"

ယွဲ့ဝါကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဓားတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်လိုက်၏။

"ဒါနဲ့ ... မင်း ဒီအဆိပ်ဖြေဆေး ဘယ်ကရလာတာလဲ"

ယွဲ့ဝါကျင်း မချိပြုံး ပြုံးလိုက်သည်။

"ကျွန်မသောက်ဖို့အတွက် မမက ပေးထားတာပါ"

ဓားတစ်ချက်ခန်းချောင်သည် မျက်မှောင်ကြုတ်သွားသည်။

"မမ ... ဟုတ်လား၊ မမဆိုတာ ဘယ်သူလဲ"

ယွဲ့ဝါကျင်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ကျွန်မက သူ ဘယ်သူလဲဆိုတာ သိချင်လို့ ရှင့်ကို မေးမယ်လို့ စဉ်းစားထားတာ"

ဓားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံ နဖူးပေါ်သို့ ခုန်တက်သွားလေသည်။

"ဘယ်လို ... မင်းက သူ့ကိုမသိဘူး ... ဟုတ်လား"

ယွဲ့ဝါကျင်း ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်၊ သူ့ကို ကျွန်မ တကယ်မသိဘူး၊ ဒါပေမဲ့ ကျွန်မသိတာ တစ်ခုတော့ရှိတယ်"

ဓားတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်လိုက်၏။

"ဆို ပါဦး"

ယွဲ့ဝါကျင်းက သူ့အား တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ကြည့်လိုက်လေသည်။

"သူက ရှင့်ကို ရက်ရက်စက်စက်သတ်ဖြတ်ချင်နေတယ်၊ ဒါကြောင့် သူနဲ့ရှင့်ကြားမှာ အလွန်ကြောက်စရာကောင်းတဲ့ ရန်ငြိုးတစ်ခုတော့ရှိမယ်"

"မဖြစ်နိုင်ဘူး၊ ကျုပ်ဟာ ဘယ်တုန်းကမှ မိန်းကလေးတွေနဲ့ ဆက်စပ်မှုမရှိခဲ့ဘူး"

"ဒါဖြင့် ... ရှင့်ရဲ့မွေးစားအဖေ နေလကျေးရွာသခင်ကြီးနဲ့ ပတ်သက်နေမလား"

ဓားတစ်ချက်ခန်းချောင်သည် ခေါင်းသွင်သွင်ခါယမ်းလိုက်လေသည်။

"ဒီပြီးမဖြစ်နိုင်ဘူး၊ ကျုပ်ရဲ့မွေးစားအဖေက မိန်းမနဲ့ ပတ်သက်ဖို့မပြောနဲ့ မိန်းမဆိုရင် မုန်းတီးနေတဲ့လူပါ"

သူက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုတောင် မိန်းမနဲ့ပတ်သက်လို့ ငယ်ငယ်ကတည်းက တင်းတင်းကျပ်ကျပ် ဆုံးမခဲ့တာ"

ယွဲ့ဝါကျင်း မျက်မှောင်ကြုတ်လိုက်၏။

"ဒါဆိုရင်လည်း ရှင်နဲ့ ရန်ငြိုးရှိတဲ့ လူကို စဉ်းစားကြည့်ပါလား"

ခားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။

"ကျုပ်တို့ နေလကျေးရွာဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေပေမယ့် ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့အစည်းနဲ့မှ ပြဿနာမရှိခဲ့ဘူး။ ဒါကြောင့်လည်း ကျုပ်တို့ နေလကျေးရွာကို သိုင်းလောကသားအားလုံးက လေးစားကြတာပေါ့"

ယွဲ့ဝါကျင်း ဘဝင်မကျဖြစ်သွားလေသည်။

"အဲဒါဆိုရင် ... ရှင်တို့ နေလကျေးရွာကို ဘာဖြစ်လို့ ရန်သူတွေဝင်ပြီး တိုက်ခိုက်သွားတာလဲ"

ခားတစ်ချက်ခန်းချောင်၏မျက်နှာပေါ်တွင် ခံပြင်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။

"ကျုပ်လည်း ဒါပဲစဉ်းစားနေတာ၊ တစ်ခုပဲ ကျုပ် သတိထားမိတယ်"



ယွဲ့ဝါကျင်း စိတ်ဝင်စားလာ၏။

"ဘာကိုလဲ"

ခားတစ်ချက်ခန်းချောင်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ...

"ကျုပ်တို့ နေလကျေးရွာကို တိုက်ခိုက်သွားတဲ့လူဟာ ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်ဦးဆောင်တဲ့အဖွဲ့ပဲ"

ယွဲ့ဝါကျင်း၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။

"ဟုတ်ပြီ ... သူဟာ ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်ရဲ့ အဖွဲ့ထဲကပဲ"

ခားတစ်ချက်ခန်းချောင်သည် သူမအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"မင်းက ... ဘာဖြစ်လို့ ဒီလောက်သေချာအောင် ပြောနိုင်တာလဲ"

ယွဲ့ဝါကျင်းက မချိပြုံးပြုံးလိုက်၏။

"ကျွန်မကိုယ်တိုင် ... သူ့ကို ကြေးဝါရောင်မျက်နှာဖုံးနဲ့ တွေ့မြင်နေရလို့ပေါ့"

ခားတစ်ချက်ခန်းချောင်သည် အနည်းငယ်စဉ်းစားကာ ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... ကျုပ်ကိုယ်တိုင် ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်ကို တိုက်ခိုက်ခဲ့ဂ်ျ ဝိညာဉ်နှုတ်ကြိုးတံတားအောင် ကျပြီး သေသွားခဲ့ပြီပဲ"

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံ ပြူးကျယ်သွားလေသည်။

ယင်းနောက် သက်ပြင်းတစ်ချက်ချကာ ခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး ...

"အင်း ... ရှင်ပြောတဲ့အတိုင်းဆိုရင် ကျွန်မတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး"

ဓားတစ်ချက်ခန်းချောင် အနည်းငယ်စဉ်းစားကာ သူမအား ကြည့်လိုက်၏။

"ဒါနဲ့ ... မင်းက ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်ကို ကိုယ်တိုင်တွေ့မြင်ဖူးပါလျက်နဲ့ ဘာကြောင့်မသိတာလဲ"

ယွဲ့ဝါကျင်း၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာလေသည်။

"မိဘတွေ ကွယ်လွန်သွားလို့ ကျန်းနန်နယ်ကို တစ်ယောက်တည်း ခရီးထွက်ခဲ့တယ်၊ ကျွန်မကို လူရမ်းကားတွေ စော်ကားဖို့ ကြံစည်စဉ်မှာ ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်မမနဲ့ အဘိုးအိုတစ်ယောက်က ကယ်တင်ခဲ့တယ်လေ"



သူမက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

"အင်း ... ခိုကိုးရာမဲ့တဲ့ ကျွန်မကို သူတို့က မွေးစားလိုက်ကြတယ်ဆိုပါတော့၊ ဒါပေမဲ့ သူတို့ဟာ တကယ်လျှို့ဝှက်တဲ့ လူတွေပါ"

ဓားတစ်ချက်ခန်းချောင် တွေဝေသွားသည်။

"နေပါဦး ... ဘယ်လိုလျှို့ဝှက်တာလဲ"

ယွဲ့ဝါကျင်း မချိပြုံး ပြုံးပြလိုက်၏။

"သူတို့နေထိုင်တဲ့နေရာဟာ ဝါးပင်တွေကို ဝက်ပါတစ်ခုအဖြစ် ဖန်တီးထားလို့၊ ကျွန်မဟာ ပြင်ပကမ္ဘာနဲ့ ဆက်စပ်ခွင့် မရခဲ့ဘူးလေ၊ နောက်ပြီး သူတို့ကို ဆရာနဲ့မမလို့ ခေါ်ခွင့်ရတာကလွဲပြီး သူတို့ရဲ့နာမည်နဲ့ မျက်နှာအစစ်အမှန်ကိုတောင်မှ တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး"

ဓားတစ်ချက်ခန်းချောင်သည် သူမအား မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

"အဲဒီဆရာဆိုတဲ့လူကရော မျက်နှာကို ကြေးဝါရောင်မျက်နှာဖုံးအုပ်သလား"

ယွဲ့ဝါကျင်းက ခေါင်းခါယမ်းလိုက်၏။

"မအုပ်ထားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခါးတစ်ချက်ခန်းချောင်က အံ့သြဟန်ဖြင့် ...

"အဲဒါတောင်မှ မင်းက သူ့မျက်နှာအစစ်ကို မမြင်ဖူးဘူးလို့ ပြောနေသေးသလား"

ယွဲ့ဝါကျင်းက လက်ကာပြလိုက်သည်။

"သူက မျက်နှာကို ကြေးဝါရောင်မျက်နှာဖုံးနဲ့ အုပ်မထားတာကလွဲရင် မျက်နှာပုံစံအမျိုးမျိုးပြောင်းနေတယ် ရှင့်၊ တစ်ခါတစ်ရံ အသက်ခြောက်ဆယ်ကျော်အဘိုးအိုလိုဖြစ်နေပေမယ့် တစ်ခါတစ်ရံကျတော့လည်း အသက်လေးဆယ်လောက်ဖြစ်နေတယ်"

သူမသည် စကားဆက်လိုက်၏။

"အဲ ... တစ်ခါတစ်ရံတော့လည်း အသက်နှစ်ဆယ်အရွယ်ပဲ ရှိနေတယ်"

ခါးတစ်ချက်ခန်းချောင်သည် သက်ပြင်းတစ်ချက်ကိုကျိတ်၍ ချလိုက်မိသည်။

မိမိရင်ဆိုင်ရမည့် ရန်သူသည် အလွန်လျှို့ဝှက်၍ ဉာဏ်နီဉာဏ်နက်များသည်ဟု နားလည်လိုက်သည် မဟုတ်ပါလော။

"ဒါနဲ့ ... သူတို့က မင်းကို ကျုပ်ဆီလွှတ်တဲ့ ရည်ရွယ်ချက်က"

ယွဲ့ဝါကျင်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။



"သူတို့က ရှင့်ကို ရင်းနှီးအောင်ပေါင်းပြီး အရိုးဆွေးအဆိပ်တိုက်ကျွေးပါတဲ့ ... နောက် ... နောက်ပြီး"

သူမက စကားကိုတစ်ပိုင်းတစ် ရပ်တန့်လိုက်၏။

ခါးတစ်ချက်ခန်းချောင်က မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"နောက်ကော"

ယွဲ့ဝါကျင်း၏မျက်နှာ ပန်းနုရောင်သန်းလာသည်။

"ရှင် ... ရှင်ရဲ့မေတ္တာကို ရယူရမယ်တဲ့"

ခါးတစ်ချက်ခန်းချောင်၏မျက်လုံးအစုံနဖူးပေါ်သို့ ပင့်တက်သွားလေသည်။

"ဒါက ဘာသဘောလဲ"

ယွဲ့ဝါကျင်းသည် ရှက်ရွံ့စွာဖြင့် ခေါင်းငုံ့ထားလိုက်၏။

"ဒါတော့ ... ကျွန်မ မသိဘူး"

"မင်းကလည်း သူတို့ခိုင်းတဲ့အတိုင်း လုပ်တာပဲလား"

"ကျွန်မက ဒီလိုမလုပ်ပါရစေနဲ့လို့ ငြင်းခဲ့တယ်လေ၊ ဒီမှာတင် သူတို့က ကျွန်မကို အရိုးဆွေးအဆိပ်တိုက်ခဲ့တယ်၊ ကျွန်မလည်း အဆိပ်ဒဏ်ကို မခံစားနိုင်လို့"

ခါးတစ်ချက်ခန်းချောင်၏ရင်ထဲ၌ ခံပြင်းလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... အတော်လူမဆန်တဲ့လူတွေပဲ၊ တကယ်ဆိုရင် ကျုပ်ကို သူတို့ကိုယ်တိုင်လာပြီး ရင်ဆိုင်ပါလား၊ ဘာဖြစ်လို့ မဆိုင်တဲ့ လူကို ခားစာခံလုပ်ပြီး ဒုက္ခတွေပေးချင်ရတာလဲ"

ယွဲ့ဝါကျင်း မချိပြုံးပြုံးလိုက်၏။

"ကျွန်မအထင်ပြောရရင် ... မကြာခင် သူတို့က ရှင့်ကို ကိုယ်တိုင်ရင်ဆိုင်လာမှာပါ"

ခားတစ်ချက်ခန်းချောင် မျက်မှောင်ကြုတ်လိုက်၏။

"မင်း ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ယွဲ့ဝါကျင်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... သူတို့ရဲ့ လျှို့ဝှက်ချက်တွေအတွက် အသုံးချခဲ့တဲ့ ကျွန်မက သူတို့ရဲ့စည်းကမ်းကို ရိုက်ချိုးပြီး ရှင့်ကို ကယ်တင်ခဲ့တယ် ဆိုတာ သူတို့သိနေကြပြီလေ"

သူမက ပခုံးတစ်ချက်တွန့်ကာ စကားဆက်လိုက်၏။

"ဒါကြောင့် အခုလောက်ဆိုရင် သူတို့က ရှင်နဲ့ကျွန်မကို မြေလှန်ရှာနေလောက်ပြီ"

"မင်း ... ကြောက်နေမှာပဲနော်"

"ကျွန်မ အရင်တုန်းက သူတို့ဆီက ဖြေဆေးမရမှာကို တကယ်ထိတ်လန့်မိတယ်၊ အခုတော့"



"အခု ... ဘာဖြစ်လို့လဲ"

"ကျွန်မ ဘာကိုမှ ဂရုမစိုက်တော့ဘူး"

ခားတစ်ချက်ခန်းချောင်က မျက်မှောင်ကြုတ်လိုက်မိသွားသည်။

"မင်း ဘာဖြစ်လို့ ဒီလောက်သတ္တိကောင်းနေတာလဲ"

ယွဲ့ဝါကျင်း ရှက်ပြုံးပြုံးလိုက်သည်။

"အနည်းဆုံး ကျွန်မဘက်က သူတို့ကို ရင်ဆိုင်ပေးမယ့် လူတစ်ယောက်ရှိနေပြီလေ"

ခားတစ်ချက်ခန်းချောင်သည် ပို၍မျက်မှောင်ကြုတ်လိုက်၏။

"မင်းဘက်က သူတို့ကို ရင်ဆိုင်ပေးမယ့်လူ ... ဟုတ်လား"

"ဟုတ်တယ်"

"အဲဒီ လူက ဘယ်သူလဲ"

ယွဲ့ဝါကျင်းသည် ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံဖြင့် သူ့အား ကြည့်လိုက်သည်။

"ရှင်ပေါ့"

ခားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အဘယ်ကြောင့်မှန်းမသိ သူမ၏စကားကို ငြင်းဆန်ရန်ဆန္ဒ မရှိခဲ့ပါ။

ထို့အပြင် သူ၏ရင်ထဲမှ သူမစကားကို နားထောင်ရင်း နွေးထွေးသောခံစားမှုကို ခံစားနေရသေး၏။

ယွဲ့ဝါကျင်းသည် သူ့အား လှပစွာ ပြုံးပြလိုက်သည်။

"ဘယ်လိုလဲ ... ရှင် တစ်စုံတစ်ခု မပြောတော့ဘူးလား"

ဓားတစ်ချက်ခန်းချောင် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။

"ကျုပ် ဘာမှမပြောချင်တော့ပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"မင်းပြောတဲ့စကားကို မငြင်းနိုင်တဲ့နောက်တော့ ဘာပြောစရာရှိဦးမှာတဲ့လဲ"

ယွဲ့ဝါကျင်း၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။

"ဒါဆိုရင် ကျွန်မသေမယ့်အချိန်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ မျှော်လင့်နိုင်ပြီပေါ့"

ဓားတစ်ချက်ခန်းချောင်မျက်နှာ ကွက်ခနဲပျက်သွားသည်။

ယွဲ့ဝါကျင်း ကျေနပ်စွာ ပြုံးလိုက်သည်။

သို့သော် ...



သူမ၏မျက်ဝန်းအစုံတွင် လျှို့ဝှက်ကြေကွဲသော ဟန်အမူအရာများ ပေါ်လွင်နေသည်။

ဓားတစ်ချက်ခန်းချောင်က သူမအား အကဲခတ်ကြည့်လိုက်၏။

"မင်း ... ကျုပ်ပြောတာ ယုံတယ်မဟုတ်လား"

ယွဲ့ဝါကျင်း ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ ယုံကြည်ပါတယ်၊ ဒါပေမဲ့"

သူမ စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်၏။

ဓားတစ်ချက်ခန်းချောင်၏ထူတ်သော မျက်လုံးအစုံသည် နှာတံရင်းသို့ ကုပ်ဆင်းသွားသည်။

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

ယွဲ့ဝါကျင်း မချိပြုံး ပြုံးလိုက်သည်။

"ကံကြမ္မာဆိုတာ မှန်းဆလို့မရပါဘူး၊ ဒါကြောင့် ကံကြမ္မာကို ကျွန်မ မယုံဝံ့ဘူး"

ဓားတစ်ချက်ခန်းချောင် ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမစိုးရိမ်ပါနဲ့၊ မင်း သေချာစဥ်းစားကြည့်မယ်ဆိုရင် ကံကြမ္မာကိုက ကျုပ်တို့နှစ်ယောက်ဘက်မှာ ရှိနေပါတယ်"

ယွဲ့ဝါကျင်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာက ကျွန်မတို့နှစ်ယောက်ဘက်မှာ ရှိနေတယ် ဟုတ်လား"

ဓားတစ်ချက်ခန်းချောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ ... တိုက်ပွဲတွေ၊ ရက်စက်ကြမ်းကြုတ်မှုတွေ၊ ကောက်ကျစ်စဉ်းလဲမှုတွေနဲ့ ပြည့်နှက်နေတဲ့ သိုင်းလောကရဲ့ သွေးပင်လယ်ကြားမှာ ဓားတစ်လက်နဲ့ ဖြတ်သန်းနေရတဲ့ ကျုပ်ကို ကံကြမ္မာက မင်းနဲ့ အံ့ဩဖို့ကောင်းအောင် တွေ့ဆုံပေးခဲ့တယ်မဟုတ်လား"

ယွဲ့ဝါကျင်းသည် သူ့အား ငေးမော၍ ကြည့်နေမိသည်။

ဓားတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်ကာ စကားဆက်လိုက်လေသည်။

"အဲဒါကြောင့် ... ကံကြမ္မာက မင်းကို ကျုပ်ဘဝထဲ အပြီးတိုင် ပေးဆပ်ပေးလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်"

ယွဲ့ဝါကျင်း၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

သူမသည် စကားတစ်ခွန်းမျှ မပြောဘဲ ဓားတစ်ချက်ခန်းချောင်အား ငေးငိုင်ကာကြည့်နေ၏။

သို့သော် ...



ဓားတစ်ချက်ခန်းချောင်၏နှလုံးသားထဲတွင်မူ ယွဲ့ဝါကျင်းသည် မိမိအား စကားလုံးပေါင်း ထောင်သောင်းမက ပြောနေသည်ဟု ခံစားနေမိလေတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ဓားတစ်ချက်ခန်းချောင်နှင့် ယွဲ့ဝါကျင်းတို့သည် တစ်ယောက်နှင့်တစ်ယောက် ငေးငိုင်ကာကြည့်နေကြ၏။

မည်မျှအချိန်ကြာသွားမှန်း မသိပါ။

ယွဲ့ဝါကျင်းသည် ပြန်လည်သတိဝင်လာကာ မျက်နှာတစ်ခုလုံး ပန်းနုရောင်သန်းလာ၏။

သူမသည် ခေါင်းငုံ့ကာထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

ယင်းတဒင်္ဂအချိန်လေး၌ ...

ဓားတစ်ချက်ခန်းချောင်သည် မိမိ၏အလွန်တန်ဖိုးထားသော အရာတစ်ခု ပျောက်ရှသွားသည့်အလား နှမြောတမ်းတသော ခံစားမှုများ ပြင်းထန်စွာ ခံစားလိုက်ရလေသည်။

"မင်း ဘယ်သွားမလို့လဲ"

ဟု ကမန်းကတန်း မေးလိုက်၏။



ယွဲ့ဝါကျင်းက ခေါင်းငုံ့လျက် ...

"ဘုံကျောင်းနောက်ဘက်ခန်းမှာ မီးဖိုနဲ့ ပန်းကန်ခွက်ယောက်တွေရှိပေမယ့် စားစရာမရှိဘူး၊ ဒါကြောင့် နံနက်စာ စားရအောင် တစ်ခုခုထွက်ဝယ်မလို့ပါ"

ဓားတစ်ချက်ခန်းချောင်၏မျက်နှာ ကွက်ခနဲပျက်သွားကာ ကမန်းကတန်း ဟန့်တားလိုက်၏။

"မဖြစ်ဘူး ... မင်းမသွားနဲ့"

ယွဲ့ဝါကျင်းသည် သူ့အား ဖြည်းညင်းစွာ မော့ကြည့်ကာ ပြုံးလိုက်၏။

"ရှင် ကျွန်မကို သူတို့နဲ့ တွေ့မှာစိုးရိမ်နေတာလား"

ဓားတစ်ချက်ခန်းချောင် ခေါင်းညိတ်ပြလိုက်သည်။

ယွဲ့ဝါကျင်း ပြုံးလိုက်၏။

"စိတ်ချပါ ... ကျွန်မ ရုပ်ဖျက်ပြီးသွားမယ်"

ဓားတစ်ချက်ခန်းချောင် ခေါင်းခါယမ်းလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကျုပ်စိတ်မချဘူး၊ မင်း နေခဲ့၊ ကျုပ်သွားမယ်"

ယွဲ့ဝါကျင်း ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

"မဖြစ်ဘူး ... ရှင့်ကို နှင်းပုလဲတစ်မြို့လုံးက သိနေကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှင်သွားလို့မဖြစ်ဘူး”

ဓားတစ်ချက်ခန်းချောင်သည် သက်ပြင်းတစ်ချက်ချလိုက်၏။

“အဲဒီကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်ဟာ အတော်ရက်စက်ယုတ်မာတဲ့မိန်းကလေးပဲ၊ ကျုပ်ကို သူတို့တင်မကဘူး၊ သိုင်းလောကအားလုံးက ရှုံမုန်းပြီး တိုက်ခိုက်ချင်လာအောင် မဟုတ်မမှန်တဲ့ သတင်းတွေ လွှင့်ခဲ့ကြသေးတယ်”

သူ အံကိုတင်းတင်းကြိတ်လိုက်သည်။

“ဒါပေမဲ့ ... ကျုပ် ဘာမှဂရုမစိုက်ဘူး၊ မင်း ဒီမှာနေခဲ့ ကျုပ်သွားမယ်”

ယွဲ့ဝါကျင်း လှပစွာပြုံးလျက် ခေါင်းခါယမ်းလိုက်သည်။

“ရှင့်မှာ ဒဏ်ရာရထားတယ်၊ နောက်ပြီး အဆိပ်ဖြေဆေးနှစ်လုံးတိုက်ထားလို့ သက်သာတယ်ဆိုပေမယ့် ရှင့်ပေါင်က ဒဏ်ရာ မသက်သာသေးဘူး၊ ဒါကြောင့် ကျွန်မပဲ သွားမယ်၊ ကျွန်မက မလာမချင်း၊ ရှင် ဒီနေရာက ဘယ်မှထွက်မသွားပါနဲ့”

ပြောပြီး ထွက်ခွာသွားသည်။

ဓားတစ်ချက်ခန်းချောင်သည် ခုတင်ပေါ်မှ ဆင်းကာ သူမနောက်မှ လိုက်ပါလာ၏။



“ခဏ”

ယွဲ့ဝါကျင်းသည် သူ၏ဟန့်တားသံကြောင့် ခြေလှမ်းရပ်တန့်ကာ ဦးခေါင်းလှည့်ကြည့်လိုက်၏။

ဓားတစ်ချက်ခန်းချောင် သက်ပြင်းတစ်ချက် ချလိုက်သည်။

“အင်း ... တကယ်ဆိုရင် ကျုပ်ရဲ့ဒုက္ခကို ကျုပ်ပဲ ခံစားသင့်တယ်၊ မင်း ကျုပ်အတွက် အန္တရာယ်ကြားမှာ ရုန်းကန်နေမယ့်အစား တခြားကို ထွက်သွားသင့်တယ်”

ယွဲ့ဝါကျင်း ပြုံး၍ ခေါင်းခါယမ်းသည်။

“ကျေးဇူးပြုပြီး နောက်တစ်ကြိမ် ဒီစကားမျိုး မပြောပါနဲ့၊ သေချာတာက လောကမှာရှိသမျှ လူအားလုံး ရှင့်ကို စွန့်သွားခဲ့ရင်တောင်မှ ကျွန်မ ရှင့်ကို ဘယ်တော့မှ မစွန့်လွှတ်နိုင်ဘူး”

ပြောပြီး တစ်လှမ်းချင်း ထွက်ခွာသွား၏။

ဓားတစ်ချက်ခန်းချောင် မည်သို့မျှ မတတ်နိုင်တော့ချေ။

တစ်လှမ်းချင်း လှမ်းထွက်သွားသော ယွဲ့ဝါကျင်း၏နောက်ကျောပြင်ကိုသာ ရီဝေသောမျက်ဝန်းအစုံဖြင့် ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ရလေတော့သည်။

❊

www.burmeseclassic.com

www.burmeseclassic.com



နေဝင်ဆည်းဆာချိန် ဖြစ်၏။

သို့သော် ...

နှင်းမြူများ ထူထပ်စွာကျဆင်းနေသဖြင့် ဆည်းဆာနေ ရောင်အား မှုန်ရီဝိုးတဝါးမျှသာ တွေ့မြင်နေရ၏။

ဓားတစ်ချက်ခန်းချောင်သည် နှင်းများထူထပ်စွာကျဆင်း နေသော အိမ်ပျက်ရှေ့ရှိ လမ်းကလေးအား စူးစိုက်၍ စိုက်ကြည့်နေ လေသည်။

သူ၏မျက်လုံးသည် တစ်စုံတစ်ယောက်အား စောင့်မျှော်နေ သည့် ဟန်မူရာများ အထင်းသားပေါ်လွင်နေသည်။

မှန်ပါသည်။

သူသည် ယွဲ့ဝါကျင်း စတင်ထွက်ခွာချိန်မှစ၍ ယခုအချိန်ထိ ဤနေရာမှ စောင့်မျှော်နေခဲ့ခြင်း ဖြစ်၏။

သူ၏ပေါင်မှ ဓားဒဏ်ရာသည် ကြာရှည်ရပ်တန့်နေသည့် အတွက် တစစ်စစ် နာကျင်ကိုက်ခဲနေသည်။

သို့သော် ...

မိမိ၏နာကျင်ကိုက်ခဲနေသည့် ဓားဒဏ်ရာအား ငုံ့ကြည့်၍



ပင် မကြည့်ခဲ့ပါ။

သူ့ရင်ထဲမှ ယွဲ့ဝါကျင်းအတွက် စိုးရိမ်ပူပန်ရလွန်းသဖြင့် မိမိခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာကိုပင် ဂရုမစိုက်နိုင်တော့ပေ။

သူသည် နှင်းပွင့်မြို့ထဲသို့ဝင်ကာ ယွဲ့ဝါကျင်းအား လိုက်ရှာ ရန် အကြိမ်ကြိမ်စဉ်းစားမိ၏။

သို့ရာတွင် သူ ဤနေရာမှ တစ်ဖဝါးမျှ မသွားခဲ့မိပါချေ။

အကြောင်းကား ...

ယွဲ့ဝါကျင်း အိမ်ပျက်ထဲမှ မထွက်ခွာမီက မှာကြားခဲ့သော စကားကို အကြိမ်ကြိမ် ပြန်လည်ကြားယောင်နေမိသောကြောင့် ဖြစ် ၏။

"ရှင့်မှာ ဒဏ်ရာရထားတယ်၊ နောက်ပြီး အဆိပ်ပြေဆေး နှစ်လုံး တိုက်ထားတယ် ဆိုပေမယ့် ရှင့်ပေါင်က ဒဏ်ရာမသက်သာ ဘူး၊ ဒါကြောင့် ကျွန်မပဲ သွားမယ်၊ ကျွန်မ မလာမချင်း ရှင်ဒီနေရာက ဘယ်မှမသွားနဲ့"

သူမ၏စကားများသည် သူ၏ဦးနှောက်ထဲ၌ သံမှိုများပမာ စွဲမြဲနေလေသည်။

သူသည် သက်ပြင်းတစ်ချက်ချရင်း မိမိကိုယ်မိမိ ပထမဦး ဆုံးအကြိမ်အဖြစ် ပြန်လည်ဆန်းစစ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ...

နေလကျေးရွာသခင်ကြီးတု၏ကျေးဇူးကြောင့် သိုင်းလော
ကတွင် ဓားတစ်ချက်ခန်းချောင်ဟူသော အမည်ဖြင့် လျှမ်းလျှမ်း
တောက် ကျော်ကြားခဲ့သည်။

ယင်းကျော်ကြားမှုကြောင့် သူ၏လူငယ်မာနသည် နေလ
ကျေးရွာသခင်ကြီးတု၏အမိန့်မှလွဲ၍ အခြားမည်သူတစ်ဦးတစ်
ယောက်အမိန့်ကိုမှ မနာခံအောင် မာနကြီးခဲ့၏။

နေလကျေးရွာသခင်ကြီးတုနှင့် နေလကျေးရွာလုပ်ကြံ
ရချိန်တွင် သူ၏စိတ်သည် ခံပြင်းခြင်း၊ နာကြည်းခြင်း၊ ခက်ထန်ကြမ်း
တမ်းခြင်းများဖြင့်သာ ပြည့်နှက်သွား၏။

ထို့ကြောင့် ...

သိုင်းလောကထဲသို့ ဓားတစ်လက်ဖြင့် လှည့်လည်ရင်း
နေလကျေးရွာအား လုပ်ကြံသည်ဟု သံသယရှိသူများနှင့် မိမိအား
တစ်စုံတစ်ရာ ထိပါးလာသူများကို ပြတ်သားစွာ ရှင်းလင်းခဲ့၏။

သို့ရာတွင် ...

မိမိအား ကိုယ်တိုင်ကိုယ်ကျ အဆိပ်ခတ်ခဲ့သော ယွဲ့ဝါကျင်း
အား သတ်ဖြတ်ရန်အရေးတွင် သူ၏ခန္ဓာကိုယ်မှ ခွန်အားဖြင့် ပြတ်
သားမှုတို့သည် လွင့်စဉ်ပျောက်ကွယ်သွားခဲ့သည်။



ငင်းအပြင် ...

ယွဲ့ဝါကျင်း တစ်စုံတစ်ရာ ထိခိုက်နာကျင်သွားမည်ကိုပင်
စိုးရိမ်ထိတ်လန့်နေမိသေး၏။

ဤမျှမကသေးပါ။

ယွဲ့ဝါကျင်း မှာကြားခဲ့သော စကားကိုပင် လွန်ဆန်ဝံ့သော
သတ္တိမရှိပါချေ။

သူသည် ယင်းသို့ စဉ်းစားနေစဉ် ...

ရုတ်တရက် ...

နှင်းမြူများကြားမှ ဘုံကျောင်းပျက်ဆီသို့ ဦးတည်လျှောက်
လာနေသော အရိပ်တစ်ခုကို တွေ့မြင်လိုက်ရ၏။

ထိုလူရိပ်အား တွေ့မြင်လိုက်သည်နှင့် ဓားတစ်ချက်ခန်း
ချောင်၏မျက်လုံးများ ဝင်းလက်တောက်ပသွားသည်။

အကြောင်းကား ...

ထိုလူရိပ်သည် သူစိုးရမ်ပူပန်ခြင်းကြီးစွာဖြင့် စောင့်မျှော်
နေရသော ယွဲ့ဝါကျင်း ဖြစ်နေသောကြောင့်ပင်။

❋

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝါကျင်းသည် အထုပ်အပိုးများနှင့် အိမ်ပျက်ထဲသို့ လှမ်းဝင်လိုက်၏။

သူမသည် ဓားတစ်ချက်ခန်းချောင်အား အိမ်ဝ၌ ရပ်နေခြင်းကို တွေ့မြင်ရသောအခါ မျက်ခုံးအစုံမှာ နဖူးပေါ်သို့ ပင့်တက်သွားသည်။

"အဲဒီလောက် ... နှင်းတွေအေးနေတာကို ဘာဖြစ်လို့ အိမ်ထဲမှာ မနေတာလဲ"

ဓားတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်လိုက်သည်။

"မင်းတောင်မှ ကျုပ်အတွက် နှင်းမြူတွေကြားမှာ လမ်းလျှောက်နေတာပဲ၊ ကျုပ် ဒီနေရာက စောင့်နေတာဟာ မပြောပလောက်ပါဘူး"

ယွဲ့ဝါကျင်း၏ရင်ထဲတွင် နွေးထွေးသောခံစားမှုတစ်ခုကို ခံစားလိုက်ရသည်။

လှပစွာပြုံးလျက် ဓားတစ်ချက်ခန်းချောင်၏လက်မောင်းတစ်ဖက်အား ဖေးမလိုက်၏။

"ဒါဆိုရင်လည်း အခုချိန် ကျွန်မ ပြန်ရောက်လာပြီပဲ အိမ်ထဲဝင်ကြရအောင်"



ဓားတစ်ချက်ခန်းချောင် ခေါင်းညိတ်လိုက်သည်။

ယင်းနောက် သူသည် ယွဲ့ဝါကျင်းနှင့်အတူ အိမ်ပျက်ထဲသို့ ဝင်ခဲ့ကြလေတော့၏။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

နှင်းမြူများသည် ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံထား၏။

ထို့ပြင် ...

နှင်းမြူများသည် အမှောင်ထုကို လျှို့ဝှက်စွာ သယ်ဆောင်လာသေး၏။

ယင်းကြောင့် ...

နှင်းပွင့်မြို့၏တောင်ဘက်မြို့ပြင်ရှိ တောအုပ်လေးတစ်ခုလုံး အမှောင်ထု ထူထဲစွာ လွှမ်းခြုံသွားသည်။

သို့သော် ...

အိမ်ပျက်ကလေးထဲ၌မူ အလင်းရောင်လုံလောက်စွာ ရှိနေ၏။

ယွဲ့ဝါကျင်းသည် ဖယောင်းတိုင်တစ်တိုင်အား စားတစ်ချက်ခန်းချောင်ခုတင်နံဘေးရှိ စားပွဲခုံတစ်လုံးပေါ်တွင် ထွန်းညှိထားသောကြောင့် ဖြစ်၏။



မီးတိုင်မှထွက်ပေါ်နေသော အလင်းရောင်ကြောင့် ယွဲ့ဝါကျင်းသည် သစ်လွင်သပ်ရပ်သောဝတ်စုံကို ဝတ်ဆင်ထားလျက် ထမင်းပွဲပြင်ဆင်နေခြင်းကို တွေ့မြင်နေရ၏။

ယခု သူမသည် နတ်မိမယ်တမျှ ချောမောလှပနေ၏။

စားတစ်ချက်ခန်းချောင်သည် အသက်ရှူရန်ပင် မေ့လျော့နေသည့်အလား သူမအား မျက်တောင်မခတ် ငေးမောကြည့်နေမိ၏။

ထိုအချိန် ...

ယွဲ့ဝါကျင်းသည် အနီရောင်ဖယောင်းတိုင်နှစ်တိုင်ကို ထွန်းညှိလိုက်ပြီး မိမိအား ငေးကြည့်နေသော စားတစ်ချက်ခန်းချောင်အား သမင်လည်ပြန်လှည့်ကြည့်လိုက်သည်။

စားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်ပေါ်တွင် သစ်လွင်သော အဖြူရောင်ဝတ်စုံတစ်စုံဝတ်ဆင်ထား၏။

၎င်းပြင် ထိုအဖြူရောင်ဝတ်စုံပေါ်၌ အနီရောင်နှင်းဆီတစ်ပွင့် ထိုးစိုက်ထားလေသည်။

ယင်းကြောင့် သူ၏ဟန်မူရာသည် အလွန်အထက်တန်းကျကာ ချောမောခန့်ညားနေလေသည်။

အမှန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



ဤဝတ်စုံသည် ယွဲ့ဝါကျင်း ဝယ်ယူလာခြင်းဖြစ်၏။

သူမသည် အိမ်ထဲသို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဓား
တစ်ချက်ခန်းချောင်အား ထိုဝတ်စုံကို ဝတ်ဆင်စေလေသည်။

သူမကိုယ်တိုင် သစ်လွင်သောအဝတ်အစားများကို လဲလှယ်
ထားသေး၏။

သူမသည် ချောမောခန့်ညားသော ဓားတစ်ချက်ခန်းချောင်
အား အတန်ကြာအောင် ငေးမောကြည့်နေပြီးမှ ပြုံး၍ လက်ယပ်
ခေါ်လိုက်၏။

"ရှင် ဘာလုပ်နေတာလဲ ... လာထိုင်လေ"

ဓားတစ်ချက်ခန်းချောင်သည် သတိကင်းလွတ်နေသူပမာ
သူမအား ငေးမောကြည့်နေရာမှ စားပွဲတွင် ဝင်ရောက်ထိုင်ချလိုက်
သည်။

"ဝါကျင်း ... မင်း ဘာလုပ်နေတာလဲ"

ယွဲ့ဝါကျင်းသည် လှပစွာ ပြုံးလိုက်၏။

"ကျွန်မ လက်ထပ်မလို့လေ"

ဓားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွား
သည်။

"လက်ထပ်မလို့ ... ဟုတ်လား"



ယွဲ့ဝါကျင်း ပြုံးလျက် ခေါင်းညိတ်ပြလိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား မျက်မှောင်ကြုတ်
ကာ ကြည့်၏။

"ဘယ်သူနဲ့လဲ"

ယွဲ့ဝါကျင်း စကားမပြောပါ။

အနီရောင်ဖယောင်းတိုင်မီးအား စိုက်ကြည့်နေ၏။

အတန်ကြာမှ ...

"ရှင်နဲ့"

ဟု တစ်ခွန်းချင်း ပြောလိုက်လေတော့သည်။

❋

ဓားတစ်ချက်ခန်းချောင်၏မျက်ခုံးအစုံ နဖူးပေါ်သို့ မြင့်
တက်သွားသည်။

သူ၏မျက်လုံးများ ပြူးကျယ်၍ ဝိုင်းစက်သွားသည်။

ယွဲ့ဝါကျင်းသည် အံ့သြစွာကြည့်နေသော ဓားတစ်ချက်ခန်း
ချောင်အား တစ်ချက်လှမ်းကြည့်ကာ ခေါင်းငုံ့ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ကျွန်မကို အထင်သေးသွားပြီ ထင်တယ်"

ဓားတစ်ချက်ခန်းချောင်သည် ခေါင်းသွင်သွင် ခါယမ်းလိုက် ၏။

"ဟာ ... မဟုတ်ပါဘူး"

ဓားတစ်ချက်ခန်းချောင်သည် ဦးခေါင်းကိုမော့ကာ သက် ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... အမှန်အတိုင်းပြောရရင် ကျုပ်ရင်ထဲမှာလည်း မင်းလိုဆန္ဒမျိုး ရှိနေပါတယ်၊ ဒါပေမဲ့ ... ကျုပ်က ဓားသွားပေါ်က လူတစ်ယောက်ပါ၊ ဒါကြောင့်"

ယွဲ့ဝါကျင်း ပြုံး၍ခေါင်းမော့ကြည့်ကာ စကားဖြတ်ပြော လိုက်၏။

"ဒါ့ကြောင့် ကျွန်မ မစောင့်နိုင်တော့ဘူး၊ မသေခင်မှာ ပျော် ပျော်ရွှင်ရွှင် နေသွားချင်တယ်"

ဓားတစ်ချက်ခန်းချောင်သည် ထိုင်ရာမှထကာ ပြတင်း ပေါက်ဆီသို့ လျှောက်သွားပြီး အပြင်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

"ခက်တာက ... နေလကျေးရွာသခင်ကြီးတုန်း နေလကျေး ရွာကို လုပ်ကြံတဲ့ရန်သူတွေကို မဖော်ထုတ်သေးခင် ကျုပ် လက်ထပ် လို့ မဖြစ်သေး ..."



သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အကြောင်းကား ...

ယွဲ့ဝါကျင်းထံမှ ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာခြင်းကို ကြား လိုက်ရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဓားတစ်ချက်ခန်းချောင်သည် သူမထံသို့ ပြန် လည်လျှောက်လာကာ ပခုံးနှစ်ဖက်ကို အသာအယာဆုပ်ကိုင်လိုက် ၏။

ယင်းနောက် ...

ယွဲ့ဝါကျင်း၏မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် ညင်သာ စွာ ဆွဲမော့လိုက်သည်။

ယွဲ့ဝါကျင်း၏ မျက်ဝန်းအိမ်ထဲ၌ မျက်ရည်စများ တွဲခိုနေ ၏။

ဓားတစ်ချက်ခန်းချောင်သည် သူမမျက်နှာအား မြတ်နိုး တွယ်တာစွာဖြင့် ငေးမောကြည့်နေလေသည်။

အတန်ကြာမှ ...

သူက ယွဲ့ဝါကျင်းအား ပြုံးလိုက်သည်။

နူးညံ့နွေးထွေးသော အပြုံးဖြစ်၏။

"ဝါကျင်း ... အချစ်ဆိုတာကို ကျုပ် လက်တွေ့သိခဲ့ရပြီ"

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝါကျင်း၏မျက်ရည်များဖြင့် ရစ်ဝဲနေသော မျက်ဝန်းအစုံမှာ ရွှန်းလက်တောက်ပလာလေသည်။

သူမသည် ...

ခါးတစ်ချက်ခန်းချောင် ဆက်ပြောလာမည့်စကားအား မျှော်လင့်ကြီးစွာဖြင့် စောင့်မျှော်နေ၏။

ခါးတစ်ချက်ခန်းချောင်သည် သူမ၏မျက်နှာကို စိုက်ကြည့်ကာ အတန်ကြာမှ စကားဆက်လိုက်သည်။

“တကယ်တော့ ... ချစ်ခြင်းမေတ္တာဆိုတာ ကိုယ်ချစ်တဲ့လူကို ဆုံးရှုံးရမှာ၊ ခွဲခွာရမှာ စိုးရွံ့ကြောက်လန့်ခြင်းနဲ့ ကိုယ်ချစ်တဲ့လူရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးလိုမှုပဲ”

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံ မျက်ရည်များ သွင်သွင်စီးကျလာလေသည်။

ယင်းနောက် ...

ခါးတစ်ချက်ခန်းချောင်၏ရင်ခွင်ထဲသို့ ဦးခေါင်းကိုတိုးကာ ညင်သာတိုးညင်းစွာ ငိုရှိုက်လိုက်လေတော့သည်။

❊



နှင်းများ ထူထပ်စွာကျနေ၏။

နေရောင်ခြည်ကိုပင် မမြင်ရပါ။

ခါးတစ်ချက်ခန်းချောင်နှင့် ယွဲ့ဝါကျင်းတို့သည် ပျားရည်ဆမ်းခရီးကို မိမိတို့၏အခန်းထဲ၌ပင် သတ်မှတ်လိုက်လေတော့သည်။

❊

နှင်းများသည် ပို၍သိပ်သည်းလာ၏။

အမှောင်ထုသည် ဝန်းကျင်အား ဝါးမျိုလိုက်သည်။

ပြင်ပအေးစိမ့်သောဒဏ်သည် အိပ်ခန်းအတွင်းသို့ပင် စိမ့်၍ဝင်ရောက်လာသည်။

သို့သော် ...

ခါးတစ်ချက်ခန်းချောင်နှင့် ယွဲ့ဝါကျင်းတို့၏အခန်းသည် နွေးထွေးနေ၏။

မေတ္တာဓာတ်သည် ပူလောင်ခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေး၍ နှလုံးသားကို ကြည်နူးနှစ်သိမ့်မှု ရှိစေသည် မဟုတ်ပါလော။

❊ ❊ ❊



## အခန်း (၂၀)

ညဥ့်နက်သန်းခေါင်ယံအချိန် ဖြစ်သည်။

ဓားတစ်ချက်ခန်းချောင်သည် ယွဲ့ဝါကျင်းအား သိုင်းဖက်ထားရင်း နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

သို့သော် ...

ယွဲ့ဝါကျင်း အိပ်မပျော်နိုင်သေးပါ။

ခန္ဓာကိုယ်တစ်ခုလုံး ပုရွက်ဆိတ်များစွာ ကိုက်ခဲနေသည့်အလား ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသည် မဟုတ်ပါလော။

နဖူးပြင်မှ ချွေးသီးချွေးပေါက်များကျသည့်အထိ နာကျင်နေသော်လည်း တုတ်တုတ်မျှမလှုပ်မိအောင် ကြိုးစားနေ၏။

ဓားတစ်ချက်ခန်းချောင် နိုးသွားမည်ကိုစိုးရွံ့သောကြောင့် ဖြစ်သည်။

သို့သော် ...

သူမ ကြာရှည်ထိန်းသိမ်းနိုင်စွမ်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်းလျက် ချောင်းတဟွတ်ဟွတ် ဆိုးလာ၏။

"အဟွတ် ... ဟွတ်"

ဓားတစ်ချက်ခန်းချောင်သည် သူမ၏ချောင်းဆိုးသံကြော ငေါက်ခနဲ ထထိုင်လိုက်သည်။

ယင်းနောက် ... ခုတင်ဘေးရှိ စားပွဲပေါ်မှ မီးတိုင်အ မီးထွန်းညှိလိုက်၏။

မီးတိုင်မှမီးရောင်ကြောင့် ယွဲ့ဝါကျင်း၏ခန္ဓာကိုယ်တစ်ခု တဆတ်ဆတ်တုန်ခါနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူ၏ရင်ထဲ၌ အကြီးအကျယ် ထိတ်လန့်သွားသည်။

"ဝါကျင်း ... မင်း ... မင်း ဘယ်လိုဖြစ်တာလဲ"

ပြောရင်း ယွဲ့ဝါကျင်းအား ပွေ့ချီလိုက်သည်။

ယွဲ့ဝါကျင်းသည် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန် နေ၏။

"ခန်းချောင် ... ရှင် ... ရှင် ကျွန်မကြောင့် အိပ်ရေးပျက် ပြီ"

ဓားတစ်ချက်ခန်းချောင် ခေါင်းခါယမ်းလိုက်သည်။

"ဝါကျင်းရယ် ... မင်း ဘာတွေပြောနေတာလဲ၊ မင်းဟာ ကျုပ်မိန်းမ၊ မင်းအတွက် ကျုပ် အသက်တောင် စွန့်ပုံတယ်၊ အိပ်ရေ



ပျက်တာလောက်ကို ပြောမနေစမ်းပါနဲ့"

ယွဲ့ဝါကျင်းသည် ဝေဒနာကြားမှ ကျေနပ်စွာပြုံးလျက် ...

"ခန်းချောင်ရယ် ... ကျွန်မတို့နှစ်ယောက်ရဲ့ ဖူးစာဟာ တိုတောင်းပေမယ့် အလှပဆုံးနဲ့ ပျော်ရွှင်စရာအကောင်းဆုံးပါ၊ ဒါကြောင့် ကျွန်မ သေပျော်ပါတယ်"

ဓားတစ်ချက်ခန်းချောင် ဦးခေါင်းကို သွင်သွင်ခါယမ်းလိုက်၏။

"မင်း ဘာဖြစ်လို့ သေစကားတွေချည်း ပြောနေတာလဲ၊ မင်း ကျန်းမာရေးမကောင်းရင် မနက်ဖြန် ဘယ်လောက်နှင်းကျပါစေ ဒီနေရာကထွက်ပြီး အကောင်းဆုံးသမားတော်နဲ့ ဆေးကု"

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အကြောင်းကား ...

ယွဲ့ဝါကျင်း၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာခြင်းကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူသည် ယွဲ့ဝါကျင်းအား ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ဒါ ... ဒါ ... အရိုးဆွေးအဆိပ်"

ယွဲ့ဝါကျင်း သူ၏မျက်နှာအား စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခန်းချောင် ... ကျွန်မ သေရင် ဘယ်သူ့လက်ချက်ဖြ
မလဲ"

မားတစ်ချက်ခန်းချောင် အံကိုတင်းတင်းကြိတ်လိုက်၏။

"ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်ရဲ့လက်ချက်ပေ့ါ"

ယွဲ့ဝါကျင်း ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"မဟုတ်ဘူး ... ကျွန်မရဲ့ကံကြမ္မာ မကောင်းလို့ပါ"

မားတစ်ချက်ခန်းချောင် ခေါင်းသွင်သွင်ခါယမ်းလိုက်သည်

ယွဲ့ဝါကျင်းသည် သူ၏လက်အား ဆုပ်ကိုင်လိုက်သည်။

"ကျွန်မ မသေခင် ... ကျွန်မရင်ထဲက ပြောချင်တာေ
ပြောခဲ့ပါရစေ"

မားတစ်ချက်ခန်းချောင် စကားမပြောနိုင်တော့ပါ။

ယွဲ့ဝါကျင်းအား မျက်ရည်များ ရစ်ဝဲနေသော မျက်ဝန်းအ
ဖြင့် ငေးမောကြည့်နေမိလေသည်။

ယွဲ့ဝါကျင်း၏မျက်နှာသည် သွေးရောင်ဖျော့တော့နေသ
ဟု စိတ်ထဲ၌ ထင်လိုက်မိသည်။

ထို့ပြင် ခန္ဓာကိုယ်တစ်ခုလုံး အေးစက်လာသည်ဟု ခံစ
လိုက်ရ၏။

ယွဲ့ဝါကျင်းသည် သူမအား စိုက်ကြည့်ကာ ဖြည်းညင်းစ



ပြောလိုက်၏။

"ခန်းချောင် ... ကျွန်မ သေသွားရင် ကြေးဝါရောင်မျက်နှာ
ဖုံးပိုင်ရှင်ကို ကလဲ့စား ... ကလဲ့စား မချေနဲ့နော်"

မားတစ်ချက်ခန်းချောင်သည် သူမအား တင်းကျပ်စွာ သိုင်း
ဖက်ထားလိုက်သည်။

"မင်း ဘာတွေပြောနေတာလဲကွာ"

ယွဲ့ဝါကျင်း ယဲ့ယဲ့ပြုံးလိုက်သည်။

မျက်နှာသည် ပို၍ဖြူရော်လာ၏။

ခန္ဓာကိုယ်မှာလည်း ပိုမို၍ အေးစက်လာသည်။

သူမသည် မျက်ရည်များ ရစ်ဝဲသော မျက်လုံးအစုံဖြင့် မား
တစ်ချက်ခန်းချောင်အား မော့ကြည့်ကာ ...

"ကျွန်မ ... ကျွန်မ ... တစ်ခုပဲ ဝမ်းနည်းတယ်ရှင့်၊ ရှင့်
အတွက် ကလေးတစ်ယောက်မှ မွေးပေးခွင့်မရခဲ့တာပဲ"

မားတစ်ချက်ခန်းချောင်သည် သူမအား တင်းကျပ်စွာ သိုင်း
ဖက်ထားရင်း မျက်ရည်များ စီးကျလာ၏။

သူ၏မျက်ရည်စက်တို့သည် ယွဲ့ဝါကျင်း၏ပါးပြင်ပေါ်သို့
ကျရောက်သွားသည်။

ယွဲ့ဝါကျင်းသည် ဝေဒနာခံစားနေရသော်လည်း တော်နပ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်၏။

"ရှင် ဘာဖြစ်လို့ ငိုတာလဲ၊ ကိုယ့်ချစ်သူရင်ခွင်မှာ သေခွင့်ရတာကိုပဲ ကျွန်မ ကျေနပ်တာပါ"

သူမသည် ယင်းသို့ပြောနေသော်လည်း မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား တင်းကျပ်စွာ သိုင်းဖက်ထားရင်း ရင်ထဲ၌ ရှုံးရှုန်ာကျင်လာသည်။

ခေါင်းသွင်သွင်ခါယမ်းကာ ရုတ်တရက် အော်ဟစ်လိုက်၏။

"မင်း မသေရဘူး ... မင်း မသေရဘူး"

သူ၏အသံသည် ရှုံးရှုံကျယ်လောင်လှသည်။

သို့သော် ...

ယွဲ့ဝါကျင်းတစ်ယောက် ကြားနိုင်တော့မည် မဟုတ်ပါ။

သူမ၏ဝိညာဉ်သည် သူမခန္ဓာကိုယ်မှ ဖယ်ခွာသွားခဲ့ပြီ မဟုတ်ပါလော။

❋ ❋ ❋



အခန်း (၂၁)

"မင်း မသေရဘူး၊ မင်း မသေရဘူး"

ဓားတစ်ချက်ခန်းချောင်သည် ယွဲ့ဝါကျင်း၏ခန္ဓာကိုယ်အား တင်းကျပ်စွာ သိုင်းဖက်ရင်း အရူးတစ်ယောက်ပမာ အကြိမ်ကြိမ် အော်ဟစ်နေ၏။

သူ၏မျက်ဝန်းအိမ်မှ စီးဆင်းကျလာသော မျက်ရည်များသည် ယွဲ့ဝါကျင်း၏မျက်နှာပေါ်သို့ အဆက်မပြတ် စီးဆင်းကျနေလေသည်။

ယင်းအချိန် ...

ရုတ်တရက် အဝေးဆီမှ မိန်းကလေးတစ်ယောက်၏အသံ တစ်သံကို ကြားလိုက်ရ၏။

"ပန်းသခင်မ

အလှမာန်ဝင့် ... သိုင်းဟန်တင့်

www.burmeseclassic.com

www.burmeseclassic.com



သခင့်ရင်ခွင် ... နားမညည်းပြင်

ကြင်သူချေဆင့် ... ပန်းကြွေလွင့်ပြီ"

အသံသည် စူးရှတုန်ခါနေ၏။

သို့သော် ချိုလွင်ကြည်လင်၍ ဆွဲဆောင်မှုရှိလှပေသည်

သို့ရာတွင် ဓားတစ်ချက်ခန်းချောင်သည် ထိုအသံကြားလိုက်

သည်နှင့် တစ်ပြိုင်နက် မျက်နှာမှာ ကြောက်မက်ဖွယ်ရာကော

အောင် အေးစက်တင်းမာလာ၏။

ယင်းအချိန်မှာပင် ...

အသံရှင်သည် အိမ်ကလေးထဲသို့ ရောက်လာသည်။

သူမသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ အဖြ

ရောင်ဇာပဝါအား မျက်နှာဖုံးအုပ်ထားသဖြင့် မျက်နှာကို မမြင်ရပေ

ဓားတစ်ချက်ခန်းချောင်သည် ယွဲ့ဝါကျင်းအား တင်းကျပ်စွာ

သိုင်းဖက်ထားရင်း သူမအား စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်

နေ၏။

ထိုစဉ် ...

မိန်းကလေးသည် မယုံကြည်နိုင်သော အသံဖြင့် ...

"အို ... ဒီလောက်ငယ်ငယ်ရွယ်ရွယ်နဲ့ လှပတဲ့မိန်းကလေ



က ဘယ်လိုကံကြမ္မာနဲ့ သေဆုံးရတာပါလိမ့်"

ဓားတစ်ချက်ခန်းချောင်၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါနေ

သည်။

"မင်းက ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်နဲ့ ဘယ်လိုပတ်

သက်နေလဲ"

မိန်းကလေး ခေါင်းခါယမ်းလိုက်၏။

"ဒါ ရှင်သိစရာမလိုဘူး၊ ရှင်သိရမှာက စုရှိန်မှာ ကျွန်မကို

အကျည်းတန်လက်သခင်မအဖြစ်ပဲ သိသင့်တယ်"

ဓားတစ်ချက်ခန်းချောင် မျက်မှောင်ကြုတ်လိုက်သည်။

မိန်းကလေးသည် ခေါင်းတစ်ချက်ညိတ်ကာ အေးတိအေး

စက်ဖြင့် ပြောလိုက်၏။

"ဟုတ်တယ်"

ဓားတစ်ချက်ခန်းချောင် ပို၍မျက်မှောင်ကြုတ်လိုက်သည်။

"မင်းစကားက ... ဘာအဓိပ္ပာယ်လဲ"

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ဇာပဝါ

အောက်မှ သူ့အား စူးရှသော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်၏။

"ကျွန်မ အမြဲရွတ်နေတဲ့လင်္ကာလေးကို ရှင် မှတ်မိတယ်

မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင် စကားမပြောပါ။

သို့ရာတွင် သူသည် ထိုလက်ကလေးအား ကောင်းစွာ ကျ
မှတ်မိနေ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက စကား
ဆက်လိုက်သည်။

“ဒီလက်ကလေးက ကြားရသူအတွက် နားထောင်ကောင်
ချင်ကောင်းမယ်၊ ဒါပေမဲ့ ကျွန်မအတွက်တော့ အကျည်းတန်လက်
တစ်ပုဒ်ပါပဲ”

ဓားတစ်ချက်ခန်းချောင် ခေါင်းခါယမ်းလိုက်သည်။

“ကျုပ် ... ဒါတွေ စိတ်မဝင်စားဘူး”

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်
ညိတ်လိုက်၏။

“ဟုတ်လား၊ ဆိုပါဦး ... ရှင် ဘာကိုစိတ်ဝင်စားလဲ”

ဓားတစ်ချက်ခန်းချောင်သည် ယွန်းဝါကျင်းအား တစ်ချက် ငုံ
ကြည့်လိုက်သည်။

“မင်း သူ့ကို ဘာဖြစ်လို့ သတ်လိုက်တာလဲ”

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ပခုံးတစ်
ချက် တွန့်လိုက်၏။



“ဘုရားရေ ... ကျွန်မက သူ့ကိုသတ်တယ်ဟုတ်လား”

“မင်းရဲ့ အရိုးဆွေးအဆိပ်ကျွေးမှုကြောင့် သူသေဆုံးသွား
ရတာကို မင်း ညာချင်သေးလား”

“ကျွန်မ အရိုးဆွေးအဆိပ်ကျွေးခဲ့တာ မှန်ပေမယ့် သူ့ကို
မသတ်ခဲ့ပါဘူး”

ဓားတစ်ချက်ခန်းချောင်သည် သူမအား အေးစက်ခက်ထန်
သော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်၏။

“မင်း သေရမှာကြောက်လို့ ပြောင်ပြင်းနေတာလား”

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး အလွန်ရယ်
မောဖွယ်ကောင်းသော စကားတစ်ခုကို ကြားလိုက်ရသည့် အလား
အားပါးတရ ရယ်မောလိုက်သည်။

“ခစ် ... ခစ် ... ခစ် ကျွန်မကသာ သေရမှာကို ကြောက်
တတ်ရင် ဒီကိုလာပါ့မလား”

ဓားတစ်ချက်ခန်းချောင်၏မျက်ဝန်းအစုံတွင် နာကျင်ခံပြင်း
သော ဟန်မူရာများ ပေါ်လွင်လာ၏။

“ကောင်းပြီ ... ဒါဖြင့် ... သေဖို့သာပြင်ထား”

ပြောပြီး ယွန်းဝါကျင်းအား ခုတင်ပေါ်သို့ ဖြည်းညင်းစွာချ
လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းနောက် ... ခုတင်ပေါ်မှဆင်းကာ စားကိုတင်းကျပ်စွာဆုပ်ကိုင်ရင်း အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးထံသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

"ဘာလဲ ... ရှင် ကျွန်မကို သတ်မလို့လား"

စားတစ်ချက်ခန်းချောင် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က မင်းကိုမသတ်ခဲ့ရင် ကျုပ်သေတာတောင် မျက်လုံးမှိတ်နိုင်မှာ မဟုတ်ဘူး"

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ယွဲ့ဝါကျင်းအား ညွှန်ပြလိုက်လေသည်။

"ရှင် ... ကျွန်မကိုမသတ်ခင် သူ ဘာကြောင့်သေဆုံးရတယ်ဆိုတာ မသိချင်ဘူးလား"

စားတစ်ချက်ခန်းချောင်သည် သူ့အား အေးစက်တင်းမာသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"မင်းက ... သူ့ကို အရိုးဆွေးအဆိပ်တိုက်ခဲ့လို့ သေတာပဲ ကျုပ်က ဘာကိုသိရဦးမှာလဲ"

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မက သူ့ကို အရိုးဆွေးအဆိပ်တိုက်ခဲ့တာ မှန်ပေမယ့်



အဆိပ်ဖြေဆေးနှစ်လုံး ပေးခဲ့ပါတယ်"

စားတစ်ချက်ခန်းချောင် ခန္ဓာကိုယ်သည် မြွေဆိုးတစ်ကောင် အကိုက်ခံလိုက်ရသည့်အလား တုန်ခါသွားသည်။

"မင်း ... မင်းက သူ့ကို အဆိပ်ဖြေဆေးနှစ်လုံးပဲ ပေးခဲ့တယ် ဟုတ်လား"

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ရယ်မောလျက် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ကျွန်မက သူ့ကို အဆိပ်ဖြေဆေး နှစ်လုံးပဲ ပေးခဲ့ပါတယ်၊ ဒါကလည်း အများကြီးပေးရင် သူ ကျွန်မနဲ့ မဆက်သွယ်မှာစိုးလို့ပါ"

စားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင်ဖြစ်လာသည်။

"ဒါ ... ဒါဖြင့် ကျုပ်ကို သူတိုက်တဲ့ အဆိပ်ဖြေဆေးနှစ်လုံးက ..."

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ရှင့်ကို သူက မေတ္တာတရားကြီးမားလွန်းလို့ အဆိပ်ဖြေဆေးနှစ်လုံးစလုံးကို တိုက်ကျွေးခဲ့တယ်၊ [illegible]က

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားပြည့်ဝနေတဲ့ ရှင်ဟာ ဒီအဆိပ်ဖြေဆေးနှစ်လုံးကြောင့် ခန္ဓာကိုယ်ထဲက အဆိပ်တွေအားလုံး ပျောက်ဆုံးသွားပေမယ့် သူကတော့ လူ့သေဘဝရောက်သွားခဲ့တယ်လေ”

ဓားတစ်ချက်ခန်းချောင် သူမ၏စကားကြောင့် အသည်းနှလုံးများ အစိတ်အစိတ်အမြွှာမြွှာကြေသွားသည့်အလား ရင်ထဲ၌ စူးရှနာကျင်လာလေသည်။

ယွဲ့ဝါကျင်း၏ခုတင်ဘေးတွင် ဒူးထောက်ထိုင်ချကာ ခေါင်းသွင်သွင် ခါယမ်းလိုက်သည်။

“ဝါကျင်းရယ် ... မင်း ... မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ဘာဖြစ်လို့ ဒီလောက်အ,ရတာလဲကွာ”

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် သူ့အား ဓာပဝါအောက်မှ စူးရှသောမျက်ဝန်းအစုံဖြင့် ကြည့်ရင်း ရယ်မောလိုက်သည်။

“ခစ် ... ခစ် ... ခစ် ရှင် အသိနောက်ကျလေခြင်းဆိုပြီး ခံစားနေရသလား”

ဓားတစ်ချက်ခန်းချောင်သည် သူမအား လှည့်ပင်မကြည့်ပါ။

ယွဲ့ဝါကျင်းအား စိုက်ကြည့်ရင်း မျက်ရည်များ တသွင်သွင် ကျလာလေသည်။



ထို့ပြင် ...

ဦးခေါင်းတစ်ခုလုံးမှာလည်း တစစ်စစ်နာကျင် ကိုက်ခဲလာ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက သူ့အား အကဲခတ်ကြည့်ကာ အားပါးတရရယ်မောလိုက်၏။

“ခစ် ... ခစ် ... ခစ် ဘယ်လိုလဲ၊ ယွဲ့ဝါကျင်းက ဘယ်သူ့ကြောင့် သေဆုံးရတယ်ဆိုတာ သိပြီမဟုတ်လား”

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ခါလာလေသည်။

သူသည် စိတ်ထိခိုက်လွန်း၍ ယွဲ့ဝါကျင်း၏အလောင်းအား စိုက်ကြည့်ရင်း ခေါင်းတစ်ခုလုံး ချာချာလည်မူးဝေလာတော့သည်။

❊

လေတဟူးဟူး တိုက်ခတ်နေ၏။

တောင်ကုန်းပေါ်၌ ပို၍လေထန်နေသည်။

လေထဲတွင် ဓားတစ်ချက်ခန်းချောင်၏အင်္ကျီစများ ဖျပ်

www.burmeseclassic.com

www.burmeseclassic.com



ဖျပ်လွင့်မျောနေသည်။

သူသည် လက်ထဲ၌ ဓားတစ်လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက် မိမိရှေ့၌ရပ်နေသော အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးအား မမှိတ်မသုန် စိုက်ကြည့်နေ၏။

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးသည် ဓာပဝါအောက်မှ စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း အားပါးတရ ရယ်မောနေ၏။

ဓားတစ်ချက်ခန်းချောင်သည် ဓားကို အားကုန်လွှဲခုတ်လိုက်သည်။

အဖြူရောင်မိန်းကလေး၏ခန္ဓာကိုယ်သည် သူ့ဓားချက်ကြောင့် ထက်ခြမ်းပြတ်သွားလေသည်။

သို့သော် ...

ထက်ခြမ်းပြတ်သွားသော မိန်းကလေး၏ခန္ဓာကိုယ်ထဲမှ နောက်ထပ်အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးများ တစ်ယောက်ပြီးတစ်ယောက် ပွားထွက်လာကာ သူ့အား ဖမ်းချုပ်၍ ချောက်ကမ်းပါးထဲသို့ ပစ်ချလိုက်၏။

ရေခဲကဲ့သို့သော အေးစိမ့်သော အတွေ့အထိနှင့်အတူ မည်းမှောင်သော ချောက်ကမ်းပါးထဲသို့ ဦးစိုက်ပြောင်းပြန်ကျသွားလေ



သည်။

ယင်းအချိန် ...

ရုတ်တရက် သေးငယ်သော အလင်းရောင်တစ်ခုက ဓားတစ်ချက်ခန်းချောင်အား ဖမ်းချုပ်ဆွဲထားလိုက်၏။

ထိုသေးငယ်သော အလင်းရောင်သည် တဖြည်းဖြည်းကြီးမားလာပြီး တဖြည်းဖြည်း ပူလောင်လာသည်။

"အား"

ဓားတစ်ချက်ခန်းချောင် စူးရှစွာ အော်ဟစ်ရင်း သတိလစ်မေ့မြောနေရာမှ ပြန်လည်သတိရလာလေတော့သည်။

❋

ဓားတစ်ချက်ခန်းချောင်သည် ပြန်လည်သတိရလာပြီဖြစ်၏။

သူသတိရလိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်များသုတ်ရင်း သက်ကို ပင်ပန်းကြီးစွာ ရှိုက်ကာ ထွေ့ခိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းနောက် ယွဲ့ဝါကျင်း၏အလောင်းရှိရာ ခုတင်ဆီသို့ လှမ်းကြည့်လိုက်၏။

သူ၏မျက်လုံးပြူးကျယ်သွားလေသည်။

အကြောင်းကား ...

ခုတင်ပေါ်တွင် ယွဲ့ဝါကျင်း၏အလောင်းအား မတွေ့ရ သောကြောင့်ဖြစ်၏။

ဤသို့ဆိုလျှင် ..

ယွဲ့ဝါကျင်း၏အလောင်းသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

သူသည် ရုတ်တရက် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးအား အမှတ်ရမိလိုက်၏။

ယွဲ့ဝါကျင်း၏အလောင်းအား သူမ ယူဆောင်သွားခြင်း ဖြစ်မည်ဟုလည်း နားလည်လိုက်သည်။

သူ၏ရင်ထဲ၌ အလောင်းအား သူမ ယူဆောင်သွားခြင်းဖြစ်မည်ဟုလည်း နားလည်လိုက်သည်။

သူ၏ရင်ထဲ၌ နာကြည်းခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ခံပြင်းခြင်း စသောဝေဒနာများကို တစ်ပြိုင်နက် ခံစားလိုက်ရ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် ယွဲ့ဝါ



ကျင်း၏အလောင်းကိုအား ယူဆောင်သွားခြင်းမှာ မိမိအား သင်္ဂြိုဟ်ခွင့်မပြုဘဲ ပို၍စိတ်ဝေဒနာခံစားစေရန် ရက်ရက်စက်စက် ကလဲ့စားချေခြင်းပင် ဖြစ်သည်။

သူသည် ယွဲ့ဝါကျင်း၏လှုပ်ရှားနေပုံများကို ပြန်လည်မြင်ယောင်မိကာ မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာ၏။

တစ်ချိန်တည်းမှာပင် ...

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် အဘယ်ကြောင့် မိမိအပေါ် ဤမျှရန်ငြိုးကြီးနေပါသနည်းဟု စဉ်းစားနေမိ၏။

ထိုစဉ် ... သူ၏မျက်ဝန်းအစုံသည် ခုတင်ခေါင်းရင်းဘက်တွင် ရှိနေသော စာတစ်စောင်ကိုအား တွေ့မြင်လိုက်သည်။

၎င်းစာရွက်ပေါ်ရှိ စာအား ကမန်းကတန်း ကောက်ယူ၍ ဖတ်ကြည့်လိုက်၏။

စာရွက်ပေါ်တွင် ...

"ဓားတစ်ချက် ... အခုဆိုရင် ရှင့်မှာ အဆိပ်တွေကင်းစင်နေပြီ၊ ဒါကြောင့် ... ရှင်နဲ့ကျွန်မ ရန်ငြိုးတွေကို ရှင်းဖို့ လာမယ့်တစ်ရက်တစ်လပိုင်း ညသန်းခေါင်ယံအချိန်ကျရင် ဒီနေရာက စောင့်နေပါ"

ဟု ရေးသားထားလေသည်။

ဓားတစ်ချက်ခန်းချောင်သည် ထိုစာရွက်အား အစိတ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



အမြွှာမြွှာဖြစ်အောင်ဆုတ်ဖြဲလိုက်၏။

"မကောင်းဆိုးဝါးမ ... ငါစိတ်ကို အကြိမ်ကြိမ် နာကြည်းကြေကွဲစေတဲ့မိန်းမ၊ ယွဲ့ဝါကျင်းအလောင်းကို ငါကိုယ်တိုင် မြေမြှုပ်သင်္ဂြိုဟ်ရမှ ကျေနပ်မယ်၊ ငါ့ချစ်သူရဲ့အလောင်းကို ငါကိုယ်တိုင် မြေမြှုပ်သင်္ဂြိုဟ်မယ်"

သူသည် ရူးသွပ်နေသူတစ်ယောက်ပမာ အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

ယင်းနောက် ...

ခန္ဓာကိုယ်တစ်ခုလုံး ခွန်အားများ ဆုတ်ယုတ်လာသည့်အလား ပျော့ခွေကာ မျက်ရည်များ တသွင်သွင်စီးကျလာ၏။

အတန်ကြာမှ သူသည် ဝိုကြေးခြင်းကို ရပ်တန့်ကာ ဝုန်းခနဲ ထရပ်လိုက်သည်။

"ယွဲ့ဝါကျင်း ... ကျုပ် ... ကျုပ် သတိတစ်ချက်လစ်သွားတဲ့အချိန်လေးမှာ မင်း ကြေမွပြီး ပျောက်ကွယ်ခဲ့ရပြီ၊ ဒါဟာ အရှင်လတ်လတ်နဲ့ ကျုပ်ရဲ့နှလုံးသားကို မီးရှို့ခံရတာပဲ"

သူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ...

"ဘာပဲဖြစ်ဖြစ် ... ဒီအကျည်းတန်လက်ာသခင်မကို ရအောင်ရှာပြီး ကျုပ် အချစ်ရခဲ့ရမင်းကို ရအောင်သင်္ဂြိုဟ်မယ်၊ ပြီးရင်



မင်းလိုပဲ သူ့ကို ကြေမွပျောက်ကွယ်စေရမယ်"

ပြောပြီး အိမ်ပျက်ထဲမှ တစ်ဟုန်ထိုးပြေးထွက်သွားလေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

နေဝန်းနီများသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်၏။

မြူခိုးမြူနှင်းများသည် တစ်စထက်တစ်စ လွင့်ပါပျောက်ကွယ်စပြုနေပြီဖြစ်သည်။

ကောင်းကင်တစ်ခုလုံး မြူနှင်းများ ကင်းစင်လွင့်ပြယ်သွားသောအခါ ရာသီဥတုမှာ သာယာလှပေ၏။

အမှန်တွင် ...

ဟန်ကျိုးမြို့သည် ရာသီဥတုအပူအအေးမျှတသော မြို့ကလေးတစ်မြို့ဖြစ်သည် မဟုတ်ပါလော။

သို့သော် ...

ဤလောကကြီးထဲ၌ ဆန့်ကျင်သောအရာများသည် မရေတွက်နိုင်အောင် ရှိနေကြ၏။

ယင်းကြောင့် ...

ရာသီဥတုသာယာသော ဟန်ကျိုးမြို့ကလေးထဲ သို့ မျက်နှာ



ထားတင်းမာအေးစက်၍ သုန်မှုန်နေသော လူရွယ်တစ်ယောက်သည် ခြေထောက် ထော့နင်းထော့နင်းဖြင့် ဝင်ရောက်လာ၏။

ထိုလူရွယ်အား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဟန်ကျိုးမြို့၌ သွားလာလှုပ်ရှားနေသောလူများတို့သည် ရှုံ့ရှာမုန်းတီးခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း စသောဟန်မူရာများ ပေါ်လွင်လာကြ၏။

လူရွယ်ကမူ မည်သူ့ကိုမျှ ငဲ့စောင်း၍မျှ မကြည့်ပါ။

အေးစက်တင်းမာသော မျက်ဝန်းအစုံဖြင့် ရှေ့တူရှုသို့ စိုက်ကြည့်ရင်း တစ်လှမ်းချင်း လျှောက်လာလေသည်။

မကြာမီ ... သူသည် ဟန်ကျိုးမြို့လယ်ရှိ ကျားမင်းသိုင်းသင်တန်းကျောင်းရှေ့သို့ ရောက်ရှိလာ၏။

ယင်းတဒင်္ဂမှာပင် ...

လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသော လူများတို့သည် သိုင်းသင်တန်းထဲမှ ပြေးထွက်လာကြ၏။

ထို့နောက် ... သူတို့အားလုံးသည် လူရယ်အား ဝန်းရံထားလိုက်ကြလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသင်တန်းကျောင်းထဲမှ လူများတို့သည် လူရွယ်အား ဝန်းရံထားကြလေသည်။

လူရွယ်သည် ထိုလူများအား မျက်လုံးတစ်ချက်ဝေ့ကာ အကဲခတ်လိုက်၏။

"ခင်ဗျားတို့ ... ကျားမင်းသင်တန်းကျောင်းနဲ့ ကျုပ် ဓား တစ်ချက်ခန်းချောင် ဘာရန်ငြိုးရှိလို့လဲ"

"နေလကျေးရွာသခင်ကြီးတုကို လုပ်ကြံသွားတာဟာ ကျုပ်တို့ ကျားမင်းသိုင်းသင်တန်းကျောင်းနဲ့ ရန်ငြိုးရှိတာပဲ"

ယင်းအသံနှင့်အတူ လူများကြားမှ လူရွယ်တစ်ယောက် တိုး ထွက်လာ၏။

အသက်ခြောက်နှစ်မျှသာရှိဦးမည့် လူငယ်တစ်ယောက် ဖြစ်သည်။

ဓားတစ်ချက်ခန်းချောင်အား ထိုလူငယ်ကား တွေ့မြင်လိုက် သောအခါ အလွန်အံ့သြသွားသည်။

"မင်းက"

လူငယ်က သူ့အား စူးရှသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်



လိုက်၏။

"ကျုပ်က ... ကျားမင်းသိုင်းသင်တန်းကျောင်းက ဆရာကြီး မုကျင်းရဲ့သား 'မုလွေ' ပဲ. ကိုယ့်ရဲ့ မွေးစားအဖေကိုတောင်မှ လုပ်ကြံသတ်ဖြတ်တဲ့ လူယုတ်မာကို ကျုပ်တို့ ဟန်ကျိုးမြို့ထဲကို အဝင်မခံနိုင်ဘူး"

ဓားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံး ဒေါသကြောင့် နီရဲလာလေသည်။

သို့သော် ...

ခြောက်နှစ်သားအရွယ်ကလေးငယ်တစ်ယောက်နှင့် ယှဉ်ပြိုင်စကားပြောရမည့် အခြေအနေမျိုး အဖြစ်မခံနိုင်ပါချေ။

ယင်းကြောင့် လူအုပ်များကြားမှ တိုးထွက်ကာ ခရီးဆက်ရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်စမ်း"

မုလွေသည် အော်ငေါက်ဟန့်တားရင်း သူ့ထံသို့ ပြေးလွှား လာကာ သွားလမ်းကို ဟန့်တားလိုက်သည်။

ဓားတစ်ချက်ခန်းချောင် စိတ်ပျက်သွား၏။

လက်နက်ကိုယ်စီကိုင်ဆောင်ထားသော လူများအား ဦး ခေါင်းလှည့်ကြည့်ကာ အေးတိအေးစက်အသံဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျားမင်းသိုင်းသင်တန်းကျောင်းရဲ့ ဆရာမှုကျင်းဆိုတာ ကျုပ်ပဲ"

ဓားတစ်ချက်ခန်းချောင်ကို စကားပြောရန် ဟန်ပြင်လိုက်သည်။

မှုကျင်းက လက်ကာ၍ စကားဆက်လိုက်၏။

"ကျုပ်သားရဲ့အပြုအမူကို ဟန့်တားပေးဖို့ ပြောမလို့ မဟုတ်လား၊ ကျုပ်က သားသမီးကို မဆုံးမတတ်တဲ့ မိဘမျိုး မဟုတ်ပါဘူး၊ ဒါပေမဲ့"

ဓားတစ်ချက်ခန်းချောင် မျက်မှောင်ကုတ်လိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

မှုကျင်းက မဲ့ပြုံးပြုံးလိုက်၏။

"မင်းလို ကိုယ့်ရဲ့မွေးစားဖခင်ကိုတောင်မှ လုပ်ကြံသတ် ဖြတ်တဲ့လူမျိုးကို ကျုပ်သားက ဒီထက်ပြင်းထန်တဲ့ စကားလုံးမျိုး သုံးသင့်တယ်"

ဓားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ ခံပြင်းလာလေသည်။

ယခု သိုင်းလောကသားအားလုံးတို့သည် အကျည်းတန် အလက်ာသခင်မ၏မဟုတ်မမှန်သော သတင်းလွှင့်မှုအပေါ် အား လုံးယုံကြည်နေကြချေပြီ။



ထို့ကြောင့် ... သူ ရှင်းပြလျှင်လည်း ယုံကြည်မည် မဟုတ် ကြောင်း နားလည်လိုက်လေသည်။

သူ ယင်းသို့ နားလည်လိုက်သည်နှင့် တစ်ပြိုင်နက် မုလွေ အား ကွေ့ပတ်ကျော်ဖြတ်ကာ ခရီးဆက်ရန် ဟန်ပြင်လိုက်သည်။

ယင်းတဒင်္ဂလေးမှာပင် ...

မုလွေသည် သူ၏ဝမ်းဗိုက်ဆီသို့ ဦးတည်ကာ ဓားဖြင့် ထိုး သွင်းလိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် မချိပြုံးပြုံးလျက် လက်တစ် ချက် ဝှေ့ယမ်းလိုက်သည်။

'ဖြန်း'

ဓားပြားနှင့် သူ၏လက်ဝါးထိရိုက်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဝိုင်းအုံကြည့်နေကြသော ကျားမင်းသိုင်းသင်တန်းကျောင်း မှ သိုင်းသမားများတို့သည် မုလွေအတွက် စိုးရိမ်သွားကြ၏။

"ဆရာ ... သခင်လေးကို ပြန်ခေါ်ထားလိုက်ပါ၊ ကျွန်တော် တို့ သူနဲ့ ရင်ဆိုင်မယ်"

လူတစ်ယောက်က မှုကျင်းအား ဦးညွှတ်၍ ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



မုကျင်းက ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

"မလိုဘူး၊ နေလကျေးရွာသခင်ကြီးတုဟာ ငါ့ရဲ့မဟာမိတ်သိုင်းအစ်ကိုကြီးပဲ၊ သူ့အတွက် ကလဲ့စားချေတဲ့အရေးမှာ ငါနဲ့ငါ့သားပဲ ပတ်သက်မယ်"

သူက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"တကယ်လို့များ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ဓားတစ်ချက်ခန်းချောင်ဟာ ခြောက်နှစ်သားကလေးငယ်တစ်ယောက်ကို မညှာမတာ သတ်ဖြတ်ခဲ့မယ်ဆိုရင် သိုင်းလောကသားအားလုံးက သူ့ရဲ့သိက္ခာမဲ့မှုကို လက်ပိုက်ကြည့်နေကြမှာ မဟုတ်ဘူး"

ဓားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ ခဲများဆွဲထားသည့်အလား လေးလံလာမိလေသည်။

သိုင်းလောကသားအားလုံးသည် အကျည်းတန်လက်သခင်မ၏စကားကို ယုံစားကာ မိမိအပေါ် မုန်းတီးရွံရှာနေကြပြီဖြစ်၏။

ထို့ကြောင့် မုလွေ၏ဓာတ်ပြားအား လက်ဝါးနှင့်ရိုက်ထုတ်ပြီး ဤနေရာမှ အမြန်ဆုံးထွက်ခွာရန် ဟန်ပြင်လိုက်ကြသည်။

သို့သော် ...



မုလွေ၏တိုက်ခိုက်မှုမှာ ရပ်တန့်သွားခြင်း မရှိပါချေ။

ရတ်ခြည်းပင် ဓားတစ်ချက်ခန်းချောင်ရှေ့မှ ဝိတ်ဆို့ရပ်တန့်ကာ ဝမ်းဗိုက်သို့ ဓားဖြင့် ထိုးသွင်းလိုက်ပြန်သည်။

ဤတစ်ကြိမ် ဓားတစ်ချက်ခန်းချောင်သည် ခန္ဓာကိုယ်အားလေထဲသို့ ခုန်တက်လိုက်၏။

သူ၏ခြေထောက် မြေပြင်နှင့်ပြန်လည်ထိမိချိန်တွင် ပေါင်မှဒဏ်ရာသည် ပြင်းပြင်းထန်ထန် နာကျင်လာသည်။

မည်သို့ဆိုစေ ...

သူ၏လက်ညှိုးတစ်ချောင်းသည် မုလွေ၏ထုံကျဉ်သွေးကြောတစ်နေရာအား ထောက်လိုက်မိပြီး ဖြစ်သည်။

ယင်းတဒင်္ဂလေးမှာပင် ...

'ဗြိုး'

အရာဝတ္ထုတစ်ခုသည် လေထဲမှ အရှိန်ပြင်းစွာ လွင့်ပျံလာသံကို ကြားလိုက်ရ၏။

ဓားတစ်ချက်ခန်းချောင် ထိတ်လန့်သွားသည်။

မိမိအား မုကျင်းမှာ လက်နက်ပုန်းဖြင့် ပစ်ခတ်တိုက်ခတ်လာသည်ဟု ယူဆကာ နောက်သို့ ကျွမ်းပစ်ရှောင်တိမ်းလိုက်၏။

သို့ရာတွင် ...

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းသည် မိမိထံသို့ ဦးတည်လာခြင်းမဟုတ်ဘဲ မုလွေထံသို့ တိုးရွေ့သွားခြင်းကို တွေ့မြင်လိုက်ရသည်။

သူ၏ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွားကာ မုလွေအနီးသို့ ခုန်ပျံရောက်ရှိသွားကာ အကျီလက်စဖြင့် လက်နက်ပုန်းအား ခတ်ထုတ်လိုက်သည်။

သူလှုပ်ရှားမှုမှာ လျင်မြန်ပြီး တိကျလှပေသည်။

သို့သော် ...

လက်နက်ပုန်းသည် သူ၏လှုပ်ရှားမှုထက် ပို၍လျင်မြန်သော အရှိန်အဟုန်ဖြင့် မုလွေ၏လည်ပင်းသို့ စိုက်ဝင်သွား၏။

"အွန့်"

မုလွေသည် မပီမသညည်းညူသံနှင့်အတူ လည်ပင်းမှ သွေးများ ယိုစီးကျလာသည်။

ဓားတစ်ချက်ခန်းချောင်သည် ထိတ်လန့်သွားကာ မုလွေ၏ လည်ပင်းအား ငုံ့ကြည့်လိုက်သည်။

ရုတ်တရက် သူ့ခန္ဓာကိုယ်သည် မြွေဆိုးတစ်ကောင် အကိုက်ခံလိုက်ရသည့်အလား တုန်ခါသွားလေသည်။

အကြောင်းကား ...

မုလွေလည်တိုင်တွင် ချယ်ရီပန်းပုံပါသော ရွှေရောင်



တောက်ပနေသည့် ဆံထိုးတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ယင်းအချိန် ...

"မုလွေ ... သားလေး"

မုကျင်းသည် စိုးရိမ်တုန်လှုပ်စွာ အော်ဟစ်ရင်း မုလွေထံသို့ ပြေးလွှားရောက်ရှိလာသည်။

တစ်ဆက်တည်းမှာပင် ...

မုလွေ၏ခန္ဓာကိုယ်သည် ရုပ်သေးကြိုးပြတ်ပင် လဲကျသွား၏။

မုကျင်းက ကမန်းကတန်း ပွေ့ချီထားလိုက်သည်။

"မုလွေ ... မုလွေ"

သူသည် မုလွေ၏ခန္ဓာကိုယ်အား လှုပ်ခါ၍ခေါ်လိုက်သည်။ သို့ရာတွင် မုလွေတစ်ယောက် မကြားနိုင်တော့ပါ။

သူ၏ဝိညာဉ်သည် သူ့ခန္ဓာကိုယ်မှ ဖယ်ခွာသွားခဲ့ပြီ မဟုတ်ပါလား။

❋

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်သည် လျှပ်စီးလက်လိုက်သည့်အလား လျှင် မြန်လှပေသည်။

ဓားတစ်ချက်ခန်းချောင်သည် ကြက်သေသေကာ ရပ်နေ၏။

မုကျင်းသည် မုလွှ၏အလောင်းအား မြေပြင်ပေါ်သို့ချကာ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

ထို့နောက် ...

မုန်းတီးရွံရှာသော မျက်လုံးအစုံဖြင့် ဓားတစ်ချက်ခန်းချောင် အား စိုက်ကြည့်ကာ အော်လိုက်၏။

"ဓားတစ်ချက် ... မင်းဟာ သိုင်းလောကမှာ လျှမ်းလျှမ်း တောက်ကျော်ကြားနေပါလျက်နဲ့ ခြောက်နှစ်အရွယ် လူမမယ်လေး တစ်ယောက်ကိုတောင် သတ်ရက်သလား"

ဓားတစ်ချက်ခန်းချောင်သည် သူအော်ဟစ်သံကြောင့် အိပ် မက်ဆိုးလန့်နိုးလာသူပမာ ခန္ဓာကိုယ်တုန်ခါသွားလေသည်။

တစ်ဆက်တည်းမှာပင် ...

ဤအနီးတစ်ဝိုက်တွင် အကျည်းတန်လက်ဘပိုင်ရှင် ရောက် ရှိပြီဟု သက်ဝင်လာကာ ပတ်ဝန်းကျင်တစ်ခုလုံးအား မျက်လုံးဝေ့ ကြည့်လိုက်၏။



ယင်းတခဏလေး၌ ...

အဖြူရောင်လူရိပ်တစ်ခုသည် အခေါက်အအုံတစ်ခုကြား သို့ လှစ်ခနဲ ဝင်သွားခြင်းကို တွေ့မြင်လိုက်ရသည်။

"ရပ်လိုက်စမ်း"

ဓားတစ်ချက်ခန်းချောင်သည် စူးရှစွာ အော်ငေါက်ဟန့်တား ရင်း ပြေးလိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ... သူ၏ပြေးလမ်းအား ဓားတစ်ချက်က ဝိတ်ဆို့ တိုက်ခိုက်ကာ ဟန့်တားလိုက်လေသည်။

မုကျင်း၏ဓားဖြစ်သည်။

ဓားတစ်ချက်ခန်းချောင်သည် ကပျာကယာနောက်သို့ ခုန် ဆုတ်ကာ ရှောင်တိမ်းလိုက်၏။

မုကျင်းသည် သူ့အား နာကျင်ခြင်း၊ ရွံရှာမုန်းတီးခြင်း၊ ရက် စက်ခြင်း စသောဟန်မူပမာရှိသည့် မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက် လေသည်။

"လူယုတ်မာ ... မင်းက ကလေးတစ်ယောက်ကိုသတ်ပြီး ထွက်ပြေးဖို့ ညဏ်ဆင်ဖွံ့သလား"

ဓားတစ်ချက်ခန်းချောင် ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး၊ ကျုပ် ရှင်းပြပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



မုကျင်းက အော်ငေါက်လိုက်သည်။

"တိတ်စမ်း ... မင်းလောက် ရက်စက်ယုတ်မာတဲ့လူ ကျုပ်တို့က သိုင်းလောကရဲ့စည်းကမ်းကို ထိန်းစရာမလိုဘူး"

သူက လက်တစ်ချက်ဝှေ့ယမ်းကာ ...

"ဟေ့ ... ဒီလူယုတ်မာကို ဝိုင်းတိုက်ကြစမ်း"

"သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဓားဒဏ်ရာတစ်ချက်ရရင် မင်း သခင်လေးအတွက် တစ်ကြိမ်ဂါရဝပြုခြင်းပဲ"

သူ၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် ကျားမင်းသိုင်းသ တန်းမှ သိုင်းသမားများတို့သည် လက်နက်ကိုယ်စီဖြင့် ဓားတစ်ချ ခန်းချောင်အား ပြိုင်တူဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်

❋

အခြေအနေသည် ရုတ်ခြည်း ရှုပ်ထွေးသွား၏။

ကျားမင်းသိုင်းသင်တန်းကျောင်းဆရာကြီးမုကျင့် ဦးဆော သော သိုင်းသမားများတို့သည် ဓားတစ်ချက်ခန်းချောင်အား ပြ ပြင်းထန်ထန် ဝန်းရံတိုက်ခိုက်နေကြ၏။



သူတို့၏တိုက်ခိုက်မှုသည် တိကျမြန်ဆန်ပြီး စနစ်တကျ ရှိလှပေသည်။

သို့သော် ...

ဓားတစ်ချက်ခန်းချောင်သည် နေလကျေးရွာသခင်ကြီး၏ အထူးတီထွင်ထားသော နေလသိုင်းပညာများကို ကျွမ်းကျင်စွာ တတ်မြောက်ထားသည့် သိုင်းထိပ်သီးလူရွယ်တစ်ယောက်ဖြစ်၏။

ယင်းကြောင့် ဝန်းရံတိုက်ခိုက်သော လက်နက်များကြား လျှင်မြန်ပတ်ရှောင်တိမ်းရင်း ဓားရိုးဖြင့် တစ်ဖက်လူများ၏သွေး ကြောနေရာများအား ထောက်၍ ဝိတ်ဆို့နေလေသည်။

ထမင်းတစ်အိုးကျက်ခန့်ကြာသောအခါ ...

ကျားမင်းသိုင်းဆရာမုကျင်းနှင့် သိုင်းသမားများအားလုံး တို့သည် သွေးကြောပိတ်ခံရကာ ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ်တန့်သွားကြ၏။

ဓားတစ်ချက်ခန်းချောင်သည် ယခုမှ သက်ပြင်းတစ်ချက်ချ ကာ မုလွှေအား ကရုဏာသက်သော မျက်ဝန်းအစုံဖြင့်ကြည့်ရင်း ရှင်းပြလိုက်သည်။

"ဆရာမု ... ကျုပ် ဒီကလေးကို မသတ်ခဲ့ပါဘူးဗျာ"

မုကျင်းသည် သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်မယှက်

www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်နေရာမှ ရွံရှာမုန်းတီးသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်
၏။

"မားတစ်ချက် ... ကျုပ်သားက မင်းကို သခင်ကြီး
အတွက် ကလဲ့စားချေချင်လို့ မင်း သူ့ကိုသတ်လိုက်တာ ကျုပ်
အာဒလုံးမြင်တာပဲ၊ မင်း ဘာကိုလိမ်ချင်သေးတာလဲ"

မားတစ်ချက်ခန်းချောင် သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ကျုပ်ကသာ လူကိုသတ်ချင်တယ်ဆိုရင် ခင်ဗျာ
တို့အားလုံးဟာ အခုဆိုရင် လူသေတွေဖြစ်ကုန်ပါပြီ"

မုကျင်းသည် မဲ့ပြုံးပြုံးလိုက်သည်။

"သေတော့ကော ဘာဖြစ်သလဲ၊ မင်း အခုချက်ချင်း ကျုပ်
တို့ကို သတ်လိုက်ပါ၊ ကျုပ်တို့က သရဲဘဝရောက်ရင်တောင် မင်းလို
တိရစ္ဆာန်ကို အလွတ်မပေးဘဲ ကလဲ့စားချေမယ်ကွ"

မားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ ကျိတ်၍ ဂါရဝပြုလိုက်
သည်။

"ဆရာမ ... ခင်ဗျား အခုချိန်မှာ ကျုပ်က ဘယ်လိုရှင်းပြ
ပါစေ မယုံကြည်ဘူးဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမဲ့ ကျုပ်
တကယ်ပဲ မုလွေကို မသတ်ခဲ့ပါဘူး၊ တကယ်တော့ ကျုပ်ဟာ အင်
မတန်သေသပ်ပြီး ကြောက်စရာကောင်းတဲ့ ထောင်ချောက်တစ်ခုထဲ



ရောက်နေတာပါ၊ အခုလည်း ဆရာရဲ့သားကို အဲဒီလူ လက်နက်ပုန်း
ပစ်ခဲ့တာပါ"

မုကျင်း၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေသည်။

သူ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်စဉ် ...

အဝေးဆီမှ မိန်းကလေးတစ်ယောက်၏အသံက လွင့်ပျံ့လာ
လေသည်။

"ပန်းသခင်မ
အလှမာန်ဝင့် ... သိုင်းဟန်တင့်
သခင့်ရင်ခွင် ... နားမည့်ပြင်
ကြင်သူခြွေဆင့် ... ပန်းကြွေလွင့်ပြီ"

မုကျင်းသည် ထိုအသံကြောင့် မျက်မှောင်ကုတ်လျက်
အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။

မားတစ်ချက်ခန်းချောင်ကမူ ထိုအသံအား ကြားလိုက်ရ
သည်နှင့်တစ်ပြိုင်နက် မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေ
သည်။

"အကျည်းတန်လက်ာ"

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခနဲအော်ဟစ်ရင်း အသံလာရာသို့ ပြေးလွှားထွက်ခွာခဲ့လေတော့သည်။

❊ ❊ ❊



## အခန်း (၂၃)

ဓားတစ်ချက်ခန်းချောင်သည် အသံလာရာသို့ ပြေးလွှားထွက်ခွာသွားပြီဖြစ်၏။

ယခု ...

ဟန်ကျိုးမြို့၏မင်းလမ်းမပေါ်တွင် မုလွေ့တို့လူစုသာ ရှိနေကြလေသည်။

ဟန်ကျိုးမြို့သူမြို့သားများတို့သည် ဓားတစ်ချက်ခန်းချောင်နှင့်ကျောင်းမင်းသိုင်းသင်တန်းကျောင်းတို့ တိုက်ခိုက်နေကြခြင်းကို တွေ့မြင်လိုက်သည်နှင့်တစ်ပြိုင်နက် မိမိတို့အိမ်များ၊ တည်းခိုခန်းများနှင့် ဈေးဆိုင်များကိုပင်ပိတ်ကာ တိုက်ပွဲကို ရှောင်တိမ်းသွားကြသည် မဟုတ်ပါလော။

မုကျင်းသည် ဓားတစ်ချက်ခန်းချောင် ပြေးလွှားထွက်ခွာသွားသည့်နောက်သို့ လိုက်ကြည့်လိုသော်လည်း သွေးကြောပိတ်ခံထားရသဖြင့် မည်သို့မျှမတတ်နိုင်ဘဲ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိမိ၏မလှမ်းမကမ်းတွင် သွေးကြောပိတ်ခံထ[illegible] ရသော ကျားမင်းသိုင်းသင်တန်းကျောင်းမှ ဆရာများအား လှ[illegible] ကြည့်ကာ မျက်မှောင်ကုတ်၍ မေးလိုက်၏။

“မင်းတို့ သူပြောခဲ့တဲ့စကားကို ဘယ်လိုသဘောရကြ[illegible] လဲ”

သွေးကြောပိတ်ခံထားရသော ကျားမင်းသိုင်းသင်တ[illegible] ကျောင်းမှ သိုင်းဆရာများအနက် လက်ထောက်မှူးလီက တွေ[illegible] စဉ်းစားကာ ပြောလိုက်သည်။

“သူပြောတဲ့စကားတွေကို ကျုပ်တို့ မယုံချင်ဘူး”

ဒါပေမဲ့ ...

မုကျင်း သူ့အား စိုက်ကြည့်လိုက်သည်။

“ဒါပေမဲ့ ... ဘာဖြစ်သလဲ”

လက်ထောက်မှူးလီက ခေါင်းတစ်ချက်ခန်းချောင် ပြေး[illegible] ထွက်ခွာသွားရာသို့ လှမ်းကြည့်ကာ ...

“သူ့ပုံစံဟာ ဒဏ်ရာပြင်းပြင်းထန်ထန်ရထားတဲ့ ကျား[illegible] တစ်ကောင်လိုဖြစ်နေတယ်”

မုကျင်း အတန်ကြာစဉ်းစားကာ ...

“မင်းပြောတဲ့ အဓိပ္ပာယ်က သူဟာ တကယ်ပဲ လှပ[illegible]



သပ်တဲ့ ထောင်ချောက်ရောက်နေတယ်ပေါ့ ... ဟုတ်လား”

လက်ထောက်မှူးလီက စဉ်းစားခြင်းပင် မပြုဘဲ အဖြေပေး လိုက်၏။

“ဟုတ်ကဲ့”

မုကျင်းသည် သူ့အား စူးစမ်းသောမျက်လုံးအစုံဖြင့် ကြည့် လိုက်သည်။

“ဒါဖြင့် ... သူ့ကို လုပ်ကြံတဲ့လူက”

လက်ထောက်မှူးလီက ...

“ကျုပ်အထင်မမှားဘူးဆိုရင် အကျည်းတန်လက်ာပိုင်ရှင်ပဲ ဖြစ်ရမယ်”

မုကျင်း၏မျက်လုံးအစုံတွင် တွေဝေသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

“ဒါဆိုရင် ... ကျုပ်တို့က သူ့အပေါ် အထင်လွဲမိတာလား”

လက်ထောက်မှူးလီက ...

“ဟုတ်ကဲ့ ... ကျုပ်တို့မှားပြီလို့ထင်ပါတယ် ဆရာ”

မုကျင်း၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းဟန်များ ပေါ် လွင်နေသည်။

လက်ထောက်မှူးလီသည် တစ်စုံတစ်ခုသတိရဟန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အခုမှ သတိရတယ်"

မုကျင်းသည် သူ့အား ကြည့်လိုက်၏။

"ဘာကို သတိရတာလဲ"

လက်ထောက်မှူးလီ၏မျက်လုံးအစုံ ဝင်းလက်တောက်ပ လာလေသည်။

"နေလကျေးရွာသခင်ကြီးတုနဲ့ နေလကျေးရွာ လုပ်ကြံခံရတဲ့ ညက မှောင်ရီပျိုးစအချိန်လေးမှာ ကျုပ်တို့ သိုင်းသင်တန်းကျောင်းရှေ့က ဖြတ်သွားတာ တွေ့လိုက်ရတယ်"

မုကျင်း၏မျက်လုံးအစုံတွင် ထူးဆန်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဒါဆိုရင် ... ကျုပ်တို့ဟာ နေလကျေးရွာသခင်ကြီးတု အတွက် မခံမရပ်နိုင်ဖြစ်ပြီး သူ့အပေါ် အထင်မှားခဲ့တာပဲ"

ယင်းအချိန် ...

လက်ထောက်မှူးလီ၏မလှမ်းမကမ်းတွင် သွေးကြောပိတ် ခံထားရသော ဝိန်ဝိန်ပါးပါးလူက ကြားဖြတ်ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် သူကသာ သခင်လေးကို သွေးကြောမပိတ်ခဲ့ဘူးဆိုရင် လက်နက်ပုန်းကို သခင်လေးက ရှောင်နိုင်ကောင်း ရှောင်နိုင်မှာပါ"



မုကျင်းသည် မုလွေ၏အလောင်းအား လှမ်းကြည့်ကာ မျက်ရည်များ စီးကျလာသည်။

"အမှန်တော့ ဒါဟာ ငါ့ရဲ့မဆင်ခြင်မှုပဲ၊ ဒါကြောင့် ငါကိုယ်တိုင်ငါပဲ အပြစ်တင်ပါတယ်"

"ဆရာကြီး ဆိုလိုချင်တဲ့သဘောက"

"နေလကျေးရွာ သခင်ကြီးတုဟာ ငါတို့ရဲ့ကျေးဇူးရှင်ပါ၊ သခင်ကြီးတု သေဆုံးတဲ့ကိစ္စမှာ စစ်မှန်တဲ့တရားခံက လွတ်နေပြီး ဓားတစ်ချက်ခန်းချောင်ဟာ မတရားစွပ်စွဲခံနေရတဲ့ကိစ္စကို ကျုပ်တို့ သိုင်းလောကသားတွေ သိအောင် ကျုပ်သားရဲ့အလောင်းကိုပြပြီး ကြေညာရမယ်"

"နောက်ကျသွားပြီ"

ထိုစကား ပြောလိုက်သူမှာ လက်ထောက်မှူးလီ မဟုတ်ပါ။ ကျားမင်းသိုင်းသင်တန်းကျောင်းမှ သိုင်းသမားများလည်း မဟုတ်ပါ။

လက်ထောက်မှူးလီနှင့်သိုင်းသမားတို့သည် အသံကြားရာသို့ ပြိုင်တူ လှမ်းကြည့်လိုက်ကြ၏။

ထို့အတူ ... မုကျင်းကလည်း လှမ်းကြည့်လိုက်သည်။

ယင်းသို့ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် မြေဆီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်အား တက်နင်းမိလိုက်သည့်အလား မျက်လုံးအစုံမှာ ပြူး ကျယ်သွားလေသည်။

❊ ❊ ❊



အခန်း (၂၄)

မည်သူမဆို ...

မြွေဆိုးတစ်ကောင်အား တက်နင်းမိပါလျှင် ထိတ်လန့်တုန် လှုပ်သွားကြမည်သာ ဖြစ်၏။

မှုကျင်းသည် ယခု အနီရောင်ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက်အား တွေ့မြင်လိုက်ရသဖြင့် မြွေဆိုးတစ်ကောင်အား တက်နင်းမိသကဲ့သို့ ခံစားလိုက်ရလေသည်။

"လု ... အီ ... ကူး"

သူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် တစ်ခွန်းချင်း ရေရွတ် လိုက်မိသည်။

လုအီကူးဆိုသော အဘိုးအိုသည် သူ့အား ပြုံးလျက် လက် နှစ်ဖက်နောက်ပစ်၍ တစ်လှမ်းချင်း လျှောက်လာသည်။

သူ၏အပြုံးသည် အလွန်ချိုသာ၍ လမ်းလျှောက်ပုံမှာ အပန်းဖြေလေကောင်းလေသန့်ကို ရှူရှိုက်ရင်း လမ်းလျှောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အလား ညင်သာလှပေသည်။

ထို့ကြောင့် ...

သူ့အား မည်သူမဆို တွေ့မြင်လိုက်ပါလျှင် နှစ်သက်ခင်မင်သွားကြမည်ဖြစ်၏။

သို့သော် ...

မုကျင်းကမူ သူ့အား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်ဝန်းအစုံတွင် ထိတ်လန့်တုန်လှုပ်သောဟန်မူရာများ ပေါ်လွင်လာလေသည်။

ဤသို့ဆိုလျှင် ...

လုအီကူးဆိုသော အဘိုးအိုသည် မည်သို့သော လူမျိုးများ ဖြစ်သနည်း။

❊

လုအီကူးသည် ပြုံးလျက် မုကျင်းအနီးသို့ တစ်လှမ်းချင်း လျှောက်လာ၏။

မုကျင်းသည် ...



သူ့အား ထိတ်လန့်တုန်လှုပ်စွာ ငေးကြည့်လျက်–

"လုအီကူး ... ခင် ... ခင်ဗျား"

လုအီကူးသည် သူ၏စကားမဆုံးမီ မုကျင်းကို လက်ကာပြလိုက်သည်။

"မုကျင်း ... ကျုပ်တို့ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်ဆုံကြတဲ့အခါမှာ ခင်ဗျား ဒီလောက်အထိ ထိတ်လန့်နေရသလား"

မုကျင်း၏မျက်လုံးအစုံတွင် မုန်းတီးရွံရှာသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"လုအီကူး ... ခင် ... ခင်ဗျားက နေလကျေးရွာသခင်ကြီးကို လုပ်ကြံခဲ့တယ်ပေါ့ ... ဟုတ်လား"

လုအီကူးက ပြုံးလျက် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

မုကျင်းသည် သူ့အား စူးရှသောမျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ဒါဖြင့် ... အကျည်းတန်လက်ာရွတ်ဆိုတဲ့ မိန်းကလေးနဲ့ ခင်ဗျား ဘယ်လိုပတ်သက်တာလဲ"

လုအီကူးသည် အေးဆေးတည်ကြည်သော မျက်နှာထားဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"သူလား ... သူက ကျုပ်ရဲ့တစ်ဦးတည်းသော တပည့်လေးလေ"

မုကျွင်း၏မျက်လုံးအစုံတွင် ရွံရှာမုန်းတီးသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"အမြီးပေါက်နေတဲ့ မြေခွေးရဲ့တပည့်ဟာ မြေခွေးပဲဖြစ်မှာပေါ့"

လုအီကူးသည် သူ့အား ပြုံးလျက် ကြည့်နေ၏။

ရက်စက်ကြမ်းကြုတ်သော အပြုံးဖြစ်သည်။

"မုကျွင်း ... မင်းက ဒီအခြေအနေမျိုးမှာတောင်မှ ကျုပ်ကို ဒီလိုပြောဝံ့သလား"

မုကျွင်း၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။

လုအီကူး၏ရက်စက်ယုတ်မာမှုကို မုန်းတီးရွံရှာသဖြင့် ဒေါသတကြီး ပြောဆိုနေသောလည်း မိမိတို့မှာ သွေးကြောပိတ်ထားကြောင်း အစမှ အမှတ်ရလာ၏။

ထို့ကြောင့် ဓားတစ်ချက်ခန်းချောင် ပြေးထွက်သွားရာသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

လုအီကူးသည် မျက်ခုံးပင့်ကြည့်၍ ရယ်မောလိုက်၏။

"ခင်ဗျား ... ဓားတစ်ချက်ကို မျှော်နေတာလား"



"ဟုတ်တယ်၊ နေလကျေးရွာကိုဖျက်ဆီးပြီး သူ့ကို ဒုက္ခမျိုးစုံပေးနေတဲ့ရန်သူဟာ ခင်ဗျားဖြစ်တယ်ဆိုတာ သူ သိအောင် ပြောချင်ပါတယ်"

"ခင်ဗျား အမြင်မှန်ရပြီပဲ၊ ဒါပေမဲ့ ခက်တာက ... ခင်ဗျားရဲ့ အသိ နောက်ကျသွားပြီ"

မုကျွင်း၏ရင်ထဲ၌ ခံပြင်းလာလေသည်။

လုအီကူးသည် ရက်စက်ကြမ်းကြုတ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ဒါပေမဲ့ စိတ်ချပါ၊ သူက ခင်ဗျားတို့ကို သွေးကြောဖွင့်ပေးဖို့ ဒီနေရာကို ပြန်လာမှာပါ"

သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းကာ စကားဆက်လိုက်၏။

"အင်း ... ဝမ်းနည်းစရာကောင်းတာက သူပြန်လာချိန်မှာ ခင်ဗျားတို့အားလုံး လူသေကောင်တွေဖြစ်ကုန်ပြီ၊ ဒါကြောင့် ခင်ဗျားတို့က နေလကျေးရွာတုနဲ့ ကျုပ်ရဲ့လျှို့ဝှက်ချက်ကို မပြောပြနိုင်တဲ့အပြင် ဓားတစ်ချက်ကိုယ်တိုင်က ခင်ဗျားတို့ကို သတ်တဲ့တရားခံ ဖြစ်ရတော့မယ် ... ဟား ဟား"

မုကျွင်း၏မျက်လုံးအစုံတွင် နာကြည်းခံပြင်းသော ဒေါသများ

www.burmeseclassic.com

www.burmeseclassic.com



ကို ခံစားလိုက်ရလေသည်။

"ခင်ဗျား ... သိုင်းထိပ်သီးတစ်ယောက်မဟုတ်လား၊ ဘာ ကြောင့် သွေးကြောပိတ်ထားတဲ့လူတွေကို သတ်ဖြတ်ချင်ရတာလဲ"

လုအီကူး ပြုံး၍ ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါလား ... သွေးကြောပိတ်ထားတဲ့လူကိုသတ်ရင် အဲဒီလူ က မရှောင်တိမ်းနိုင်ဘူး၊ ပြန်ပြီး မတိုက်ခိုက်နိုင်ဘူး၊ ဒါဆိုရင် ကျုပ် အချိန်ကုန်မသက်သာဘူးလား"

"ခင် ... ခင်ဗျား"

မုကျင်းသည် ဒေါသထွက်လွန်းသဖြင့် စကားမဆက်နိုင် တော့ပါချေ။

လုအီကူးသည် အင်္ကျီအိတ်ထဲမှ သုံးပေခန့်ရှိသော ဓား မြှောင်တစ်ချောင်းကို ထုတ်လိုက်သည်။

"ကဲ ... ခင်ဗျားတို့အားလုံး တမလွန်ရောက်မှပဲ ကျုပ်နဲ့ နေလကျေးရွာသခင်ကြီးတုရဲ့ လျှို့ဝှက်ချက်ကို ထုတ်ပြောပေတော့"

ပြောရင်း ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် တစ်လှမ်းချင်း လျှောက်လှမ်းလာလေတော့၏။

❋



နေဝန်းသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးကွယ်ပျောက်သွားပြီဖြစ်၏။

သို့သော် ... အလင်းရောင်လုံးဝပျောက်ကွယ်ခြင်း မရှိသေး ပါ။

ကောင်းကင်ပေါ်၌ လဝန်းထွန်းလင်းတောက်ပနေသည် မဟုတ်ပါလော။

နှင်းမြူများကြားမှာ ဖြာကျနေသော လဝန်း၏အလင်း ရောင်သည် မပီဝိုးတဝါး နိုင်လှပေသည်။

သို့ရာတွင် ...

မြေပြင်ပေါ်၌ သွေးသံရဲရဲနှင့် လဲကျသေဆုံးနေကြသော ကျားမင်းသိုင်းသင်တန်းကျောင်းမှ လူများကိုမူ တွေ့မြင်နိုင်၏။

ပြန့်ကျဲနေသော အလောင်းများကြားတွင် လူတစ်ယောက် သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ အေးဆေးတည်ငြိမ်စွာရပ်နေ ၏။

ထိုလူကား အခြားလူမဟုတ်ပါ။

လုအီကူးပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဆောက်အအုံများကြားရှိ လမ်းသွယ်ကလေး ဆီသို့ လှမ်းကြည့်နေ၏။

သူ၏မျက်လုံးအစုံသည် တစ်စုံတစ်ယောက်အား စောင့် မျှော်နေဟန်များ ပေါ်လွင်နေလေသည်။

ဤသို့ဆိုလျှင် ...

သူ မည်သည့်အရာအား စောင့်မျှော်နေပါသနည်း။

❋

BURMESE CLASSIC .com

လုအီကူးသည် အဆောက်အအုံများကြားရှိ လမ်းသွယ် လေးတစ်ခုဆီသို့ စိုက်ကြည့်နေ၏။

တစ်ခဏအကြာ ...

လမ်းကျဉ်းကလေးထဲမှ အဖြူရောင် လူရိပ်သဏ္ဍာန်တစ်ခု ပြေးထွက်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

မကြာမီ ...

ထိုအဖြူရောင် လူရိပ်သည် လုအီကူးရှေ့သို့ ရောက်ရှိလာ ကာ ခြေလှမ်းရပ်တန့်လိုက်၏။



အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေး (ဝါ) အကျည်းတန်လက်ာသခင်မ ဖြစ်သည်။

သူမသည် ပြန့်ကျဲနေသောအလောင်းများကို ဇာပဝါ အောက်မှ စူးရှသောမျက်လုံးအစုံဖြင့် လှည့်ပတ်ကြည့်ရင်း ထိတ်လန့် တုန်လှုပ်ဟန်နှင့် မေးလိုက်၏။

"ဆရာ ... ဆရာ သူတို့ကိုသတ်လိုက်တယ် ဟုတ်လား"

လုအီကူးက ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

အကျည်းတန်လက်ာသခင်မသည် ကြေကွဲဝမ်းနည်းသော အသံဖြင့် ...

"ကျွန်မတို့ကိစ္စဟာ သူတို့မဆိုင်ပါဘူးရှင်"

လုအီကူးက ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... မဆိုင်ဘူးဆိုပေမယ့် ပတ် သက်နေတယ်လေ"

အကျည်းတန်သခင်မ နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"ဘယ်လိုပတ်သက်နေတာလဲဆရာ"

လုအီကူးက ရက်စက်ကြမ်းကြုတ်စွာ ပြုံးလိုက်၏။

"မင်းနောက်ကို ဓားတစ်ချက်ခန်းချောင် ထက်ကြပ်မကွာ လိုက်လာနေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်လက်ဘသခင်မ ခေါင်းညိတ်လိုက်၏။

လုအီကူးသည် ကောက်ကျစ်စဉ်းလဲသော မျက်လုံးအစုံဖြင့် အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။

"သူ ... မကြာခင် ဒီနေရာကိုရောက်လာမယ်၊ ဒါကြောင့် ဒီလူတွေအားလုံး သူသတ်တာပဲ"

အကျည်းတန်လက်ဘသခင်မ သဘောပေါက်နားလည်လိုက်လေသည်။

"ဟုတ်ကဲ့ ဆရာ၊ ဆရာ သတ်ခဲ့တဲ့လူတွေအားလုံးဟာ သူ့လက်ချက်ဖြစ်အောင်"

လုအီကူးက ပြုံး၍ ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ငါ့တပည့်က သဘောပေါက်လွယ်ပါတယ်"

အကျည်းတန်လက်ဘသခင်မ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဒါပေမဲ့ ... မဆိုင်တဲ့လူတွေကို သတ်တာတော့"

လုအီကူးသည် သူ့အား စိုက်ကြည့်လိုက်သည်။

"မင်း နားလည်ထားရမှာက ကလဲ့စားချေမယ်ဆိုရင် ဆိုင်သူဖြစ်စေ မဆိုင်သူဖြစ်စေ ကိုယ့်ရဲ့ထောင်ချောက်မှာ အသုံးချသင့်ရင် ချရမှာပဲ"



သူ ယင်းသို့ပြောနေစဉ် ...

အဝေးမှပြေးလွှားလာသော ခြေသံအား ကြားလိုက်ရ၏။

လုအီကူးက ရက်စက်ကြမ်းကြုတ်စွာ ပြုံးလိုက်သည်။

"ဓားတစ်ချက် လာနေပြီ၊ ကျုပ်တို့ သွားကြစို့"

ပြောပြီး ပြေးလွှားထွက်ခွာသွားသည်။

အကျည်းတန်လက်ဘသခင်မက နောက်မှ ပြေးလွှားလိုက်ပါသွားရတော့သည်။

BURMESE CLASSIC .com

❋

ဓားတစ်ချက်ခန်းချောင်သည် ပြေးလွှားရောက်ရှိလာ၏။

သူသည် အကျည်းတန်လက်ဘသခင်မမှ မုလွေအား သတ်ဖြတ်သည်ဟု ယူဆကာ အကြီးအကျယ် ဒေါသဖြစ်သွားနေစဉ် အကျည်းတန်လက်ဘရွတ်ဆိုသံကြောင့် ပြေးလွှားလိုက်သွားခဲ့သည်။

သို့သော် အကျည်းတန်လက်ဘသခင်မ၏ကိုယ်ဖော့ပညာသည် မိမိထင်ထားသည်ထက်ပင် သာလွန်အဆင့်မြင့်နေ၏။

ထို့ပြင် ... သူ့ပေါင်မှ ဒဏ်ရာမှာ အကင်းမသေသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ကိုယ်ဖော့ပညာကို အစွမ်းကုန် အသုံးမပြုဝံ့ပါ။

ယင်းကြောင့် ...

အကျည်းတန်လက်ာသခင်မအား မျက်ခြည်ပြတ်သွား၏။

တစ်ဆက်တည်းမှာပင် အကျည်းတန်လက်ာသခင်မသည် မိမိအား မြှားခေါ်ကာ ခြေရာဖျောက်သွားခြင်းသည် အလွန်ကြောက် မက်ဖွယ်ရာကောင်းသော ထိတ်တန်းထောင်ချောက်တစ်ခုရှိမည်ဟု ခန့်မှန်းမိလိုက်သည်။

သူ ယင်းသို့ခန့်မှန်းမိလိုက်သည်နှင့်တစ်ပြိုင်နက် လာလမ်း အတိုင်း အားကုန်ပြန်လည်ပြေးလွှားခဲ့၏။

သို့ရာတွင် သူ၏ခြေလှမ်း နောက်ကျခဲ့လေပြီ။

မုကျင်းနှင့် သိုင်းသမားအားလုံးတို့မှာ သွေးကြောဝိတ် ထားလျက် သေဆုံးခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူသည် မြေပြင်ပေါ်တွင် ပြန့်ကျဲသေဆုံးနေသော အ လောင်းများကို ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ရင်း နာကြည်းခြင်း၊ ခံပြင်းခြင်း၊ စက်ဆုပ်ရွံရှာခြင်း ... စသော ခံစားမှုများ ပြင်းပြင်းထန်ထန် ခံစားလာမိလေတော့၏။

❋



နောက်တစ်နေ့နံနက် ...

ဟန်ကျိုးမြို့တစ်မြို့လုံးတွင် အလွန်ထိတ်လန့်တုန်လှုပ်ဖွယ် ရာ သတင်းတစ်ခုသည် လူတိုင်း၏နှုတ်ခမ်းဖျားတွင် ရေပန်းစားလျက် ရှိ၏။

ယင်းသတင်းကား ...

မနေ့ညတုန်းဆီက ဓားတစ်ချက်ခန်းချောင်သည် ကျားမင်း သိုင်းသင်တန်းကျောင်းမှလူများအား ကလေးပါမကျန် သတ်ဖြတ် သွားသည်ဟူသောသတင်းပင် ဖြစ်သည်။

သိုင်းလောကသားများတို့သည် ထိုသတင်းကြောင့် အလွန် ထိတ်လန့်တုန်လှုပ်သွားကြ၏။

တချို့သိုင်းထိပ်သီးများကမူ ဓားတစ်ချက်ခန်းချောင်အား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ သတ်ဖြတ်ရန် လိုက်လံရှာဖွေကြလေ သည်။

သို့သော် ... ဓားတစ်ချက်ခန်းချောင်၏ အရိပ်အယောင်ကို မျှ မတွေ့ရပါချေ။

ဤသို့ဆိုလျှင် ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင်သည် မည်သည့်နေရာသို့ရောက်၍ သွားပါသနည်း။

❊ ❊ ❊



## အခန်း (၂၅)

အဆောက်အအုံတစ်ခုသည် ခြံဝင်းကျယ်ကြီးတစ်ခု၏ အလယ်တွင် တည်ရှိနေ၏။

သို့သော် ...

ထိုအဆောက်အအုံသည် အမိုးအကာများ မရှိတော့ပါ။ ၎င်း ပြင် ... ကြမ်းခင်းများလည်း မရှိတော့ပါ။

အတိအကျဆိုရပါလျှင် ထိုအဆောက်အအုံသည် မီးလောင်ကျွမ်းထားသော ငုတ်တိုများသာ ကျန်ရှိတော့၏။

ဤမျှမကသေးပါ။

အဆောက်အအုံ၏ပတ်ဝန်းကျင်တစ်ခုလုံးတွင် မီးလောင်ကျွမ်းခြင်းခံထားရသော သစ်သားငုတ်တိုင်များ၊ မည်းမှောင်နေသော အုတ်နံရံများသာ ရှိနေ၏။

ယင်းကြောင့် ... ဤနေရာသည် အလွန်ခြောက်သွေ့ပြီး လူသူကင်းရှင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် …

ယခု ဤနေရာတွင် လူရွယ်တစ်ယောက် ရောက်ရှိနေ…

ထိုလူကား အခြားလူမဟုတ်ပါ။

ဓားတစ်ချက်ခန်းချောင်ပင် ဖြစ်လေတော့သည်။

❊

ဝန်းကျင်တစ်ခုလုံး မီးလောင်ကျွမ်းထားသောကြော…
အဆောက်အအုံဟူ၍ တစ်လုံးမျှမရှိဘဲ ခြောက်သွေ့နေ၏။

သို့သော် …

ဓားတစ်ချက်ခန်းချောင်၏မျက်ဝန်းထဲ၌မူ အလွန်ခန့်ညား…
ထည်ဝါသော အဆောက်အအုံကြီးအား မြင်ယောင်နေလေသည်…

ထို့ပြင် …

ပန်းရောင်စုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးနှင့် ပန်းဥယျာ…
အလယ်ရှိ ဘဲဥပုံသဏ္ဍာန်ရေကန်ထဲမှ ရေပန်းများ လှပစွာထိုးတ…
နေခြင်းကို တွေ့မြင်နေမိ၏။

ယင်းနောက် …



ရုတ်တရက် အဆောက်အအုံအား မီးတောက်မီးလျှံများ ဝါးမျိုနေပုံနှင့် မီးတောက်မီးလျှံများကြားတွင် ပြင်းထန်သောတိုက်ပွဲ တစ်ခုကို တွေ့မြင်လာပြန်သည်။

ထိုတိုက်ပွဲတွင် ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်ဦးဆောင် သော လူများသည် ရက်ရက်စက်စက် တိုက်ခိုက်နေခြင်းကို တွေ့မြင် လာလေသည်။

တစ်ဆက်တည်းမှာပင် …

မိမိသည် ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်အား ဝိညာဉ်နှုတ် ကြိုးတံတား၌ တိုက်ခိုက်လိုက်သဖြင့် ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင် မှာ ကြိုးတံတားအောက်သို့ လွင့်ကျသွားသည်ကို တွေ့မြင်လာမိ ၏။

ထိုတဒင်္ဂမှာပင် …

နေလကျေးရွာသခင်ကြီးတို့သည် သွေးသံရဲရဲဖြင့် မြေပြင် ပေါ်သို့ လဲကျသွားခြင်းကို တွေ့မြင်လိုက်ရ၏။

"နေလကျေးရွာသခင်ကြီး"

ဓားတစ်ချက်ခန်းချောင် အသံကျယ်လောင်စွာ အော်ဟစ် လျက် ပြေးလွှားသွား၏။

သို့သော် …

www.burmeseclassic.com

www.burmeseclassic.com



နေလကျေးရွာသခင်ကြီးတုသည် ရုတ်တရက် ပျောက် သွားကာ မြင်ကွင်းထဲမှ တိုက်ပွဲများလည်း ပျောက်ကွယ်သွားသ

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ခုလုံး တဆ ဆတ်တုန်ခါလာကာ ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်သည်။

ထိုအခါ ...

ဝန်းကျင်တစ်ခုလုံးမှာ လူသူကင်းရှင်းလျက် မီးလောင်ကျွ ခဲ့သော သစ်သားငုတ်တိုင်များသာ တွေ့မြင်နေရ၏။

ယခုမှ ...

ဓားတစ်ချက်ခန်းချောင်သည် မိမိ တစ်ချိန့်တုန်းဆီက လကျေးရွာ၏ကံကြမ္မာဆိုးအား ပြန်လည်မြင်ယောင်နေခြင်းဖြ ကြောင်း နားလည်လိုက်သည်။

ဤသို့ နားလည်မိလိုက်သည်နှင့် ...

မီးလောင်ကျွမ်းထားသော အုတ်နံရံများကို ဖြတ်ကျော် ဖြည်းလေးသောခြေလှမ်းများဖြင့် အဆောက်အအုံ၏အတွင်းပိုင်း လျှောက်လာလေသည်။

မကြာမီ ...

သူသည် အုတ်ဂူတစ်ခုရှေ့သို့ ရောက်ရှိလာ၏။

ရုတ်တရက် ...



သူ၏ခြေလှမ်းများ ရပ်တန့်သွားကာ အုတ်ဂူအား ပြူး ကျယ်သောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေမိလေတော့သည်။

❋

အုတ်ဂူတစ်လုံး ...

သန့်ရှင်းရေးလုပ်ထားသဖြင့် အုတ်ဂူပေါ်မှ ကမ္ပည်းထိုး ထားသော အမည်သည် ပို၍ထင်ရှားနေသည်။

အုတ်ဂူပေါ်တွင် ...

နေလကျေးရွာသခင်ကြီးတု
အသက် (၆၂) နှစ်

ဤအုတ်ဂူသည် ဓားတစ်ချက်ခန်းချောင်ကိုယ်တိုင် နေလ ကျေးရွာသခင်ကြီးတုအား မြေမြှုပ်သင်္ဂြိုဟ်ခဲ့သော အုတ်ဂူဖြစ်သည်။

သို့သော် ...

အုတ်ဂူပေါ်တွင် သန့်ရှင်းရေးလုပ်ထားသောသူမှာ ဓားတစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ခန်းချောင် မဟုတ်ပါ။

ထို့ပြင် ... အုတ်ဂူရှေ့၌ ရွှေစက္ကူ၊ ငွေစက္ကူများ မီးရှို့ထား ပြီး အမွှေးတိုင်များလည်း ထွန်းညှိထားသေး၏။

အမွှေးတိုင်နှင့် ရွှေစက္ကူ၊ ငွေစက္ကူများ မီးရှို့ရာမှ ထွက်ပေါ် နေသော မီးခိုးတလူလူသည် ဝန်းကျင်တစ်ခုလုံး ပျံ့လွင့်နေ၏။

ယင်းကြောင့် ...

အုတ်ဂူသန့်ရှင်းရေးလုပ်ပြီး နေလကျေးရွာသခင်ကြီးတုအား လာရောက်ဂါရဝပြုသောလူသည် ဤအနီးတစ်ဝိုက်တွင် ရှိရမည်ဟု ဓားတစ်ချက်ခန်းချောင်မှ နားလည်လိုက်သည်။

ဤသို့နားလည်လိုက်သည်နှင့် တစ်ပြိုင်နက် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်ကာ လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"မိတ်ဆွေ ... ကျုပ်ရဲ့မွေးစားဖခင် နေလကျေးရွာသခင် ကြီးတုကို လာရောက်ဂါရဝပြုတာကို ကျေးဇူးတင်လို့ မဆုံးပါဘူး အကယ်၍ မိတ်ဆွေက သိခွင့်ပြုမယ်ဆိုရင် ဘယ်သူဘယ်ဝါဆိုတာ သိပါရစေ"

သူ၏စကားဆုံးသည်နှင့် ...

မီးလောင်ကျွမ်းထားသော အုတ်နံရံတစ်ခု၏နောက်မှ လူ တစ်ယောက် ထွက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။



ထိုလူအား တွေ့မြင်လိုက်ရသောအခါ ...

ဓားတစ်ချက်ခန်းချောင်၏ တူပစ်သော မျက်ခုံးမွေးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွားပြီး မျက်ဝန်းအစုံမှာလည်း ပြူးကျယ်သွား လေတော့သည်။

ဤသို့ဆိုလျှင် ...

ထိုလူသည် မည်သူဖြစ်မည်နည်း။

❋

ညနေဆည်းဆာ၏နေရောင်ခြည်သည် ပုစွန်ဆီရောင် အသွေးဖြင့် ကမ္ဘာမြေပြင်အား လွှမ်းခြုံထား၏။

လူတစ်ယောက်သည် မီးလောင်ကျွမ်းထားသော အုတ်နံရံ နောက်မှ လှမ်းထွက်လာသည်။

ချောမောခန့်ညားသော အမျိုးသမီးကြီးတစ်ယောက်ဖြစ် ၏။

သူမ၏အသက်မှာ ငါးဆယ်ကျော်ခန့်ရှိပြီး ခရမ်းရောင်ဝတ် စုံကို ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင်သည် သူမအား ပြုံးကျယ်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ရင်း အံ့သြခြင်းမက အံ့သြနေမိ၏။

မည်သည့်မိန်းကလေးနှင့်မျှ မပတ်သက်သည့် မိန်းမမုန်း တီးသော နေလကျေးရွာသခင်ကြီးတို့၌ ဤသို့သော အမျိုးသမီးမိ ဆွေရှိနေခြင်းသည် အလွန်အံ့သြဖွယ်ရာပင် မဟုတ်ပါလော။

ခရမ်းရောင်ဝတ်ဆင်ထားသော အမျိုးသမီးကြီးသည် အ သို့ လျှောက်လာကာ ကရုဏာသက်သော မျက်ဝန်းအစုံဖြင့် ကြည့် လိုက်၏။

"ကလေး ... မင်းက ... နေလကျေးရွာသခင်ကြီးရဲ့ မွေးစား သားလို့ ဘယ်သူပြောလဲ"

ဓားတစ်ချက်ခန်းချောင် ကြောင်အမ်းအမ်းဖြစ်သွားလေ သည်။

"ကျုပ်က ... နေလကျေးရွာသခင်ကြီးတို့ရဲ့ မွေးစားသား ဆိုတာ လူတိုင်းသိတဲ့ကိစ္စပဲ၊ ဘယ်သူပြောရဦးမှာလဲ"

ခရမ်းရောင်ဝတ်ဆင်ထားသော အမျိုးသမီး၏မျက်နှာပေါ် တွင် ကြေကွဲဝမ်းနည်းသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

သူမသည် နေလကျေးရွာသခင်ကြီးတို့၏အုတ်ဂူအား မျက် ရည်များဖြင့် ရစ်ဝဲသောမျက်ဝန်းအစုံဖြင့် ကြည့်လိုက်သည်။



"နေလကျေးရွာသခင်ကြီးတို့ရင် ... ရှင် ကျွန်မကို မုန်းတီးတဲ့စိတ်နဲ့ ကိုယ့်သားအရင်းကိုတောင်မှ မွေးစားသားလို့ ပြောရက်ခဲ့သလား"

သူမ၏စကားသံသည် တိုးညှင်းလှသည်။

သို့သော် ...

ဓားတစ်ချက်ခန်းချောင်၏နားထဲ၌ မိုးကြိုးပစ်ချခြင်းခံရသည့်အလား ကျယ်လောင်စွာ မြည်ဟည်းသွားလေသည်။

မယုံကြည်နိုင်သော မျက်ဝန်းအစုံဖြင့် အမျိုးသမီးကြီးအား စိုက်ကြည့်ကာ ...

"ဒေါ် ... ဒေါ်ဒေါ် ... ဘာပြောလိုက်တယ်၊ ကျုပ် ... ကျုပ်က နေလကျေးရွာသခင်ကြီးတို့ရဲ့သားအရင်း ဟုတ်လား"

ဟု ထိတ်လန့်တကြား မေးလိုက်သည်။

အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် သားရယ်"

ဓားတစ်ချက်ခန်းချောင်သည် သူမနှင့်နေလကျေးရွာသခင်ကြီးတို့၏အုတ်ဂူအား တစ်လှည့်စီကြည့်လိုက်သည်။

အတန်ကြာမှ ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး ... ဒါ လုံးဝမဖြစ်နိုင်ဘူး၊ သခင်ကြီးတို့ရဲ့သား

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ဖခင်အရင်းဆိုရင် ကျုပ်ကို မွေးစားသားအဖြစ်နဲ့ ကိုယ်ရံတော် ရာထူးပေးပါ့မလား”

အမျိုးသမီးကြီး၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

“သနားစရာကောင်းလိုက်တဲ့ ကလေးရယ်၊ ကိုယ့်ဖခင် အရင်းကိုတောင်မှ ‘အဖေ’ လို့ ခေါ်ခွင့်မရှိခဲ့ဘူးတဲ့လား”

ဓားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ ပြင်းပြင်းထန်ထန်လှုပ် ရှားလာလေသည်။

“ခင်ဗျား ဘာတွေပြောနေတာလဲ ... မဖြစ်နိုင်တာဘဲ”

အမျိုးသမီးကြီး စကားမပြောနိုင်တော့ပါ။

မျက်ရည်များ တသွင်သွင်စီးကျနေသော မျက်ဝန်းအစုံဖြင့် သူ့အား စိုက်ကြည့်နေ၏။

ဓားတစ်ချက်ခန်းချောင်သည် အမျိုးသမီးကြီး ငိုကြွေး ခြင်းကို တွေ့မြင်ရသောအခါ အလိုအလျောက် ကြေကွဲဝမ်းနည်းလာ ၏။

“ဒေါ်ဒေါ်ရယ် ... ကျေးဇူးပြုပြီး မငိုပါနဲ့ဗျာ”

အမျိုးသမီးကြီးသည် မျက်ရည်များကို လက်ခုံဖြင့် အသာ အယာသုတ်ကာ သူ့အား ကရုဏာသက်စွာ ကြည့်လိုက်သည်။



ဓားတစ်ချက်ခန်းချောင်သည် သက်ပြင်းတစ်ချက် ကြိတ်၍ ချလိုက်လေသည်။

“အင်း ... ထားလိုက်ပါတော့၊ သခင်ကြီးတုက ကျွန်တော့်ရဲ့ အဖေဆိုရင် ကျွန်တော့်အမေက ဘယ်သူလဲ”

“မင်းရှေ့မှာရောက်နေတဲ့သူဟာ မင်းအမေပေါ့”

ထိုစကားကို အမျိုးသမီးကြီးက ပြောလိုက်ခြင်း မဟုတ်ပါ။

အုတ်နံရံနောက်ကွယ်မှ လှမ်းထွက်လာသော လူရွယ်တစ် ယောက်က ပြောလိုက်ခြင်းဖြစ်သည်။

ဓားတစ်ချက်ခန်းချောင်သည် ထိုလူရွယ်အား မြင်တွေ့လိုက် သည်နှင့် တစ်ပြိုင်နက် ...

“ဓားပါရဂူတုယန့်ရှာ”

ဟု လွှတ်ခနဲ အော်ဟစ်လိုက်လေတော့သည်။

ဓားပါရဂူတုယန့်ရှာသည် ဓားတစ်ချက်ခန်းချောင်အား စိုက်ကြည့်ရင်း တစ်လှမ်းချင်း လှမ်းလျှောက်လာ၏။

သူ၏ဟန်မူရာများ အေးဆေးတည်ငြိမ်လှပေသည်။

သို့သော် ...

ဓားတစ်ချက်ခန်းချောင်၏ဟန်မူရာမှာမူ ခန္ဓာကိုယ်တစ်ခု လုံး တုန်တုန်ယင်ယင်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ဘဝနှင့် နေလကျေးရွာသခင်ကြီးတို့၏မွေးစားသ[...] အဖြစ် ခံယူကာ အထီးကျန်နေခဲ့ရသော မိမိဘဝတွင် တစ်နေ့တ[...] နှင့် ဖခင်၊ မိခင်များရှိနေကြောင်း သိရှိလိုက်ရသဖြင့် ရင်ထဲ၌ ပြ[...] ပြင်းထန်ထန် လှုပ်ရှားနေသည် မဟုတ်ပါလော။

သူ မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာ[...] ခြင်း စသော ခံစားမှုမျိုးစုံနှင့် အမျိုးသမီးကြီးအား ငေးငိုင်လျက် ကြည့်နေမိသည်။

အမျိုးသမီးကြီးသည် သူ့အနီးသို့ လျှောက်လာကာ မျက်[...] ရည်များစိုစွတ်နေသော မျက်ဝန်းအစုံဖြင့် ကရုဏာသက်စွာ ကြည့်[...] လိုက်၏။

“သား ... မင်း အခု မေမေတို့ပြောနေတာတွေကို လက်[...] ယုံကြည်နိုင်ဖို့ အင်အားကင်းမဲ့နေတယ် မဟုတ်လား”

ဓားတစ်ချက်ခန်းချောင်သည် အိပ်မက်ထဲ၌ ယောင်ယ[...] နေသူတစ်ယောက်ပမာ ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သ[...]

အမျိုးသမီးကြီးသည် သူ့အား မျက်ရည်ရစ်ဝဲနေသော မျက်[...] ဝန်းအစုံဖြင့် ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်၏။

“အင်း ... မိဘမဲ့ကလေးတစ်ယောက်ဘဝနဲ့ နေသားတ[...] နေခဲ့တဲ့ မင်းဟာ ရုတ်တရက်ကြီး အဖေနဲ့အမေဆိုတာ ပေါ်ပေ[...]



လာတယ်ဆိုတော့ လက်ခံဖို့ဆိုတာ ခဲယဉ်းနေတာပေါ့ကွယ်”

သူသည် ဓားပါရဂူတုယန်ရှာအား ညွှန်ပြကာ ...

“တကယ်ဆိုတော့ မင်းမှာ သွေးရင်းအစ်ကိုတစ်ယောက် တောင်မှ ရှိခဲ့ပါသေးတယ်ကွဲ့”

ဓားတစ်ချက်ခန်းချောင်သည် တတိယအကြိမ်မြောက် အံ့သြသွားရလေသည်။

သူသည် ဓားပါရဂူတုယန်ရှာအား လှမ်းကြည့်လိုက်သည်။

ဓားပါရဂူတုယန်ရှာသည် ပြုံး၍ ပခုံးတစ်ချက် တွန့်လိုက်၏။

“မင်း အံ့သြသွားလား ညီလေး၊ တကယ်တော့ မင်းအရင် ကျုပ်က အံ့သြခဲ့ရတာပါ”

အမျိုးသမီးကြီးက ပြုံးလိုက်သည်။

နှစ်သိမ့်အားပေးသော အပြုံးဖြစ်သည်။

“မင်းတို့ မအံ့သြကြပါနဲ့၊ ဒါဟာ မေမေနဲ့ ဖေဖေတို့ရဲ့ အပြစ် တွေပါပဲ”

ဓားတစ်ချက်ခန်းချောင် မျက်မှောင်ကုတ်လိုက်၏။

“မေမေနဲ့ဖေဖေတို့ရဲ့ အပြစ်တွေ ဟုတ်လား”

အမျိုးသမီးကြီး ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် သား၊ မင်းဖေဖေက လူတစ်ယောက်ရဲ့ ကြောင်[...]

www.burmeseclassic.com

www.burmeseclassic.com



ချော်ကာဆင်မှုကြောင့် မေမေ့ကို အထင်လွဲပြီး လသားအရွယ်ပဲရှိသေး
တဲ့ မင်းကို ချီပိုးပြီး ထွက်ခွာသွားတယ်"

သူမ သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်သည်။

"နောက်တော့ ... နေလကျေးရွာတစ်ရွာထူပြီး သိုင်းလော
ကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတယ်လို့ သတင်းကြားမေ
မယ့် မေမေဟာ ငယ်ရွယ်တဲ့မာနနဲ့ ရှင်းပြဖို့မကြိုးစားဘဲ နှစ်နှ
အရွယ်သားကြီးတုယန့်ရှာနဲ့အတူ နယ်ခြားကိုသွားပြီး ဓာတ်မြုပ်နေ
လိုက်တော့တာပါပဲ"

ဓားတစ်ချက်ခန်းချောင်သည် ဓားပါရဂူတုယန့်ရှာအား မျက်
လုံးပြူးလျက် လှမ်းကြည့်လိုက်သည်။

ဓားပါရဂူတုယန့်ရှာက ပြုံးပြလိုက်သည်။

"ညီလေး ... ပထမအကြိမ် မင်းနဲ့ငါ တွေ့ကတည်းက ဒီ
အဖြစ်အပျက်တွေကို ပြောမပြလို့ အပြစ်တင်ချင်သလား၊ အမှန်တော့
အစ်ကိုကြီးကိုယ်တိုင် ဒီအဖြစ်အပျက်တွေကို မေမေလိုက်လာမှ သိ
တော့တာပါ"

ဓားတစ်ချက်ခန်းချောင် သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ကျွန်တော့်ဘဝဟာ တကယ့်ကို မယုံကြည်ချင်
စရာကောင်းအောင် ပြောင်းလဲသွားတာကိုး၊ ဒါနဲ့ အစ်ကိုကြီးပြော



တဲ့ ကျွန်တော့်ဘဝမှန်ကို ပြောပြမယ်ဆိုတဲ့လူက ..."

ဓားပါရဂူတုယန့်ရှာက အမျိုးသမီးကြီးအား ညွှန်ပြလိုက်
သည်။

"မေမေ ကျွေးဟိုင်ယွဲ့ပေါ့ကွာ"

ဓားတစ်ချက်ခန်းချောင် အနည်းငယ် စဉ်းစားလိုက်၏။

"ဒါဖြင့် ... နေလကျေးရွာသခင်ကြီးတု ... အဲ ...ကျွန်တော့်
အဖေကိုလုပ်ကြံတဲ့တရားခံကို မေမေသိတယ်ပေါ့နော်"

ကျွေးဟိုင်ယွဲ့ ခေါင်းညိတ်လိုက်သည်။

"သိပ်သိတာပေါ့"

ဓားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံး တင်းမာလာ
သည်။

"အဲဒီလူက ..."

ကျွေးဟိုင်ယွဲ့၏မျက်နှာပေါ်တွင် နာကြည်းခံပြင်းသော
ဟန်မူရာများ ပေါ်လွင်လာလေသည်။

"လုအီကူး"

ဓားတစ်ချက်ခန်းချောင်နှင့် ဓားပါရဂူတုယန့်ရှာတို့သည်
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

"လုအီကူးဆိုတာ ... ဘယ်သူလဲ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြိုင်တူမေးလိုက်သည်။

ကျွေးဟိုင်ယွဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ဒီလူအကြောင်းကို ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်တုန်းဆီကပေါ့"

❊ ❊ ❊



## အခန်း (၂၆)

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်တုန်းဆီက ဖြစ်သည်။

သိုင်းလောကတွင် သွေးသောက်သုံးယောက်၊ သုံးဖော်ဟူသော အမည် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့၏။

ထိုသွေးသောက်သုံးဖော်ကား ...

နေလကျေးရွာသခင်ကြီးတုကုဟာန်၊

တုကုဟာန်၏ကိုယ်ရံတော် လုအီကူးနှင့်

ကျွေးဟိုင်ယွဲ့တို့ဖြစ်၏။

နေလကျေးရွာသခင်ကြီးတုကုဟာန်နှင့်ကျွေးဟိုင်ယွဲ့တို့သည် ချမ်းသာကြွယ်ဝသော လူကုံထံများမှ ပေါက်ဖွားလာသောသားသမီးများဖြစ်ကြပြီး မိဘများသည် ငယ်စဉ်ကပင် ရင်းနှီးခဲ့ကြ၏။

အရွယ်ရောက်သောအခါ ...

လူငယ်ချင်းမေတ္တာမျှခဲ့သဖြင့် ဂုဏ်ဂုဏ်ချင်းထပ်၍ ရွှေနှင့် ရွှေချင်းယှက်ကာ မင်္ဂလာဆောင်ပေးလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်မှစ၍ လုအီကူးသည် သိုင်းလောကမှ ထူးဆန်းစွာ ပျောက်ဆုံးသွား၏။

ထို့ပြင် ...

တုကုဟာန်နှင့်ကျွေးဟိုင်ယွဲတို့ကိုလည်း လာရောက်တွေ့ဆုံခြင်း မပြုတော့ပါချေ။

နေလကျေးရွာသခင်ကြီးတုကုဟာန်သည် သူ့အား လိုက်လံရှာဖွေလိုသော်လည်း ကျွေးဟိုင်ယွဲအား မျက်စိအောက်မှ အပျောက်မခံနိုင်အောင် သံယောဇဉ်တွယ်ငြိနေပြီဖြစ်၍ လိုက်လံမရှာဖွေခဲ့ပါ။

ဤသို့ဖြင့် ...

တုကုဟာန်နှင့်ကျွေးဟိုင်ယွဲတို့တွင် သားနှစ်ယောက်ပင် ရရှိခဲ့ပြီဖြစ်သည်။

တစ်နေ့ ညဦးနက်သန်းခေါင်ယံအချိန်တွင် 'လုအီကူး' သည် ပျောက်ဆုံးနေရာမှာ ဘွားခနဲပေါ်ထွက်လာသည်။

လုအီကူး ပြန်လည်ပေါ်ထွက်လာသည့်ညမှာပင် တုကုဟာန်နှင့် ကျွေးဟိုင်ယွဲတို့သည် အိမ်ထောင်ရေးတစ်စစီပြိုကွဲကြေမွသွားလေတော့သည်။

❋



ညဦးနက်သန်းခေါင်ယံအချိန်ဖြစ်သည်။

ကျွေးဟိုင်ယွဲသည် အိမ်ခန်းထဲရှိ ခုတင်ပေါ်တွင် သားနှစ်ယောက်နှင့်အတူ လဲလျောင်းနေ၏။

နှစ်နှစ်သားအရွယ် တုယန်ရှာနှင့် နှစ်လသားအရွယ် တုခန်းချောင်တို့သည် အပူအပင်ကင်းမဲ့စွာ နှစ်ခြိုက်စွာ အိပ်မောကျနေလေသည်။

ကျွေးဟိုင်ယွဲကမူ အိပ်စက်နိုင်ခြင်း မရှိသေးပါ။

သူမသည် သိုင်းလေ့ကျင့်ဆောင်ထဲမှ ပြန်ရောက်လာခြင်း မရှိသေးသော ခင်ပွန်းဖြစ်သူ တုကုဟာန်အား စောင့်မျှော်နေလေသည်။

ယင်းအချိန် ပြတင်းပေါက်မှ တံခါးခေါက်သံသုံးချက် ထွက်ပေါ်လာ၏။

'ဒေါက် ... ဒေါက် ... ဒေါက်'

ကျွေးဟိုင်ယွဲ မျက်မှောင်ကုတ်လိုက်သည်။

"ဘယ်သူလဲ"

ပြတင်းပေါက်အပြင်မှ အသံခပ်အုပ်အုပ်ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမဟိုင်ယွဲ့ ... ကျူပ်ပါ"

ယင်းအသံကြောင့် ကျွေးဟိုင်ယွဲ့ အလွန်အံ့ဩသွား၏။

အကြောင်းကား အသံရှင်သည် သုံးနှစ်ကျော်က ပျော

ဆုံးနေသော လုအီကူးဖြစ်သောကြောင့် ဖြစ်၏။

သူမသည် ပြတင်းပေါက်တံခါးကို ကမန်းကတန်း ဖွင့်က

မေးလိုက်၏။

"အစ်ကိုကြီးလု ... ရှင် ဘယ်ကိုရောက်နေလို့ ဒီလော

ကြာကြာ ပျောက်ဆုံးနေတာလဲ၊ အခုကော ညဥ့်နက်သန်းခေါင်

အချိန်ကြီး ဘာလာလုပ်တာလဲ"

လုအီကူးသည် ဟိုဟိုဒီဒီမျက်လုံးဝေ့ကြည့်ကာ သူမ၏လ

ကို ဆုပ်ကိုင်လျက် အခန်းထဲသို့ ခုန်ဝင်လိုက်သည်။

ကျွေးဟိုင်ယွဲ့သည် စိုးရိမ်တုန်လှုပ်သွား၏။

"အစ်ကိုကြီးလု ... ဘာကိစ္စအရေးတကြီးရှိလဲ၊ ကျွန်မအ

ကိုတုကို သွားခေါ်လိုက်မယ်"

သူမက ယင်းသို့ပြောနေစဉ် ...

"ညီမရေ ... ညီမ အိပ်ပြီလားဟေ့"

တုကုဟန်သည် အော်ဟစ်ရင်း အခန်းတွင်းသို့ လှမ်းဝင်လ

၏။



ယင်းတခဏ်လေးမှာပင် ...

လုအီကူးသည် ရုတ်တရက် ကျွေးဟိုင်ယွဲ့အား သိုင်းဖက်လိုက်သည်။

တုကုဟန်သည် သူမတို့နှစ်ယောက်၏အခြေအနေကို တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွား၏။

"မင်း ... မင်းတို့"

လုအီကူးသည် ယခုမှ ထိတ်လန့်တုန်လှုပ်သွားဟန်ဖြင့် လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"သ ... သခင်လေး ... ကျူပ် ... ကျူပ် တောင်းပန်ပါတယ်၊ သူ ... သူနဲ့ကျူပ် တိတ်တဆိတ်သံယောဇဉ်တွယ်နေခဲ့တာ ကြာပါပြီ၊ ဒါကြောင့် သခင်လေးတို့ လက်ထပ်မယ့်နေ့မှာပဲ ကျူပ် ရှောင်ပြေးခဲ့တာပါပဲ"

"ရှင် ... ရှင် ... လူယုတ်မာ"

ပြောရင်း လုအီကူး၏ပါးပြင်အား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဖြန်း'

လုအီကူး၏ခန္ဓာကိုယ် တစ်ချက်ယိမ်းယိုင်သွားသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

“ညီမလေးဟိုင်ယဲ့ ... မင်း ဒီလောက်ထိ ပြောင်းလဲသွား
ကိုး၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ်သားကြီးကို မွေးပေးတဲ့အတွက် ကျေ
ဇူးတင်ပါတယ်၊ နောက်ကို ကျုပ် ဘယ်တော့မှ မနှောင့်ယှက်တော့
ပါဘူး”

ပြောပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားလေသည်။

❋

ယခု ...

အခန်းထဲတွင် ကျွေးဟိုင်ယဲ့နှင့် တုကုဟာန်တို့သာ ကျန်ရှိ
တော့၏။

တုကုဟာန်သည် ကျောက်ဆစ်ရုပ်တစ်ရုပ်ပမာ မလှုပ်မ
ယှက်ရပ်လျက် နီရဲသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေသည်။

သူ၏မျက်လုံးအစုံတွင် နာကြည်းခြင်း၊ ကြေကွဲဝမ်းနည်း
ခြင်း၊ ရှက်ရွံ့ခြင်း စသောဟန်မူရာများ ပေါ်လွင်လာသည်။

ရုတ်တရက် ...



သူသည် ခုတင်ဆီသို့ လျှောက်သွားကာ သားငယ်အား ပွေ့
ချီလိုက်လေသည်။

ကျွေးဟိုင်ယဲ့၏ မျက်ဝန်းအစုံ ပိုင်းစက်ပြူးကျယ်သွားသည်။

“ရှင် ... ရှင် ဘာလုပ်မလို့လဲ”

တုကုဟာန်သည် စကားမပြောတော့ပါ။

သားငယ်အား ပွေ့ချီလျက် အခန်းထဲမှ လှမ်းထွက်ရန် ဟန်
ပြင်လိုက်သည်။

ကျွေးဟိုင်ယဲ့သည် သူ၏လက်မောင်းအား ကမန်းကတန်း
ဆုပ်ဆွဲထားသော မျက်ရည်များနှင့် ရစ်ဝဲနေသော မျက်လုံးအစုံဖြင့်
ကြည့်လိုက်သည်။

“အစ်ကိုရယ် .. ကျွန်မ ရှင်းပြ”

သူမ၏စကားမဆုံးမီ တုကုဟာန်သည် သူမ၏ခန္ဓာကိုယ်
အား လက်တစ်ဖက်နှင့် တွန်းဖယ်လိုက်သည်။

“သွားစမ်း ... မင်း ... မင်း ... ကျုပ်နဲ့ ဝေးဝေးမှာနေပါ၊
မင်းကို ကျုပ် ရွံတယ်”

ကျွေးဟိုင်ယဲ့၏မျက်နှာ နီရဲသွားသည်။

သူမသည် အခြားလူများ ကြားသွားမည်စိုးရိမ်သဖြင့် ဝန်း
ကျင်အား မျက်လုံးဝေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တုကုဟန်သည် သူမအား စိုက်ကြည့်ရင်း မျက်ရည်များ
တသွင်သွင် စီးကျလာလေသည်။

"ဟိုင်ယွဲ့ ... မင်းဟာ သိပ်လှပါတယ်၊ ဒါကြောင့်လည်း
မင်းရဲ့အလှအောက်မှာ ကျုပ် ဒူးထောက်ခဲ့ရတာယ်"

သူသည် နှစ်လသားအရွယ် ဓားတစ်ချက်ခန်းချောင်အား
ငုံ့ကြည့်လိုက်သည်။

"မင်း စိတ်ချပါ၊ ကျုပ်သားအရွယ်ရောက်လာရင် ကျုပ်လို
မဖြစ်စေရဘူး"

ကျွေးဟိုင်ယွဲ့သည် မျက်ရည်များ စီးကျလာကာ ခေါင်းငြိမ်
ယမ်းလိုက်၏။

သို့သော် ...

တုကုဟန်အား မည်သို့ဖျောင်းဖြ၍ မရနိုင်ကြောင်း နားလည်
လိုက်လေသည်။

ယင်းအချိန် ...

တုကုဟန်သည် ဓားတစ်ချက်ခန်းချောင်အား ငုံ့ကြည့်ကာ
စကားဆက်လိုက်သည်။

"တကယ်တော့ မိန်းမတွေရဲ့အလှဟာ ... ယောကျ်ားတွေ
ကို ဘဝပျက်အောင် ဖြုစားတဲ့ စုန်းကဝေတွေပဲ၊ ဒါကြောင့် အဲဒီလို



အလှအပတွေကိုမြင်ရင် ဝေးဝေးက ရှောင်တိမ်းနေရမယ်လို့ ကျုပ်
သားကို အကြိမ်ကြိမ်ဆုံးမထားမယ်"

ပြောရင်း သားငယ်အား ပွေ့ချီကာ တစ်ဟုန်ထိုး ပြေးထွက်
သွားလေတော့သည်။

❋

ကျွေးဟိုင်ယွဲ့သည် အတိတ်မှ အဖြစ်အပျက်များကို ပြန်
လည်ပြောပြရင်း မျက်ရည်များ စီးဆင်းကျလာသည်။

ဓားပါရဂူတုယန့်ရှာသည် မိခင်အား စိုက်ကြည့်ရင်း မျက်
ရည်များ သွင်သွင်ကျဆင်းလာ၏။

ဓားတစ်ချက်ခန်းချောင်ကမူ နေလကျေးရွာသခင်ကြီးတု
(ဝါ) မိန်းမမုန်းတီးရေးဝါဒကို အကြိမ်ကြိမ်နားချရင်း မိခင်ဖြစ်သူအား
သေဆုံးသွားချိန်အထိ အထင်လွဲနာကြည်းသွားသော ဖခင်ဖြစ်သူ
အတွက် ရင်ထဲ၌ ကြေကွဲဝမ်းနည်းနေမိလေသည်။

ကျွေးဟိုင်ယွဲ့သည် နေလကျေးရွာသခင်ကြီး တုကုဟန်၏
အုတ်ဂူအား ကြည့်၍ စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေဟာ မင်းအဖေ တစ်နေ့ နားလည်သွားရင် ... ပြ
လာမှာပဲဆိုပြီး တိတ်တဆိတ်စောင့်မျှော်နေခဲ့တယ်၊ သူဟာ မေ
ကို သေဆုံးတဲ့အထိ နားမလည်နိုင်တဲ့အပြင် သားအရင်းကိုတော
သူ့ရဲ့မျိုးနွယ် 'တု' ကို ဖြုတ်ပြီး ခန်းချောင်အဖြစ်နဲ့ မွေးစားသား
ဆက်ဆံခဲ့တာကိုး"

ဓားဝစ်ချက်ခန်းချောင်သည် မျက်ရည်များနှင့် ရစ်ဝဲလ
သော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ခေါင်းခါယမ်းလိုက်သည်။

"ဒါပေမဲ့ ... ဖေဖေဟာ ကျွန်တော့်ကို သံယောဇဉ် သိ
ကြီးပါတယ်၊ မွေးစားသားအဖြစ် ဆက်ဆံတာကလွဲရင် ဂရုစိုက်တယ်
ကြင်နာတယ်၊ သိုင်းပညာကိုလည်း ကြပ်ကြပ်မတ်မတ် သင်ကြားပေး
ခဲ့ပါတယ်"

ကျွေးဟိုင်ယွဲ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် သူ ဒီအချိန်အထိ ဘယ်မိန်းမနဲ့
မှ မပတ်သက်တာဟာ မေမေ့အပေါ် သူထားတဲ့သစ္စာတရားနဲ့ သား
နှစ်ယောက်အပေါ်ရှိတဲ့ မေတ္တာတရားကြီးမားမှုပါပဲ"

ဓားပါရဂူတုယန့်ရှာ မချိပြုံးပြုံးလိုက်၏။

"မေမေရယ် ... သားနှစ်ယောက်အပေါ် ဖေဖေ့မေတ္တာ
တရား ကြီးမားတယ်ဆိုရင် အနည်းဆုံးတော့ ကျွန်တော့်ကို တစ်



ခေါက်လောက် လာကြည့်သင့်တာပေါ့၊ အခုတော့ ကျွန်တော်ဟာ
ဖခင်ဆိုတာ တစ်ကြိမ်တစ်ခါမှ မမြင်ခဲ့ရဖူးဘူး"

ကျွေးဟိုင်ယွဲ့သည် သူ့အား ကရုဏာသက်စွာ လှမ်းကြည့်
လိုက်လေသည်။

"ဒါကတော့ လုအိကျူးရဲ့ ရက်စက်တဲ့ လိမ်ညာစကားတွေ
ဟာ သူ့နှလုံးသားကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေတာကိုး၊ ဒါ
ကြောင့် သူဟာ မေမေတို့ရဲ့ နယ်ခြားဒေသလေးကို ပြန်မလာတော့
ဘူးပေါ့"

ဓားပါရဂူတုယန့်ရှာ ခေါင်းညိတ်လိုက်သည်။

"အင်းပေါ့လေ ... ဖေဖေရဲ့မေမေ့အပေါ်ထားတဲ့ ချစ်ခြင်း
မေတ္တာကြီးမားမှုဟာ နာကြည်းမုန်းတီးမှုကို ပြောင်းလဲသွားပြီကိုး"

ကျွေးဟိုင်ယွဲ့ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ... မေမေတို့ သားအမိသုံးယောက်က သူ့
အပေါ် ဘယ်လောက်သံယောဇဉ်ကြီးတယ်၊ သစ္စာရှိတယ်ဆိုတာကို
သူ့အတွက် ကလဲ့စားချေပြီး သက်သေပြခွင့်ရှိပါသေးတယ်"

ဓားတစ်ချက်ခန်းချောင်သည် ယခုမှ ဓားပါရဂူတုယန့်ရှာက
မိမိအား ဤနေလကျေးရွာတွင် အဘယ်ကြောင့် ချိန်းဆိုခဲ့ခြင်းကို
သဘောပေါက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအား မိခင်ဖြစ်သူ ကျွေးဟိုင်ယွဲ့နှင့် ဆုံတွေ့ပေးက ဖခင်ဖြစ်သူအတွက် ကလွဲစားချေရန်နှင့် မိမိ၏ဘဝမှန်ကို သိရှိ မဟုတ်ပါလော။

"ဒါနဲ့ မေမေ .... ကလွဲစားချေရမယ့်လူက ဘယ်သူလဲ"

ကျွေးဟိုင်ယွဲ့၏မျက်နှာတစ်ခုလုံး တင်းမာလာ၏။

"လု ... အီ ... ကူး"

ဟု တစ်ခွန်းချင်း ရေရွတ်လိုက်သည်။

ခားတစ်ချက်ခန်းချောင် ခေါင်းခါယမ်းလိုက်သည်။

"လုအီကူးတစ်ယောက်တည်း မဖြစ်နိုင်ဘူး မေမေ"

ကျွေးဟိုင်ယွဲ့ မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

"သားစကားရဲ့အဓိပ္ပာယ်က"

ခားတစ်ချက်ခန်းချောင်သည် ကြေကွဲဝမ်းနည်းသော ဟ မှုရာဖြင့် ...

"သားကို အကြိမ်ကြိမ် ဒုက္ခပေးရုံတင်မကဘူး၊ သား ချစ် သူရဲ့အလောင်းကိုတောင်မှ သင်္ဂြိုဟ်ခွင့်မပေးခဲ့တဲ့ အကျည်းတန် လက်သခင်မဟာ လုအီကူးဆိုတဲ့လူနဲ့ တစ်စုံတစ်ရာပတ်သက်နေ လိမ့်မယ်"

ခားပါရဂူတုယန့်ရှာ ကြားဖြတ်မေးလိုက်သည်။



"အကျည်းတန်လက်သခင်မဆိုတာ ဘယ်သူလဲ"

"အစ်ကိုကြီးနှင်းပုလဲမြို့မှာတုန်းက ပြောလိုက်သွားတဲ့ မိန်း ကလေးပေါ့"

"သူ ... သူက လုအီကူးနဲ့ ဘယ်လိုမှ မပတ်သက်နိုင်ဘူး"

ခားတစ်ချက်ခန်းချောင် မဲ့ပြုံးပြုံးလိုက်သည်။

"ပတ်သက်တာ သေချာပါတယ်"

ခားပါရဂူတုယန့်ရှာ မျက်မှောင်ကြုတ်လိုက်၏။

"မင်းမှာ ဘာအထောက်အထားရှိလဲ"

ခားတစ်ချက်ခန်းချောင် မဲ့ပြုံးပြုံးလိုက်၏။

"ကျွန်တော် အစ်ကိုကြီးနဲ့ တွေ့ဆုံဖို့ ဒီကိုအလာမှာ ကျား မင်းသိုင်းသင်တန်းကျောင်းက လူတွေအထင်မှားပြီး တိုက်ခိုက်ခဲ့လို့ သွေးကြောပိတ်ပြီး ရှင်းပြမလို့ ကြိုးစားတယ်၊ ဒီအချိန်မှာ သွေးကြော ပိတ်ခံထားရတဲ့ ခြောက်နှစ်အရွယ်ကလေးငယ်တစ်ယောက်ကို ဒီဆံ ထိုးနဲ့ ပစ်သတ်လိုက်တယ်"

သူ စကားဆက်လိုက်သည်။

"နောက်တော့ ... သူ ကျွန်တော့်ကို မှားခေါ်သွားပြီး မျက် ခြည်ပြတ်ခဲ့တယ်၊ ကျွန်တော် ကျားမင်းသိုင်းသင်တန်းကျောင်းကို သွေးကြောဖြေဖို့ပြန်အသွားမှာ သူက အဲဒီလူတွေအားလုံးကို သွေး

www.burmeseclassic.com

www.burmeseclassic.com



ကြောပိတ်လျက်နဲ့ သတ်ပစ်လိုက်တယ်"

သူသည် ဓားတစ်ချက်ခန်းချောင်၏စကားအား မယုံကြ[ည်]
လိုပါချေ။

သို့သော် ...

ဓားတစ်ချက်ခန်းချောင်မှ လိမ်ညာပြောဆိုခြင်း မဟု[တ်]
ကြောင်း နားလည်ထား၏။

ယင်းကြောင့် ခေါင်းသွင်သွင်ခါယမ်းလျက် ...

"ဒီ ... ဒီချယ်ရီပန်းဆံထိုးဟာ ကျုပ်က သူ့ကို မင်္ဂလာလက်
ဆောင်အဖြစ် ခေါင်းမှာ အမြတ်တနိုးပန်ဆင်လာတာ မြင်ချင်လို့
ပေးခဲ့တာ၊ ဒါ ... ဒါကို ... သူက ... ဒီလိုရွှေဆံထိုးတွေ အများကြီး
ပြုလုပ်ပြီး သွေးစွန်းစေပြီလား"

ဓားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံ ပြူးကျယ်သွား
သည်။

"ဘယ် ... ဘယ်လို ဒီအကျည်းတန်လက်သခင်မဟာ
အစ်ကိုနဲ့ လက်ထပ်မယ့်မိန်းကလေး ဟုတ်လား"

ဓားပါရဂူတုယန့်ရှာသည် စကားမပြောနိုင်တော့ပါ။

သူသည် ဓားတစ်ချက်ခန်းချောင်၏လက်ထဲမှ ရွှေဆံထိုး
အား လှည့်ကြည့်ကာ ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင်ဖြစ်နေ



လေသည်။ ကျေးဟိုင်ယွဲ့က ကြားဖြတ်ပြောလိုက်၏။

"ဟုတ်တယ် သား၊ သူဟာ မင်း အစ်ကိုကြီးနဲ့ လက်ထပ်
မယ့် သကို့သမီးလေးပဲ"

ဓားတစ်ချက်ခန်းချောင် ခေါင်းသွင်သွင်ခါယမ်းလျက် ...

"မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး၊ ကျွန်တော့်အစ်ကိုကြီးနဲ့
လက်ထပ်မယ့်မိန်းကလေးဟာ ဒီလောက်ကောက်ကျစ်ရက်စက်မယ့်
မိန်းကလေးမျိုး မဖြစ်ရဘူး"

ကျေးဟိုင်ယွဲ့သည် သူ၏လက်ကို ဆွဲကိုင်ကာ ညင်သာ
ပျော့ပျောင်းသောလေသံဖြင့် ရှင်းပြလိုက်သည်။

"သားငယ် ... မင်း ဒီလိုမပြောပါနဲ့၊ ယို့မေလျှံတို့ ညီအစ်မ
ဟာ အင်မတန်မှ ရိုးသားဖြူစင်ပြီး သဘောထားပြည့်ဝတဲ့ မိန်းက
လေးတွေပါ၊ ဒါကြောင့် မေမေကိုယ်တိုင် သားကြီးနဲ့ လက်ဆက်ပေး
ဖို့ ဆုံးဖြတ်ခဲ့တာပဲ"

ဓားတစ်ချက်ခန်းချောင် ဝေ့ဝေ့သွားသည်။

"ဒါဆိုရင် သူ ဘာဖြစ်လို့ ဒီနေရာမှာလာပြီး ... ကျွန်တော်
တို့ နေလကျေးရွာကို ဒုက္ခပေးရတာလဲ"

ကျေးဟိုင်ယွဲ့က သက်ပြင်းချကာ ခေါင်းခါယမ်းလိုက်လေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါတော့ မေမေ မသိဘူး၊ မေမေသိတာက သူ သားကြီးကို လက်ထပ်ပေးမယ့်ရက်မှာပဲ သူ ရုတ်တရက်ပျောက် သွားတယ်၊ သူ့ကို မေမေတို့ နယ်ခြားဒေသတစ်ခုလုံး ပိုက်စိပ်တ ပြီး လိုက်ရှာနေစဉ်မှာပဲ မင်းဖေဖေရဲ့သတင်းဆိုးကို ကြားလို့ သ ကြီးနဲ့ ယို့မေလျှံရဲ့ညီမ ယို့ကူးကို လွှတ်ပြီး သားငယ်ကို ခေါ်ခိုင်းလိုက် တယ်၊ တစ်ဆက်တည်းမှာပဲ ယို့မေလျှံကိုလည်း ရှာခိုင်းခဲ့တ နောက်မှ မေမေတို့ ဒီမှာဆုံခဲ့ကြတာလေ"

ဓားတစ်ချက်ခန်းချောင် တွေဝေသွားလေသည်။

မည်သို့ဆိုစေ ...

သူသည် အကျည်းတန်လင်္ကာသခင်မသည် အလှ စက်ကြမ်းကြုတ်သော မိန်းကလေးအဖြစ်သာ နားလည်နေ၏။

ထို့ကြောင့် မိခင်အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်

"မေမေရယ် .. ကျွန်တော်သိတဲ့ အကျည်းတန်လင်္ကာသ မဟာ အင်မတန်ရက်စက်ကြမ်းကြုတ်တယ်နော်၊ သူဟာ မေ ပြောတဲ့ ယို့မေလျှံဆိုတဲ့ ဖြူစင်ရိုးသားတဲ့မိန်းကလေးဖြစ်နိုင် မလား"

ကျွေးဟိုင်ယွဲ့သည် ဓားပါရဂူတုယန့်ရှာအား အမေးပုစ္ဆ သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။



ဓားပါရဂူတုယန့်ရှာသည် မိခင်၏အကြည့်ကို သဘောပေါက်နားလည်သည့်အလား ခေါင်းညိတ်လိုက်သည်။

"ညီလေး ပြောတဲ့အတိုင်း ... ကျွန်တော် နှင်းပွင့်မြို့မှာ ပြေးလိုက်သွားခဲ့တဲ့ မိန်းကလေးဟာ အကျည်းတန်လင်္ကာသခင်မ ဖြစ်ခဲ့မယ်ဆိုရင် သူဟာ ယို့မေလျှံအစစ်ပါပဲ"

ကျွေးဟိုင်ယွဲ့၏မျက်နှာပေါ်တွင် နားမလည်နိုင်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ယို့မေလျှံကသာ အကျည်းတန်လင်္ကာသခင်မဆိုရင် သူ ဘာဖြစ်လို့ ဒီလောက်ပြောင်းလဲသွားရတာပါလိမ့်"

ယင်းအချိန် ...

အဝေးဆီမှ မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"ဒေါ်ဒေါ်ရေ ... ဒေါ်ဒေါ်ရေ"

ထိုအသံကြားလိုက်သည်နှင့် ကျွေးဟိုင်ယွဲ့သည် ဓားတစ်ချက်ခန်းချောင်နှင့် ဓားပါရဂူတုယန့်ရှာတို့အား တစ်လှည့်စီကြည့်လိုက်သည်။

"ဟော ... ယို့ကူး လိုက်လာပြီ၊ ဘာပဲဖြစ်ဖြစ် သူ့ညီမ ယို့မေလျှံဟာ အကျည်းတန်လင်္ကာသခင်မဆိုတာ မပြောကြနဲ့ဦး

www.burmeseclassic.com

www.burmeseclassic.com



နော်၊ နို့မို့ဆို ... သူ အားငယ်ပြီး မေမေတို့နဲ့ ဆက်လိုက်ဝံ့မှာ မဟုတ်တော့ဘူး"

သူမ ယွင်းသို့ပြောနေစဉ် ...

ယို့ကူးသည် သူမတို့အနီးသို့ ပြေးလွှားရောက်လာ၏။

သူမသည် ခားတစ်ချက်ခန်းချောင်အား တွေ့မြင်လိုက်သော အခါ မျက်နှုံးပင့်ကာ ကြည့်လိုက်သည်။

"သြော် ... ရှင်ကိုး ဘယ်လိုလဲ ... အခုတော့ ရှင့်ရဲ့ဘဝမှန် ကို သိသွားပြီမဟုတ်လား"

ပြုံး၍ မေးလိုက်သည်။

ခားတစ်ချက်ခန်းချောင် ခေါင်းညိတ်ပြလိုက်ရသည်။

ယို့ကူးသည် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်သည်။

"ဒါနဲ့ ... ဟိုတစ်ခါ နှင်းပွင့်မြို့မှာတွေ့ခဲ့တဲ့ ရှင့်ရဲ့အလှနတ် သမီးကော"

သူမ၏စကားသည် ခားတစ်ချက်ခန်းချောင်၏နှလုံးသား အား ခားပါးလေးတစ်လက်နှင့် ထိုးစိုက်လိုက်သည့်အလား ခံစား လိုက်ရလေသည်။

"ခင်ဗျားညီမရဲ့ ရက်စက်မှုကြောင့် သူသေပြီ"

ဤစကားသည် ...



သူ၏ပါးစပ်မှ ဖွင့်ဟလာသောစကား မဟုတ်ပါ။

ရင်ထဲမှ ကြေကွဲနာကြည်းစွာ ရေရွတ်လိုက်သောစကားပင် ဖြစ်၏။

ယို့ကူးသည် တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ မိမိအား စေ့စေ့ ကြည့်နေသော ခားတစ်ချက်ခန်းချောင်အား ပြုံး၍ကြည့်လျက် ထပ်မံ မေးလိုက်သည်။

"ဘယ်လိုလဲ ... ကျွန်မ မေးတာဖြေဦးလေ"

ခားတစ်ချက်ခန်းချောင် တုတ်တုတ်မျှ မလှုပ်ပါ။

သူသည် ယို့ကူးအား စိုက်ကြည့်နေ၏။

သို့သော် ...

သူ၏မျက်ဝန်းအိမ်ထဲ၌ ယို့ကူးအား မမြင်မိပါချေ။

ယွဲ့ပါကျင်း၏ပုံရိပ်များကိုသာ မြင်ယောင်နေမိသည်။

ကျွေးဟိုင်ယွဲ့သည် ခားတစ်ချက်ခန်းချောင်၏ဟန်မူရာ ကြောင့် ယို့ကူးကို အားတုံ့အားနာဖြင့် ကြည့်လိုက်၏။

"သမီး ယို့ကူး ... ဒေါ်ဒေါ်ရဲ့သားက သူ့ရဲ့ဘဝမှန်ကို ခုမှ သိလိုက်ရတော့ အတော်လေးထိခိုက်နေတယ်ကွဲ့ ... ဒါကြောင့်"

ယို့ကူးသည် ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ကျွန်မလည်း သူ့ရဲ့ခံစားမှုကို ကိုယ်ချင်းစာ

www.burmeseclassic.com

www.burmeseclassic.com



နားလည်မိလို့ တမင်စိတ်ပေါ့ပါးစေလိုတဲ့ဆန္ဒနဲ့ မေးနေတာပါ”

သူမ ဝန်းကျင်အား မျက်လုံးဝေ့ကြည့်ကာ စကားဆက်လိုက်၏။

“ကဲ ... ဒေါ်ဒေါ်ရေ ကျွန်မ တည်းခိုခန်းလေးခန်းငှားထားပြီးပြီ၊ တော်ကြာ နှင်းတွေ သိပ်ကျလာလို့ တည်းခိုခန်းတောင်မှ မမြင်ရဘဲ ဖြစ်နေဦးမယ်”

ကျေးဟိုင်ယဲ့ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တာပေါ့၊ ကဲ ... ကဲ ... မေမေတို့ တည်းခိုခန်းကို ပြန်ကြပါစို့”

ပြောပြီး နေလကျေးရွာသခင်ကြီးတုအား နောက်ဆုံးအကြိမ် ဂါရဝပြုလိုက်သည်။

ဓားတစ်ချက်ခန်းချောင်၊ ဓားပါရဂူတုယန့်ရှာနှင့် ယို့ကူးတို့ကလည်း ဂါရဝပြုလိုက်ကြ၏။

ယင်းနောက် ...

သူတို့လေးယောက်သည် နေလကျေးရွာ၏ မီးလောင်ပြင်ကြားမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

❋



ညဥ့်နက်လှပြီ ဖြစ်သည်။

နှင်းပွင့်များ ထူထပ်စွာ ကျဆင်းနေသဖြင့် ဝန်းကျင်တစ်ခုလုံး အအေးဓာတ်လွှမ်းကဲလျက် ...

သို့သော် ...

ရွှေစည်းစိမ်တည်းခိုးခန်းအတွင်းရှိ အိပ်ခန်းတစ်ခုတွင် မီးလင်းဖိုတစ်လုံးစီနှင့် နွေးထွေးသန့်ပြန့်စွာ ခင်းကျင်းထားသည့် ခုတင်တစ်လုံးစီရှိနေသဖြင့် အအေးဓာတ်ပေါ့လျော့နေ၏။

ဓားတစ်ချက်ခန်းချောင်သည် နွေးထွေးသော ခုတင်ထက်တွင် လူးလိမ့်ရင်း လေးလေးနက်နက် စဉ်းစားနေသည်။

အကျည်းတန်လက်ာသခင်မသည် ယို့မေလျှံ အမှန်တကယ်ဖြစ်ခဲ့ပါလျှင် သူမသည် မိမိ၏မရီးတော်စပ်နေပြီဖြစ်သည်။

ထို့ကြောင့် ... မိမိက ကလဲ့စားချေမည့်အရေးကို မိခင်ဖြစ်သူမှ ခွင့်ပြုမည်မဟုတ်ပါ။

ဤသို့ဆိုလျှင် ...

မိမိအတွက် အသက်စွန့်သွားခဲ့သော ချစ်သူယွဲ့ဝါကျင်းအတွက် တာဝန်မကျေသကဲ့သို့ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ယင်းသို့စဉ်းစားမိလိုက်သောအခါ ရင်ထဲ၌ နာကျင်[illegible] မိလေသည်။

မည်သို့ဆိုစေ ...

ယွဲ့ဝါကျင်း၏အလောင်းကိုမူ သူကိုယ်တိုင် မြေမြှုပ်[illegible] လိုသောဆန္ဒရှိနေ၏။

ယင်းကြောင့် ...

ဤနေရာမှ တိတ်တဆိတ်ထွက်ခွာကာ အကျည်းတ[illegible] လက်ာသခင်မနှင့် တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ဆုံးဖြတ်သည်နှင့် တစ်ပြိုင်နက် သူ စုတင်ပေါ်မှ[illegible] ကာ ပြတင်းတံခါးကို ညင်သာစွာ ဆွဲဖွင့်လိုက်၏။

ယင်းနောက် ...

ပြတင်းပေါက်မှတစ်ဆင့် ခုန်ထွက်လိုက်ပြီး မြင်းဇောင်း[illegible] အသင့်ရှိနေသော မြင်းတစ်ကောင်ကို စီးနင်းကာ တစ်ဟုန်ထိုး မော[illegible] ထွက်ခဲ့၏။

သူ၏မြင်းခွာသံသည် ညဥ့်နက်သန်းခေါင်ယံအချိန်တွ[illegible] ကျယ်လောင်စွာ ပဲ့တင်ထပ်သွားသည်။

ထိုတခဏလေးမှာပင် ...

တည်းခိုခန်းပေါ်မှ လူသုံးယောက် ခုန်ဆင်းလာကြ၏။



ကျွေးဟိုင်ယွဲ့၊ မားပါရှဂူကုယန့်ရှာနှင့် ယွီကူးတိုပင် ဖြစ်သည်။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူခေါင်းညိတ်လိုက်၏။

ထို့နောက် မြင်းဇောင်းထဲသို့ ပြေးလွှားသွားကာ မြင်းသုံးကောင်ပေါ်သို့ ပြိုင်တူခုန်တက်၍ မားတစ်ချက်ခန်းချောင်နောက်သို့ ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ညဥ့် ...။

ညဥ့်သည် တစ်စထက်တစ်စ ပို၍အိုမင်းရင့်ရော်လာ၏။

ထို့အတူ နှင်းပွင့်များသည်လည်း ပို၍ထူထပ်စွာ ကျဆ
လာ၏။

ဓားတစ်ချက်ခန်းချောင်သည် ထူထပ်သောနှင်းပွင့်မျ
ကြားမှ တိုးဝှေ့ဖြတ်သန်းကာ မြင်းကို ဒုန်းစိုင်းမောင်းနှင်လာခဲ့သ
မှာ နှစ်နာရီခန့် ကြာမြင့်ခဲ့ပြီ ဖြစ်၏။

ယခု ...

သူသည် အကျည်းတန်သခင်မ ချိန်းဆိုထားသော အိမ်
ပျက်ကြီးနှင့် အတန်ပင် နီးကပ်လာပြီဖြစ်သည်။

ထိုအချိန် ...

အိမ်အိုပျက်ကြီးဆီမှ အလင်းရောင်တစ်ချက် ဝင်းလ
သွားသည်ကို တွေ့မြင်လိုက်ရ၏။



သူ မျက်မှောင်ကြုတ်လိုက်၏။

ဤနေရာသည် ... လူသူကင်းဝေးသော နေရာတစ်ခုဖြစ်
သည်။

ထို့ပြင် ...

အကျည်းတန်သခင်မနှင့် ချိန်းဆိုထားသောရက်မှာ သုံး
ရက်ခန့်လိုနေသေး၏။

ဤသို့ဆိုလျှင် ...

အိမ်အိုပျက်ကြီးထဲမှ မီးရောင်ထွန်းညှိလိုက်သောလူသည်
မည်သူဖြစ်မည်နည်း။

ယွဲ့ဝါကျင်း၏ဝိညာဉ်မှ လာရောက် ထွန်းညှိနေခြင်းပေ
လော။

သူ ယင်းသို့စဉ်းစားမိလိုက်သည်နှင့်တစ်ပြိုင်နက် မြင်းပေါ်
မှ ခုန်ဆင်းကာ အိမ်အိုပျက်ကြီးထဲသို့ တစ်ဟုန်ထိုးပြေးဝင်လာခဲ့လေ
တော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင်သည် အိမ်အိုပျက်ကြီးတဲသို့ တစ်ဟုန်ထိုးပြေးဝင်ခဲ့လေသည်။

ရုတ်တရက် ...

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားကာ ခြေလှမ်းများ ရပ်တန့်သွားလေသည်။

အကြောင်းကား ...

မိန်းကလေးတစ်ယောက်သည် သူ့အား ကျောခိုင်းလျက် အနီရောင်ဖယောင်းတိုင်နှစ်တိုင်အား ထွန်းညှိနေခြင်းကို တွေ့မြင်လိုက်ရ၏။

သူမ၏ခန္ဓာကိုယ်ပေါ်တွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ ခန္ဓာကိုယ်အား ကိုင်းညွတ်၍ ဖယောင်းတိုင်မီးအား ထွန်းညှိနေသဖြင့် ပြေပြစ်ကြော့ရှင်းသော ခန္ဓာကိုယ်အလှကို ပို၍ပေါ်လွင်စေလေသည်။

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါလာလေသည်။

ဤမြင်ကွင်းသည် ...

မိမိနှင့်ယွဲ့ဝါကျင်းတို့ နှစ်ဦးသဘောတူ လက်ထပ်ခဲ့သော ညဆီက မြင်ကွင်းနှင့် တူညီနေ၏။



ယင်းကြောင့် ...

ယွဲ့ဝါကျင်းသည် ဝိညာဉ်ဘဝနှင့် ဤနေရာမှ မိမိအား စောင့်ဆိုင်းနေခြင်းလောဟု တွေးလိုက်မိသည်။

“ဝါကျင်း ... ဝါကျင်း”

ဓားတစ်ချက်ခန်းချောင်သည် ရူးသွပ်နေသူတစ်ယောက်ပမာ စူးရှအော်ဟစ်ရင်း အဖြူရောင်မိန်းကလေးထံသို့ ပြေးလွှားသွားကာ သိုင်းဖက်လိုက်၏။

ယင်းတခဏ်လေးမှာပင် ...

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် မြင်ကွင်းမှ ရုတ်တရက်ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင် ...

အနီရောင်ဖယောင်းတိုင်မှ ထွက်ပေါ်နေသော မီးရောင်များမှာလည်း ရုတ်ခြည်းပင် ပျောက်ကွယ်သွား၏။

ထိုအခါ ...

ဝန်းကျင်တစ်ခုလုံးမှာ ချောက်ချားဖွယ်ရာကောင်းအောင် မှောင်မည်း၍ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးမှာ ချောက်ချားဖွယ်ရာကောင်းအောင် မှောင်မည်းတိတ်ဆိတ်သွား၏။

ဓားတစ်ချက်ခန်းချောင်သည် ဝန်းကျင်တစ်ခုလုံးအား မျက်လုံးဝေ့ကြည့်ကာ ပျောက်ကွယ်သွားသော အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေးအား ပြေးလွှားရှာဖွေနေသည်။

"ဝါကျင်း ... ဝါကျင်း"

ရုတ်တရက် ...

သူသည် တစ်စုံတစ်ခုနှင့် တိုက်မိကာ လဲပြိုသွား၏။

'ဝုန်း ... ဝုန်း'

သူ လူးလဲထရန် ဟန်ပြင်လိုက်စဉ် ...

မိန်းကလေးတစ်ယောက်၏အသံကြောင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ကောင့်တင်းသွားလေသည်။

"ပန်းသခင်မ
အလှမာန်ဝင့် ... သိုင်းဟန်တင့်
သခင့်ရင်ခွင် ... နားမည့်ပြင်



ကြင်သူခြွေဆင့် ... ပန်းကြွေလွင့်ပြီ"

အသံသည် ကြည်လင်ပြီး ဆွဲဆောင်မှုရှိလှ၏။

ဓားတစ်ချက်ခန်းချောင်သည် အသံထွက်ပေါ်လာရာသို့ မကောင်းဆိုးရွားတစ်ကောင်ပမာ ပြူးကျယ်သောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေစဉ် ...

အိမ်ပျက်ကြီး၏ထောင့်တစ်ထောင့်မှ မီးရောင်များ ထွက်ပေါ်လာ၏။

အနီရောင်ဖယောင်းတိုင်နှစ်တိုင်မှ ထွက်ပေါ်လာသည့် မီးရောင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ...

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားပြီး အဖြူရောင်ဇာပဝါနှင့် မျက်နှာကိုဖုံးအုပ်ထားသည့် မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရ၏။

ဓားတစ်ချက်ခန်းချောင်က သူမအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် လူးလဲထရပ်ကာ ရှုံ့ရှာမှုန်းတီးသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လျက် ...

"အကျည်းတန်လက်ာသခင်မ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အေးစက်တင်းမာသောအသံဖြင့် တစ်ခွန်းချင်း ရေရွ
လိုက်လေတော့သည်။

❋

ဓားတစ်ချက်ခန်းချောင်သည် အကျည်းတန်လက်ာသခင်မ
အား ရွံရှာမုန်းတီးသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေ၏။

အကျည်းတန်လက်ာသခင်မကလည်း သူ့အား ဓာပ
အောက်မှ စူးရှသည့်မျက်ဝန်းအစုံဖြင့် ပြန်လည်စိုက်ကြည့်နေသည်

ဝန်းကျင်တစ်ခုလုံးတွင် လေတိုက်ခိုက်ခြင်းသာ မရှိခဲ့ပါလျှ
ကမ္ဘာမြေပြင်တစ်ခုလုံး သက်ရှိထင်ရှားလူသားဟူ၍ တစ်စုံတ
ယောက်မှ မရှိသည့်အလား တိတ်ဆိတ်ခြင်းများ လွှမ်းခြုံထား၏

ရုတ်တရက် ...

ဓားတစ်ချက်ခန်းချောင်၏အေးတိအေးစက်အသံသည
တိတ်ဆိတ်ခြင်းကို ထိုးဖောက်ကာ ထွက်ပေါ်လာသည်။

"ကျင်းဝါ ... ဘယ်မှာလဲ"

အကျည်းတန်လက်ာသခင်မ ပခုံးတစ်ချက် တွန့်လိုက်၏



"သူ သေသွားပြီလေ"

ဓားတစ်ချက်ခန်းချောင်၏ရင်ထဲ စူးနင့်သွားသည်။

"သူ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ဘယ်မှာလဲ"

အကျည်းတန်သခင်မ ရယ်မောလိုက်၏။

"ခစ် ... ခစ် ... ခစ် ... ရှင့်ကိုကြည့်ရတာ ယွဲ့ဝါကျင်းရဲ့ အလောင်းကို ကိုယ်တိုင်မြေမြှုပ်သင်္ဂြိုဟ်ခွင့်ပေးချင်တယ် ထင်ပါတယ်"

"မင်းက ... ကျုပ် သူ့ကို မြေမြှုပ်သင်္ဂြိုဟ်ခွင့်မရအောင် သူ့အလောင်းကို ယူသွားတာ မဟုတ်လား"

"ဩော် ... ရှင် သဘောပေါက်လွယ်သားပဲ"

ဓားတစ်ချက်ခန်းချောင်သည် စူးရှစွာ စိုက်ကြည့်လျက် ...

"ပြောစမ်း ... သူ ဘယ်မှာလဲ"

အကျည်းတန်လက်ာသခင်မက သက်ပြင်းတစ်ချက်ချလျက် ...

"အင်း ... သူ့အလောင်းကို မြေမြှုပ်နေရင် ရှင် ပင်ပန်းမှာစိုးလို့ ပင်လယ်ထဲပစ်လိုက်ပြီ၊ ရှင်က သူနဲ့တွေ့ချင်တယ်ဆိုရင်တော့ ပင်လယ်ရေအောက်မှာ လိုက်ရှာပေါ့"

သူမ၏စကားကြောင့် ဓားတစ်ချက်ခန်းချောင်၏မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



သည် ဒေါသဖြစ်လွန်း၍ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ဒေါသကြောင့် တဆတ်ဆ
တုန်ခါလာလေသည်။

"မင်း ... မင်း ... တော်တော်ရက်စက်တဲ့မိန်းမ"

အကျည်းတန်လက်ာသခင်မသည် ဖာပဝါအောက်မှ
သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ရက်စက်တယ်ဆိုတာ ကျွန်မ သိတယ်၊ ဒါပေမဲ့ ရှ
ကျွန်မထက် ပိုပြီးရက်စက်တယ်"

ဓားတစ်ချက်ခန်းချောင်၏နှလုံးသား၌ ပြင်းထန်သော
ကျင်စူးရှမှုဝေဒနာကို ခံစားလိုက်မိသည်။

"ကျုပ်ရဲ့ယှဉ်ပြိုင်ပွဲမှာ ဘယ်လောက်အင်အားကြီးမား
ယှဉ်ပြိုင်ဘက်တွေဖြစ်ပါစေ ဖြောင်တိုက်တာ၊ ချောင်းတိုက်တာ
စုံတွေ့ခဲ့ဖူးတယ်၊ ဒါပေမဲ့ ဒီလောက်ယုတ်မာရက်စက်တဲ့ တိုက်ကွ
မျိုးကိုတော့ ကျုပ် မတွေ့ခဲ့ဖူးဘူး"

အကျည်းတန်လက်ာသခင်မက အေးတိအေးစက်သော
အသံဖြင့် ...

"ရှင် နာကြည်းနေပြီမဟုတ်လား၊ ဒါက ဖြစ်သင့်တယ်၊ ဒီ
ကြည်းမှုကို ကျေကျေနပ်နပ် လက်ခံသင့်တယ်"



ဓားတစ်ချက်ခန်းချောင် မျက်မှောင်ကြုတ်ကာ ကြည့်လိုက်
၏။

"မင်း ... ဘာတွေပြောနေတာလဲ၊ ဘာတွေပြောနေတာလဲ၊
မင်းနဲ့ကျုပ် တစ်ကြိမ်တစ်ခါမှ ကြုံဆုံခဲ့ဖူးခြင်းတောင် မရှိပါဘဲ ဘာ
ကြောင့် ကျုပ်ကို တစ်ကြိမ်ပြီးတစ်ကြိမ် ရန်ငြိုးကြီးကြီးနဲ့ ဒုက္ခပေးနေ
တာလဲ"

အကျည်းတန်လက်ာသခင်မ ရယ်မောလိုက်သည်။ နာ
ကြည်း ကြေကွဲသော ရယ်မောခြင်းမျိုး ဖြစ်၏။

"လေမရှိရင် လှိုင်းမထန်ဘူး၊ အညီမရှိရင် ယင်မအုံဘူး၊
ရှင်နဲ့ကျွန်မရဲ့ ရန်ငြိုးဟာ ရှင့်အသက်နဲ့ ပေးဆပ်ရင်တောင်မှ ကျွန်မ
နှလုံးသားထဲက ဒဏ်ရာက ကျေနပ်နိုင်မှာ မဟုတ်ပါဘူး"

ဓားတစ်ချက်ခန်းချောင်သည် မှုန်တီးခြင်း၊ အံ့ဩခြင်း၊ နား
မလည်နိုင်ခြင်း စသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ရှင်းရှင်းလင်းလင်း ပြောစမ်း ... ကျုပ်နဲ့မင်း ဘာရန်ငြိုး
ရှိလဲ"

အကျည်းတန်လက်ာသခင်မ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ရှင်သိအောင်ပြောပြမယ်၊ ရှင် ဝိဉာဉ်နှုတ်
ကြိုးတံတားမှာ တိုက်ခိုက်ခဲ့တဲ့ ကြေးဝါရောင်မျက်နှာဖုံးရှင်ကို သတိရ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်မဟုတ်လား”

ဓားတစ်ချက်ခန်းချောင် ခေါင်းညိတ်လိုက်သည်။

“မှတ်မိတယ် ... အဲဒီလူက ဘယ်သူလဲ”

အကျည်းတန်လင်္ကာသခင်မသည် ဓာပဝါအောက်မှ စူးရှ သောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

အတန်ကြာမှ ...

“ကျွန် ... မ”

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွား သည်။

“မင်း ... ဟုတ်လား”

အကျည်းတန်လင်္ကာသခင်မက အေးတိအေးစက်ဖြင့် ရယ် မောလိုက်၏။

“အဟင်း ဟင်း ... ရှင့်စိတ်ထဲမှာ ကျွန်မ သေပြီလို့ ထင်နေ တယ် မဟုတ်လား”

သူမ ခေါင်းတစ်ချက်ခါယမ်းကာ ...

“ကျွန်မဟာ ... ကျွန်မဆရာရဲ့ ကယ်တင်မှုကြောင့် အသက်ရှင်သန်ခွင့်ရခဲ့တယ်၊ အဲဒါ ရှင့်ကြောင့် ... ရှင့်ကြောင့်”

ဓားတစ်ချက်ခန်းချောင်သည် ခေါင်းကို ဖြည်းညင်းစွာ ခါ



ယမ်းလိုက်သည်။

“မင်းကိုကြည့်ရတာ ကျုပ်ကို သိပ်နာကြည်းနေသလိုပဲ၊ ဒါပေမဲ့ ... အခုချိန်ထိ ရှင်းရှင်းလင်းလင်း မသိရသေးဘူး”

အကျည်းတန်လင်္ကာသခင်မ သူ့အား အတန်ကြာစိုက်ကြည့်နေ၏။

“ရှင် သိုင်းလောကရဲ့ ချယ်ရီအလှဘုရင်မဆိုတာ ကြားဖူးလား”

ဓားတစ်ချက်ခန်းချောင် ခေါင်းညိတ်လိုက်သည်။

“မြောင်နယ်ခြားမှာ သိုင်းပညာထိပ်သီးအဆင့်ရှိပြီး အလွန်လှပချောမောတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်၊ သူ့ကို ချယ်ရီအလှဘုရင်မလို့ သိုင်းလောကသားတွေက ပြောတာ ကျုပ်ကြားဖူးတယ်၊ နေပါဦး ... အဲဒီ မိန်းကလေးက”

အကျည်းတန်လင်္ကာသခင်မက အေးတိအေးစက်အသံဖြင့်

“ကျွန်မပဲ”

ဓားတစ်ချက်ခန်းချောင်သည် ဓာပဝါဖြင့် ဖုံးအုပ်ထားသော သူမ၏မျက်နှာအား တစ်ချက်လှမ်းကြည့်ကာ ...

“ဒါနဲ့တောင်မှ မင်းက ဘာဖြစ်လို့ မျက်နှာကို ဖုံးအုပ်ထား ရတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်လက်ာသခင်မက စကားမပြောတော့ပါ။ သူမသည် ဇာပဝါအား ဖြည်းညင်းစွာ ပင့်တင်လိုက်၏။

ထိုအခါ ...

သူမ၏မျက်နှာအား ထင်ရှားစွာ တွေ့မြင်လိုက်ရ၏။

ယင်းတဒင်္ဂလေးမှာပင် ...

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားကာ ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ...

❊

အကျည်းတန်လက်ာသခင်မသည် မျက်နှာပေါ်မှ ဇာပဝါကို ဦးခေါင်းပေါ်သို့ ပင့်တင်ထား၏။

သူမသည် သိုင်းလောကသားများ၏ နှုတ်ခမ်းဖျားပေါ်၌ပင် ချယ်ရီအလှဘုရင်မအဖြစ် တင်စားခေါ်ဝေါ်ခံရသော အလှပိုင်ရှင်မလေး ဖြစ်၏။



ထို့ကြောင့် ...

သူမ၏အလှသည် တုလွတ်ကင်းသော အလှပိုင်ရှင်ဖြစ်ရပေမည်။

သို့သော် ...

ယခု တွေ့မြင်နေရသော ချယ်ရီပန်းအလှဘုရင်မ၏ မျက်နှာတစ်ခုလုံးမှာ ညီညာသော သဲသောင်ပြင်ပေါ်တွင် ကလေးငယ်တစ်ယောက်က တုတ်ချောင်းများနှင့် ရေးခြစ်ထားသည့်အလား ဓားဒဏ်ရာအမာရွတ်များ ရှုပ်ထွေးနေ၏။

မည်သူမဆို ...

သူမအား ယခုကဲ့သို့ ညအချိန်မဆိုထားနှင့် ... နေ့ဘက်၌ တွေ့မြင်မိမည်ဆိုပါလျှင် မကောင်းဆိုးဝါးတစ်ကောင်အား တွေ့မြင်မိသည့်အလား ထိတ်လန့်တုန်လှုပ်သွားကြရမည်သာ ဖြစ်ပေသည်။

ဓားတစ်ချက်ခန်းချောင်သည် သူမအား ထိတ်လန့်တုန်လှုပ်စွာဖြင့် ကြည့်နေမိသည်။

အကျည်းတန်လက်ာသခင်မက သူ့အား ရှုံ့ရှုအေးစက်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ဘယ်လိုလဲ ... ကျွန်မဟာ ချယ်ရီအလှဘုရင်မဆိုတဲ့စကား

www.burmeseclassic.com

www.burmeseclassic.com



ကို ရှင် အခုလို ကျွန်မမျက်နှာကို မြင်တွေ့ရချိန်မှာ လက်ခံယုံကြည်နိုင်ပါ့မလား"

ဓားတစ်ချက်ခန်းချောင်သည် သူမအား ကြက်သေသေကာ ကြည့်နေလေသည်။

အကျည်းတန်လက်ာသခင်မက မဲ့ပြုံး ပြုံးကာ စကားဆက်လိုက်၏။

"ရှင်နဲ့ကျွန်မဟာ ဝိညာဉ်နှုတ်ကြိုးတံတားမှာ တိုက်ခိုက်ရင်း ရှင့်ရဲ့လက်ချက်နဲ့ ကျွန်မ ကြိုးတံတားအောက်ကို ပြုတ်ကျခဲ့တယ်လေ၊ ကျွန်မဟာ အသက်မသေခဲ့ပေမယ့် ကျွန်မရဲ့မျက်နှာအလှဆုံးရှုံးခဲ့ရတယ်"

ပြောရင်း သူမ၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာလေသည်။

"ဒီမျက်နှာအလှ ဆုံးရှုံးရတာဟာ ကျွန်မနလုံးသားကို သေဆုံးစေခဲ့တယ် ... ဘာဖြစ်လို့လဲ သိလား"

ဓားတစ်ချက်ခန်းချောင်က လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်ကာ မေးလိုက်၏။

"ဆိုပါဦး"

အကျည်းတန်လက်ာသခင်မ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျဆင်းလာလေသည်။

"ဒီ ... ဒီဒဏ်ရာကြောင့် ကျွန်မဟာ လူတောထဲ မတိုးဝံ့ဘဲ ဘဝပျက်ခဲ့တယ်၊ အဆိုးဆုံးက ဘဝတစ်သက်တာမှာ တစ်ကြိမ်သာ သံယောဇဉ်ငြိတွယ်ခဲ့ရတဲ့ ချစ်သူနဲ့ လက်ထပ်မယ့်မင်္ဂလာပွဲကို ရှောင်ပြေးခဲ့ရတယ်"

သူမ၏စကားကြောင့် ...

ဓားတစ်ချက်ခန်းချောင်၏မျက်နှာပေါ်တွင် အံ့သြထိတ်လန့်သော ဟန်မူရာများ ပေါ်လွင်လာသည်။

"သြော် ... ဒါကြောင့် မင်းက ယွဲ့ဝါကျင်းကို ကျုပ်နဲ့ သံယောဇဉ်ငြိတွယ်စေပြီးမှ သေစေခဲ့တာပေါ့"

အကျည်းတန်လက်ာသခင်မ ခေါင်းညိတ်လိုက်၏။

"သိပ်ဟုတ်တာပေါ့ရှင် ... ကျွန်မက ရှင့်ကို သူနဲ့ သံယောဇဉ်တွယ်စေပြီး သေစေခဲ့တယ်၊ နောက်ဆုံး သူ့အလောင်းကိုတောင်မှ ရှင့်မှာ မြေမြုပ်သင်္ဂြိုဟ်ခွင့်ဆိုတာ မရှိစေရဘူး ... ဟား ဟား ဟား"

ဓားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ ပြင်းပြင်းထန်ထန် နာကျင်လာမိလေသည်။

သူ၏မျက်ဝန်းအစုံတွင် အပြစ်ကင်းစင်လှသော ယွဲ့ဝါကျင်း



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာအား ပြန်လည်မြင်ယောင်နေမိသည်။

အကျည်းတန်လက်ာသခင်မသည် အတန်ကြာမှ ရယ်ေ
ခြင်းကို ရပ်တန့်ကာ သူ့အား မျက်ခုံးပင့်၍ကြည့်လိုက်၏။

"ဘယ့်နှယ်လဲ ... ကျွန်မရဲ့ ပထမဆုံးအကြိမ် ကလဲ့စ
ချေခြင်းဟာ အင်မတန်လှပပြီး ရက်စက်ကြမ်းကြုတ်တယ်မဟု
လား"

ဓားတစ်ချက်ခန်းချောင်သည် သူမအား စိုက်ကြည့်နေ၏

သူ၏ရင်ထဲတွင် ဝမ်းနည်းကြေကွဲခြင်းများဖြင့် တင်းကျ
နေလေသည်။

ယင်းအချိန် ...

အမှောင်ထုထဲမှ သက်ပြင်းချသံတစ်သံ ထွက်ပေါ်လာ၏

"အင်း ... ကျုပ်နဲ့အရင်းနှီးဆုံးလူဟာ ဘာဖြစ်လို့ ရက်စ
ဆုံးလူတစ်ယောက် ဖြစ်နေတာပါလိမ့်"

ထိုအသံအား ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အကျ
တန်လက်ာသခင်မ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွား၏။

သူမသည် ဦးခေါင်းပေါ်သို့ ပင့်တင်ထားသော ဇာပဝါ
ကမန်းကတန်း မျက်နှာပေါ်သို့ ပြန်လည်ဖုံးအုပ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ...



ပြတင်းပေါက်မှ ခုန်ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

သို့သော် ...

သူမ ခြေလှမ်းရပ်တန့်လိုက်ရသည်။

အကြောင်းကား ...

လူတစ်ယောက်သည် သူမ၏ရှေ့သို့ လျှပ်စီးလက်လိုက်သည့်အလား ရောက်ရှိလာကာ ပိတ်ဆို့ဟန့်တားထားလိုက်သောကြောင့် ဖြစ်၏။

ဓားတစ်ချက်ခန်းချောင်က ထိုလူအား တွေ့မြင်လိုက်သည်နှင့် မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

"အစ်ကိုကြီး"

ဟု လွှတ်ခနဲ ရေရွတ်လိုက်သည်။

မှန်ပါသည်။

ထိုလူကား ဓားပါရဂူတုယန့်ရှာ ဖြစ်လေတော့သည်။

✽ ✽ ✽

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

အကျည်းတန်လင်္ကာသခင်မ (ဝါ) ကြေးဝါရောင်မျက်နှာဖုံ

ပိုင်ရှင် (ဝါ) ယို့မေလျှံသည် ဓားပါရဂူတုယန်ရှားအား ဇာပဝါအောက်

မှ ရှူးရှသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေ၏။

သူမသည် စိတ်လှုပ်ရှားလွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး

တုန်တုန်ယင်ယင်ဖြစ်နေလေသည်။

ဓားပါရဂူတုယန်ရှားသည် သူမအား ရီဝေသောမျက်လုံးအစုံ

ဖြင့် ကြည့်လျက် …

"ယို့မေလျှံရယ် … မင်း ဘာဖြစ်လို့ ကိုယ့်ကို တစ်ကြိမ်ပြီး

တစ်ကြိမ် ရှောင်ပြေးဖို့ ကြိုးစားနေတာလဲကွာ"

အကျည်းတန်လင်္ကာသခင်မ (ဝါ) ယို့မေလျှံ၏မျက်ဝန်းအစုံ

မှ မျက်ရည်များ ရစ်ဝဲလာလေသည်။

"ကျွန် … ကျွန်မဟာ ရှင်နဲ့ ဘယ်လိုမှ မတန်တော့ပါဘူး

ရှင်"



ဓားပါရဂူတုယန်ရှား ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

"မင်း … ဒီလိုပြောတာဟာ ကျုပ်စိတ်ကို ဘယ်လောက် တုန်လှုပ်စေတယ်ဆိုတာ မင်းသိရဲ့လား၊ ကျေးဇူးပြုပြီး ဒီစကားမျိုး မပြောပါနဲ့ကွာ'

အကျည်းတန်သခင်မ (ဝါ) ယို့မေလျှံသည် သူ့အား ဝေဝေငိုင်ငိုင်လျက် ကြည့်နေလေသည်။

"ကျွန်မနဲ့ရှင့်ရဲ့ ဖူးစာဟာ မီးတောက်တစ်ခုလိုပဲ ဖြစ်တာ မြန်သလို ပြေပျောက်တာလည်း မြန်ပါတယ်၊ ဘယ်လောက်ပဲ ဖြစ်နေတဲ့အချိန်မှာ အလင်းရောင်လင်းလက်တောက်ပစေမယ့် လက်တွေ့ အချိုးမကျတဲ့ဘဝမျိုးကို ရှင် ဘယ်လောက်ထိ ရင်ဆိုင်ဝံ့မှာ တဲ့လဲ"

သူမ၏အသံများ တုန်တုန်ယင်ယင်ဖြစ်နေလေသည်။

ဓားပါရဂူတုယန်ရှားသည် သူမအား စိုက်ကြည့်လိုက်၏။

"မင်းရဲ့အကျည်းတန်နေတဲ့ မျက်နှာကို ကျုပ်က တကယ့် လက်တွေ့မှာ အချိုးကျကျရင်မဆိုင်ဝံ့ဘူးလို့ ဆိုလိုတာလား"

အကျည်းတန်လင်္ကာသခင်မ (ဝါ) ယို့မေလျှံ ခေါင်းငုံ့သွား လေသည်။

ဓားပါရဂူတုယန်ရှားသည် သူ့အနီးသို့ ဖြည်းညင်းစွာ တိုး

www.burmeseclassic.com

www.burmeseclassic.com



ကပ်လာကာ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မေလျှံ ... မင်းနဲ့ကျုပ် လက်ထပ်မယ့်နေ့မှာ မင်း ရောက်မလာခဲ့ဘူး၊ သတို့သမီးကင်းမဲ့နေတဲ့ မင်္ဂလာခန်းထဲက ကျုပ်ရဲ့ဘဝဟာ ဓားထက်ထက်နဲ့ နှလုံးသားကို အကြိမ်ကြိမ်လှီးဖြတ်နေသလို ခံစားခဲ့ရတယ်ဆိုတာ မင်းသိရဲ့လား"

အကျည်းတန်လက်ဘသခင်မ (ဝါ) ယို့မေလျှံ၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါနေ၏။

"ကျွန်မ ... ကျွန်မလည်း မင်္ဂလာပွဲရက်မှာ ဒီခံစားမှုမျိုး ခံစားခဲ့ရပါတယ်၊ ဒါပေမဲ့ ..."

ဓားပါရဂူတုယန့်ရှာ သူမအား အကဲခတ်ကြည့်လိုက်၏။

"ဒါပေမဲ့ ... မင်း ဒီလိုအခြေအနေမျိုးနဲ့ ကျုပ်ကို ရင်မဆိုင်ချင်ဘူးပေါ့ ... ဟုတ်လား"

အကျည်းတန်လက်ဘသခင်မ (ဝါ) ယို့မေလျှံ ခေါင်းညိတ်လိုက်၏။

ဓားပါရဂူတုယန့်ရှာ၏မျက်မှောင်ကြုတ်လိုက်သည်။

"ဒါနဲ့ နေပါဦး ... မင်း အဲဒီအချိန်တုန်းက ဘယ်ရောက်နေတာလဲ"

အကျည်းတန်လက်ဘသခင်မ (ဝါ) ယို့မေလျှံသည် သက်



ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ကျွန်မ မင်္ဂလာမဆောင်မီ သုံးရက်လောက်အလိုမှာ ကျွန်မဆရာဆီက အရေးတကြီးခေါ်တဲ့ စာတစ်စောင် ရောက်လာလို့ ဆရာ့ဆီသွားခဲ့ပါတယ်၊ အဲဒီမှာတင် ဆရာပေးတဲ့ တာဝန်တစ်ခုကို ထမ်းဆောင်ရင်း ... ဝိညာဉ်နှုတ်ကြိုးတံတားပေါ်က ပြုတ်ကျသွားခဲ့ပြီး ..."

သူမက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်သည်။

ဓားပါရဂူတုယန့်ရှာသည် သူမအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"နေပါဦး ... မင်းဆရာက ဘယ်လိုတာဝန်မျိုးပေးခဲ့လို့ မင်း ဝိညာဉ်နှုတ်ကြိုးတံတားပေါ်က ပြုတ်ကျခဲ့ရတာလဲ"

အကျည်းတန်လက်ဘသခင်မ သက်ပြင်းတစ်ချက် အသာချလိုက်၏။

"အင်း ... ဆ ... ဆရာရဲ့ရန်သူကို ရန်ကြွေးဆပ်ဖို့ နေလကျေးရွာကို တိုက်ခိုက်ခိုင်းတာပါ"

"ဟင် ... မင်း နေလကျေးရွာကိုသွားတိုက်ခဲ့တယ်၊ ဟုတ်လား၊ ဒါ ... ဒါဖြင့် မင်းဆရာဆိုတာက"

www.burmeseclassic.com

www.burmeseclassic.com



"လု ... အီ ... ကူးပေါ့"

ဤစကားကိုပြောလိုက်သူမှာ အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံ မဟုတ်ပါ။

ကျွေးဟိုင်ယွဲပင် ဖြစ်သည်။

❋

ကျွေးဟိုင်ယွဲ ...။

သူမသည် ယင်းသို့ပြောရင်း အခန်းတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင်လာ၏။

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် သူမအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးညွတ်၍ ဂါရဝပြုလိုက်လေသည်။

"ဒေါ်ဒေါ်က ကျွန်မဆရာကို သိနေတာကိုး"

ကျွေးဟိုင်ယွဲ မချိပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်၊ ဒေါ်ဒေါ်ဟာ မင်းဆရာကိုသိရုံတင် ဘယ်ကမလဲ နေလကျေးရွာသခင်ကြီးနဲ့လည်း ပတ်သက်ခဲ့တယ်"



"ဒေါ်ဒေါ်နဲ့ နေလကျေးရွာသခင်ကြီးက ပတ်သက်တယ် ဟုတ်လား၊ ဘယ်လိုပတ်သက်တာပါလိမ့်ရှင်"

"သူဟာ ဒေါ်ဒေါ့်ရဲ့ခင်ပွန်း၊ ဘုယန့်ရှာရဲ့ဖခင်ပဲ"

မမျှော်လင့်သောစကားကြောင့် အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံ၏ခန္ဓာကိုယ် တစ်ချက်ယိမ်းယိုင်သွား၏။

ကျွေးဟိုင်ယွဲသည် သူမအား စိုက်ကြည့်ကာ မချိပြုံးပြုံးလိုက်သည်။

"ယို့မေလျှံ ... တကယ်တော့ မင်းဟာ မင်းဆရာရဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ ထောင်ချောက်တစ်ခုထဲမှာ အသုံးချခံရတဲ့ လူပါ"

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံ ခေါင်းသွင်သွင် ခါယမ်းလိုက်၏။

"ကျွန်မ ... ကျွန်မ ဘာကိုမှ နားမလည်တော့ဘူး"

ကျွေးဟိုင်ယွဲ ခေါင်းညိတ်လိုက်သည်။

"မင်း နားလည်အောင် ဒေါ်ဒေါ်ရှင်းပြပါ့မယ် ... ဒီလိုကွဲ့"

သူမသည် မိမိတို့ဇနီးမောင်နှံ လုအီကူးကြောင့် စားတစ်ချက်ခန်းချောင်နှင့် နေလကျေးရွာသခင်ကြီးတို့ ထွက်ခွာသွားပြီး ကွဲကွာခဲ့ရပုံမှစ၍ အသေးစိတ်ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် သူမ၏ စကားများကို နားထောင်ရင်း ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ခါလျက် ဦးခေါင်းများ မူးဝေနောက်ကျိလာသည်အထိ ခံစား လိုက်ရလေတော့သည်။

❋

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် တသိမ့် သိမ့်ငိုရှိုက်နေ၏။

ကျေးဟိုင်ယွဲ့သည် သူမအား ကရုဏာသက်စွာ ကြည့်လိုက် သည်။

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် ရုတ်တ ရက် ကျေးဟိုင်ယွဲ့ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်၏။

"ကျွန်မ ... ကျွန်မဟာ နေလကျေးရွာကို ဒေါ်ဒေါ်နဲ့ တစ် တစ်ရာပတ်သက်မှုရှိမှန်း သိခဲ့ရင် ဒီလိုမျိုးတိုက်ခိုက်မှာ မဟုတ်ပါဘူး ရှင်"

ကျေးဟိုင်ယွဲ့ ခေါင်းညိတ်လိုက်သည်။



"မင်းဟာ အင်မတန်ရိုးသားဖြူစင်ခဲ့တဲ့ မိန်းကလေးဆိုတာ ဒေါ်ဒေါ်သိပါတယ်၊ ဒါပေမဲ့ ကိုယ့်မင်္ဂလာပွဲကျင်းပခါနီးကျမှ နေလ ကျေးရွာကို လုပ်ကြံမယ့်တိုက်ပွဲမှာ ဝင်ပါတယ်ဆိုတော့ တကယ်စဉ်း စားစရာပဲ"

"အင်း ... အမှန်တော့ ဒီတိုက်ပွဲကို ကျွန်မ တကယ်မပါဝင် ချင်ပါဘူး၊ ဒါပေမဲ့ ကျွန်မ အရိုးပျော့အဆိပ်မိသွားခဲ့တယ်လေ၊ သူက ဒီတိုက်ပွဲပြီးမှ အဆိပ်ဖြေဆေးပေးမယ်ဆိုလို့"

ဓားပါရဂူတုယန့်ရှာ၏မျက်နှာတစ်ခုလုံး တင်းမာအေးစက် သွားသည်။

"တောက် ... ဒါ ... ဒါ တကယ်ယုတ်မာတာပဲ"

ကျေးဟိုင်ယွဲ့ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"လုအီကူး ... လုအီကူး ... တကယ်ကောက်ကျစ်ရက်စက် တာပဲကိုး၊ ဒီတိုက်ပွဲမှာ ယို့မေလျှံကို အသုံးပြုတာဟာ နေလကျေး ရွာသခင်ကြီးတုကို လုပ်ကြံရုံတင်မကဘူး၊ ငါ့သားရဲ့ အသည်းနှလုံးကို ကွဲကြေစေဖို့ပဲ"

သူမ သက်ပြင်းတစ်ချက်ချကာ အကျည်းတန်လက်ာသခင် မ (ဝါ) ယို့မေလျှံအား ပခုံးနှစ်ဖက်မှဆုပ်ကိုင်၍ ဆွဲထူလိုက်၏။

"ဘာပဲဖြစ်ဖြစ် ... မင်းဟာ ဒေါ်ဒေါ်ကိုယ်တိုင် အသိအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုထားတဲ့ ချွေးမလေလောင်းပဲ၊ ဒါကြောင့် ... ဒီနေ့ကစပြီး ချစ်ခြင်း မုန်းခြင်း အနှောင်အဖွဲ့အားလုံးက ကင်းလွတ်ပြီး စိတ်ချမ်းသာအောင် နေပါကွယ်"

သူမ၏စကားကြောင့် အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံ အလွန်အံ့သြသွားသည်။

"ဒေါ်ဒေါ် ... ဒေါ်ဒေါ် ကျွန်မကို ခွင့်လွှတ်တယ် ... ဟုတ် လား"

ကျွေးဟိုင်ယွဲ့ ပြုံးလျက် ခေါင်းညိတ်လိုက်၏။

"ခွင့်လွှတ်ပါတယ်ကွယ်"

"ကျူပ်ကတော့ ခွင့်မလွှတ်နိုင်ဘူး"

ထိုစကားကိုပြောလိုက်သူမှာ ဓားတစ်ချက်ခန်းချောင် ဖြစ် ၏။

ကျွေးဟိုင်ယွဲ့၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ဓားပါရဂူတုယန့်ရှာသည် ညီဖြစ်သူအား စိုးရိမ်စွာ လှမ်း ကြည့်လိုက်၏။

"ညီလေး"

အကျည်းတန်သခင်မ (ဝါ) ယို့မေလျှံ ပခုံးတစ်ချက် တွန့် လိုက်သည်။



"ရှင်က ကျွန်မကို ယွဲ့ဝါကျင်းအတွက် ခွင့်မလွှတ်နိုင်ဘူး ဆိုပါတော့"

ဓားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံး အေးစက်တင်း မာလာလေသည်။

"ဟုတ်တယ် ... ကျူပ်က မင်းကို ခွင့်လွှတ်လိုက်ရင် ဝါကျင်း ရဲ့ဝိညာဉ်အတွက် ဥပေက္ခာပြုရာကျမယ်"

အကျည်းတန်လက်ာသခင်မ (ဝါ) ယွဲ့ဝါကျင်း ခေါင်းခါယမ်း လိုက်၏။

"ဒါဆိုရင် ... ရှင် ကျွန်မကို သေချာခွင့်လွှတ်ရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယွဲ့ဝါကျင်းဟာ ခုချိန်ထိ သေဆုံးခြင်းမရှိသေး လို့ပဲ"

ဓားတစ်ချက်ခန်းချောင်သည် မယုံကြည်နိုင်သော မျက်လုံး အစုံဖြင့် ကြည့်လိုက်၏။

"ဘယ်လို ... ဝါကျင်း မသေဘူး ... ဟုတ်လား"

အကျည်းတန်သခင်မ (ဝါ) ယို့မေလျှံ ဖြည်းညင်းစွာ ခေါင်း ညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ... သူ့ရဲ့အလောင်းကို ကျွန်မ ပြန်သယ်သွား တာက ရှင့်ကို နာကြည်းကြေကွဲစေချင်သလို သူ့ အချိန်မီ အသက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်နိုင်ဖို့ ဝိညာဉ်လယ်အဆိပ်ဖြေဆေး ကျွေးဖို့လည်း အရေးကြ
နေလို့ပါ”

ခေါ်းတစ်ချက်ခန်းချောင်၏မျက်ဝန်းအစုံ ဝင်းလက်တော
ပသွားသည်။

“ဒါ … ဒါဆိုရင် … သူ အခု ဘယ်မှာလဲဟင်”

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် တစ်
တစ်ခု ပြောရန်ဟန်ပြင်လိုက်သည်။

ယင်းအချိန် …

ရုတ်တရက် အမှောင်ထုထဲမှ အေးစက်ကျယ်လောင်သော
ရယ်မောသံတစ်သံ ထွက်ပေါ်လာ၏။

“ဟား … ဟား … ဟား … ယွဲ့ဝါကျင်း အသက်ရှင်သည်
ဖြစ်စေ၊ သေသည်ဖြစ်စေ မင်းတို့ နေလကျေးရွာက တုမျိုးနွယ်
အားလုံး ငါ့လိုပဲ ဝမ်းနည်းကြေကွဲစေရမယ်ကွ”

ထိုအသံကြောင့် …

အားလုံးသောလူများ၏မျက်နှာများ ကွက်ခနဲ ပျက်သွ
ကြသည်။

တစ်ချိန်တည်းမှာပင် …

အသံထွက်ပေါ်လာသော အိမ်ပျက်၏ အပြင်ဘက်ဆီ



ပြုံ့င်တူလှမ်းကြည့်လိုက်လေတော့၏။

❊

ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေ၏။

မြူနှင်းများ ထူထပ်စွာ ကျဆင်းနေသည်။

ရုတ်တရက် ထိုထူထပ်သော နှင်းမြူများကြားမှ အလွန်
ကြောက်မက် ဖွယ်ရာကောင်းသော အငွေ့အသက်တစ်ခုသည် အိမ်
ပျက်ထဲသို့ စိမ့်ဝင်လာသည်ဟု ခံစားလိုက်ရ၏။

ယင်းအငွေ့အသက်သည် ထူထပ်သောနှင်းမြူများထက်
ပင် လျှို့ဝှက်ပြီး အေးစက်သောအငွေ့အသက်တစ်မျိုးပင် ဖြစ်သည်။

ဤသို့ဆိုလျှင် …

ဤအေးစက်သော မျက်လုံးအစုံသည် မည်သည့်အရပ်မှ
လာသနည်း။

မည်သည့်ရည်ရွယ်ချက်ကြောင့် ရောက်ရှိလာပါသနည်း။

❊

www.burmeseclassic.com

www.burmeseclassic.com



ထူထပ်သော နှင်းမြူများကြားမှ အလွန်ကြောက်မက်ဖွယ်

ရာကောင်းသော အငွေ့အသက်တစ်ခုသည် အေးစက်ပြီး ရက်စက်

ကြမ်းကြုတ်သည့် မျက်လုံးတစ်စုံနှင့်အတူ အိမ်ပျက်ကြီးထဲသို့ ဖြည်း

ညင်းစွာ စိမ့်ဝင်လာ၏။

ထိုအခါ ...

အိမ်ပျက်ကြီးထဲတွင် အေးစိမ့်သော အငွေ့အသက်များနှင့်

ဖုံးလွှမ်းသွားသည်။

ဓားတစ်ချက်ခန်းချောင်၊ ဓားပါရဂူတုယန်ရှား၊ ကျွေးဟိုင်ယဲ့

နှင့် အကျည်းတန်လင်္ကာသခင်မ (ဝါ) ယို့မေလျှတို့သည် ခန္ဓာကိုယ်

တစ်ခုလုံး အေးစိမ့်တောင့်တင်းလာသည်ဟု ခံစားလိုက်ကြရ၏။

ယင်းတဒင်္ဂလေးမှာပင် ...

အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည်

မိန်းကလေးတစ်ယောက်အား ခါးမှပွေ့ချီလျက် အိမ်ပျက်ထဲသို့ လှမ်း

ဝင်လာခြင်းကို တွေ့မြင်လိုက်ရသည်။

ကျွေးဟိုင်ယဲ့သည် ထိုအဘိုးအိုအား တွေ့မြင်လိုက်သည်နှင့်

တစ်ပြိုင်တည်း မျက်နှာပေါ်တွင် ရွံရှာမုန်းတီးသော ဟန်မူရာများ



ပေါ်လွင်လာ၏။

"လု ... အီ ... ကူး"

ဟု တစ်ခွန်းချင်း ရေရွတ်လိုက်၏။

တစ်ချိန်တည်းမှာပင် ...

ဓားတစ်ချက်ခန်းချောင်သည် အဘိုးအို၏လက်ထဲတွင် ပွေ့

ချီထားသော မိန်းကလေးအား စိုးရိမ်ထိတ်လန့်စွာဖြင့် ကြည့်ရင်း...

"ဝါကျင်း"

လွှတ်ခနဲ အော်ဟစ်လိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေ၏။

သို့သော် ...

ဓားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ မီးစနှင့် ထိုးစိုက်ခံထားရသည့်အလား ခံစားနေမိလေသည်။

လုအီကူးသည် ရက်စက်ကြမ်းကြုတ်သော မျက်ဝန်းအစုံဖြင့် အားလုံးသောလူများအား မျက်လုံးတစ်ချက် ဝေ့ကြည့်ကာ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်၏။

ယင်းနောက် ...

လက်ထဲတွင် ပွေ့ချီထားသော ယွဲ့ဝါကျင်း၏ခန္ဓာကိုယ်ပေါ်ရှိ ပင်မသွေးကြောခြောက်ခုအား တစ်ခုချင်း ဖိနှိပ်လိုက်သည်။

ထိုအခါ ...

ယွဲ့ဝါကျင်းသည် တစ်ချက်လူးလွန့်လျက် မျက်ဝန်းများ ပွင့်လာ၏။



သူမ မျက်စိများပွင့်လာသည်နှင့် တစ်ပြိုင်နက် ဓားတစ်ချက်ခန်းချောင်အား တွေ့မြင်လိုက်ရသည်။

သူမသည် လုအီကူး၏လက်ထဲမှ ရုန်းကန်လိုက်သည်။

"ခန်းချောင်"

လုအီကူးသည် မဲ့ပြုံးပြုံးလျက် သူမ၏ပခုံးအား လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်၏။

နာကျင်လွန်းသောဝေဒနာကြောင့် ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာကာ အော်ဟစ်လိုက်၏။

"အမယ်လေး"

ဓားပါရဂူတုယန့်ရှာသည် ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်၏။

'ချွမ်း'

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားကာ ဓားပါရဂူတုယန့်ရှာ၏လက်အား ဖမ်းဆုပ်ဆွဲထားလိုက်သည်။

"မလုပ်နဲ့"

ပြောရင်း ယွဲ့ဝါကျင်းအား စိုးရိမ်စွာကြည့်နေ၏။

လုအီကူးသည် ဓားတစ်ချက်ခန်းချောင်မှ ဓားပါရဂူတုယန့်ရှာအား ဟန့်တားလိုက်ခြင်းကို တွေ့မြင်ရသောအခါ အားမနာတရ

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ဓားတစ်ချက်ခန်းချောင်

ကျုပ်ထင်ထားတာထက်တောင်မှ အခြေအနေကို နားလည်လွယ်

တာပဲကိုး"

ကျေးဟိုင်ယွဲ့ သူ့အား ရွံရှာမုန်းတီးစွာ စိုက်ကြည့်လျက်

"လုအီကူး ... ရှင်ဟာ ကျွန်မတို့အိမ်ထောင်ရေးကို ဖျ

ဆီးခဲ့တယ်၊ ကျွန်မယောကျ်ားကို သတ်ဖြတ်ခဲ့တယ်၊ ဒါတင်မက

ဘာဖြစ်လို့ ကျွန်မကလေးတွေကိုပါ ဒုက္ခပေးချင်တာလဲ"

လုအီကူးက သူမအား မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဒါလား ... တုမျိုးနွယ်အားလုံး ကျုပ်လိုပဲ နာကြည်း

ကွဲစေချင်လို့ပါဗျာ"

ဓားပါရဂူတုယန့်ရှာ မဲ့ပြုံးပြုံးလိုက်သည်။

"လုအီကူး ... ခင်ဗျားကသာ ယောကျ်ားပီသတဲ့ သို

မားတစ်ယောက်ဖြစ်မယ်ဆိုရင် ယွဲ့မိန်းကလေးကို လွှတ်ပြီး ကျ

ရင်ဆိုင်စမ်း"

သူ၏စကားမဆုံးမီ အကျည်းတန်သခင်မ (ဝါ) ယို့မေ

လက်ဝါးတစ်ဖက်သည် ပါးပြင်ပေါ်သို့ ပြင်းထန်စွာ ရောက်

သည်။



'ဖြန်း'

ဓားပါရဂူတုယန့်ရှာ၏ခန္ဓာကိုယ် တစ်ချက်ယိမ်းယိုင်သွား

သည်။

"မင်း ... မင်း"

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် သူ့အား

အေးတိအေးစက်သံဖြင့် ...

"ရှင့်လိုလူမျိုးက ကျွန်မဆရာကို ဒီလိုဆက်ဆံဝံ့သလား"

ဓားပါရဂူတုယန့်ရှာ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်း

သောဟန်မူရာများ ပေါ်လွင်လာ၏။

လုအီကူးက အားပါးတရ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ကောင်းတယ်၊ သိပ်ကောင်း

တယ်၊ နောက်ထပ် တစ်ချက်လောက် ရိုက်လိုက်ပါဦး"

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံက ဦးညွတ်၍

ခေါင်းညိတ်ကာ ဓားပါရဂူတုယန့်ရှာအား ထပ်မံရိုက်ရန် ဟန်ပြင်

လိုက်သည်။

ဓားပါရဂူတုယန့်ရှာသည် ရှောင်တိမ်းခြင်း မပြုပါချေ။

သူသည် မျက်ရည်များနှင့် ရစ်ဝဲနေသော မျက်လုံးအစုံဖြင့်

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံအား စိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် … အကျည်းတန်လက်ဟာသခင်မ (ဝါ) ယို့မေလျှ၏ လက်ဝါးသည် သူ၏ပါးပြင်ဆီသို့ အရှိန်ပြင်းစွာ ကျရောက်လာသည်။

သို့သော် …

ရုတ်တရက် သူမ၏လက်အား အခြားလက်တစ်ဖက်က ဖမ်းဆုပ်ဆွဲထားလိုက်သည်။

ဓားတစ်ချက်ခန်းချောင်၏လက် ဖြစ်သည်။

"ရပ်လိုက်စမ်း … မေတ္တာတရားကို နားမလည်တဲ့မိန်းမ ကျုပ်အစ်ကိုရဲ့ မျက်နှာသာမရှိရင် အခုလောက်ဆို ခင်ဗျား အကြိမ်တစ်ရာမက သေဆုံးနေပြီဆိုတာ သိရဲ့လား"

အကျည်းတန်လက်ဟာသခင်မ (သို့) ယို့မေလျှ အေးတိအေးစက်ဖြင့် ရယ်မောလိုက်၏။

"အဟင်း … ဟင်း … ဟင်း … သူ့ရဲ့မေတ္တာ မိုးလောက်ကြီးမားပါစေ၊ ကျွန်မမျက်နှာအလှကို ဖျက်ဆီးခဲ့တဲ့ ရှင့်လို တိရစ္ဆာန်တစ်ကောင် ရဲ့အစ်ကိုဖြစ်နေလို့ ကျွန်မ ဘယ်တော့မှ တန်ဖိုးထားမှာမဟုတ်ဘူး"

ဓားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံးမှာ ဒေါသကြောင့် နီရဲသွားသည်။



"မိန်းမရိုင်း"

ဟု အော်ဟစ်ရင်း သူမ၏ပခုံးအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ဓားပါရဂူတုယန့်ရှာ၏မျက်နှာ ကွက်ခနဲပျက်သွားကာ ကမန်းကတန်း ဟန့်တားလိုက်သည်။

"မလုပ်နဲ့"

သူ၏ဟန့်တားသံကြောင့် ဓားတစ်ချက်ခန်းချောင်၏လက်သည် အရှိန်လျော့ကျသွားသည်။

ထို့ကြောင့် …

အကျည်းတန်လက်ဟာသခင်မ (ဝါ) ယို့မေလျှ၏ပခုံးအား ခပ်ဆတ်ဆတ်လေးမျှသာ ထိမှန်သွား၏။

'ဖတ်'

သို့သော် …

အကျည်းတန်လက်ဟာသခင်မ (ဝါ) ယို့မေလျှသည် စူးရှစွာ အော်ဟစ်ရင်း နောက်သို့လွင့်စဉ်သွားလေသည်။

"အမယ်လေး"

ဓားပါရဂူတုယန့်ရှာ သူမအတွက် စိုးရိမ်သွား၏။

"မေလျှ"

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ရင်း အကျည်းတန်လက်ာသခင်မ နောက်သို့ ခုန်၍ လိုက်ပါသွားသည်။

ဓားတစ်ချက်ခန်းချောင် ကြောင်အမ်းအမ်းဖြစ်သွား၏။

ယင်းတခဏ်လေးမှာပင် ...

လုအီကူးသည် ယွဲ့ဝါကျင်းအား လွှတ်ကာ အကျည်းတန်သခင်မ (ဝါ) ယို့မေလျှံ နောက်သို့ ခုန်၍လိုက်ပါလာသော ဓားပါရဂူတုယန့်ရှာအား လက်ဝါးနှစ်ဖက်နှင့် ဆီးကြိုကာ ပင့်ရိုက်ထည့်လိုက်သည်။

ဓားပါရဂူတုယန့်ရှာသည် အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံထံသို့ အာရုံရောက်ရှိနေသဖြင့် လုအီကူး၏လက်ဝါးရိုက်ချက်အား ရှောင်တိမ်းနိုင်မည် မဟုတ်ပါ။

"သား ... ယန့်ရှာ"

"အစ်ကိုကြီး"

ကျွေးဟိုင်ယွဲ့နှင့် ဓားတစ်ချက်ခန်းချောင်တို့သည် ဓားပါရဂူတုယန့်ရှာအတွက် စိုးရိမ်ကာ လုအီကူးထံသို့ ပြိုင်တူခုန်ဝင်သွားကြလေသည်။

သို့ရာတွင် ...

လုအီကူးနှင့် ဓားပါရဂူတုယန့်ရှာတို့သည် အလွန်နီးကပ်



သောအခြေအနေတွင် ရှိနေသဖြင့် မည်သို့မျှ ကာကွယ်ပေးရန် မဖြစ်နိုင်တော့ပါ။

သို့သော် ...

လုအီကူး၏လက်ဝါးသည် ဓားပါရဂူတုယန့်ရှာအား ရိုက်ချမိခြင်းမရှိပါ။

အခြေအနေသည် ရုတ်တရက် ပြောင်းလဲသွားသည် မဟုတ်ပါလော။

❋

ကံကြမ္မာသည် ...

မျက်လှည့်ပညာရှင်နှင့် တူ၏။

နိမ့်သည့်အရာကို မြင့်အောင်လုပ်သည်။ မြင့်သည့်အရာကို နိမ့်အောင်လုပ်သည်။

ရှိသည့်အရာကို မရှိအောင်လုပ်နိုင်သည်။ မရှိသည့်အရာကို ရှိအောင်လုပ်နိုင်သည်။

ထို့အတူ ...

www.burmeseclassic.com

www.burmeseclassic.com



ယခုကံကြမ္မာသည် ခားပါရဂူတုယန့်ရှာ၏ ကံကြမ္မာအ
ကောင်းသောဘက်သို့ ဖန်တီးပေးလိုက်သည်။

အတိအကျဆိုရပါလျှင် ...

ခားပါရဂူတုယန့်ရှာအား ကောင်းသောဘက်သို့ ဖန်တီးပေ
လိုက်သောလူမှာ အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံဖြစ်
သည်။

အခုမှန်တွင် ...

သူမသည် ခားတစ်ချက်ခန်းချောင်၏လက်ဝါးရိုက်ချက်
ပြင်းပြင်းထန်ထန်ခံစားရခြင်း မရှိပါ။

သို့သော် ...

ပြင်းပြင်းထန်ထန် နာကျင်ခံစားရဟန်ဖြင့် လုအီကူးထံ
လွင့်စဉ်ဟန်ပြုကာ ယွဲ့ဝါကျင်းအား လုယူရန် ကြိုးစားကြံစည်လို
ခြင်းဖြစ်သည်။

ယင်းတဒင်္ဂလေးမှာပင် ...

လုအီကူးသည် မိမိနောက်သို့ စိုးရိမ်စွာလိုက်ပါလာသော
ခားပါရဂူတုယန့်ရှာအား လှမ်းရိုက်ရန် ဟန်ပြင်ကာ ယွဲ့ဝါကျင်းအ
လက်လွှတ်လိုက်ခြင်းကို တွေ့မြင်လိုက်ရ၏။

ထိုအချိန် ...



သူမသည် လုအီကူးနံဘေးသို့ ရောက်ရှိသွားကာ အကျီ
လက်ထဲမှ ခားမြှောင်အား လျှပ်တစ်ပြက်ထုတ်ယူကာ ခားဖြင့် ထိုး
သွင်းလိုက်သည်။

“အွန့်”

လုအီကူး၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

သို့သော် ...

သူသည် အတွေ့အကြုံရင့်ကျက်သော ထိပ်သီးသိုင်းသမား
တစ်ယောက်ဖြစ်ရာ ခားပါရဂူတုယန့်ရှာထံသို့ ချိန်ရွယ်ပင့်ရိုက်ထား
သော လက်ဝါးအား အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံထံ
သို့ အားကုန်ရိုက်ချလိုက်သည်။

‘ဝုန်း’

‘အွန့်’

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် နီးကပ်
လွန်းသော အခြေအနေကြောင့် ရှောင်တိမ်းရန် မည်သို့မျှ မဖြစ်နိုင်
တော့ပါ။

ယင်းကြောင့် ...

လုအီကူး၏ပြင်းထန်သော လက်ဝါးနှစ်ဖက်သည် သူမ၏
ရင်ဘက်အား ရိုက်ခတ်မိသွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် မသဲမကွဲ ညည်းညူသံနှင့်အတူ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

❊

လုအီကူး၏ခါးမှသွေးများ စီးကျနေ၏။

သူ၏မျက်လုံးအစုံကလည်း သွေးများ ထွက်လုမတတ် နီ သည်။

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံအား ယုံကြည် နဲ့ခြင်းမှာ သူ၏မဟာအမှားပင်ဖြစ်သည်။

အကြောင်းကား ...

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် ဓားပါရှ တုယန့်ရှာအား အသက်တမျှ သံယောဇဉ်ကြီးမားသောကြောင့် ဖြ ၏။

❊



ဓားမြှောင်သည် လုအီကူး၏နံရိုးကြားထဲ၌ စိုက်ဝင်နေ၏။

ပြင်းပြင်းထန်ထန်နာကျင်သောဝေဒနာများသည် သူ၏မြင် ကွင်းအား ဝိုးတဝါးဖြစ်စေလေသည်။

သို့သော် ...

သူလဲကျသွားခြင်း မရှိသေးပါ။

ရုတ်တရက် သူ၏ဝိုးတဝါးမြင်ကွင်းထဲ၌ လူရိပ်သုံးခု ရှေ့ဆင့် နောက်ဆင့် ရောက်ရှိလာကြလေသည်။

ဓားပါရှုတုယန့်ရှာ ဓားတစ်ချက်ခန်းချောင်နှင့် ကျွေးဟိုင် ယွဲ့တို့ ဖြစ်သည်။

သူသည် ခန္ဓာကိုယ်ထဲရှိ အင်အားကို နောက်ဆုံးအကြိမ် အဖြစ် စုစည်းကာ အနီးကပ်ဆုံးရှိ ဓားပါရှုတုယန့်ရှာထံသို့ လက်ဝါး နှစ်ဖက်ဖြင့် အားကုန်ရိုက်ချလိုက်သည်။

ဓားပါရှုတုယန့်ရှာသည် လက်ဝါးနှစ်ဖက်ပင့်ကာ ခံပေး လိုက်သည်။

'ဝုန်း'

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ထုံကျဉ်သွားကာ နောက်သို့ ခြေ သုံးလှမ်းခန့် ဆုတ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထိတ်လန့်သွားၡ၏။

ဤမျှ ဒဏ်ရာရထားသော လူအိုကူးသည် မိမိအား ခြေသံး လှမ်းမျှ ဆုတ်အောင်ရိုက်နိုင်ခြင်းမှာ မည်မျှသိုင်းပညာအဆင့်မြင့်မားကြောင်း သိရှိနိုင်သည်။

ထိုအချိန် ...

ဓားတစ်ချက်ခန်းချောင်နှင့် ကျွေးဟိုင်ယွဲတို့သည် လူအိုကူး အနီးသို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိသွားကြ၏။

"မေမေ ... ညီလေး ... သတိထား"

သူ အော်ဟစ်သတိပေးလိုက်သည်။

ယင်းတဒင်္ဂလေးမှာပင် လူအိုကူးသည် ကျွေးဟိုင်ယွဲ၏ လက်ကို ဖမ်းဆုပ်ကိုင်သည်။

တစ်ချိန်တည်းမှာပင် အခြားလက်ဝါးတစ်ဖက်နှင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

သို့သော် ...

သူ၏လက်ဝါးသည် ကျွေးဟိုင်ယွဲ၏ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိခြင်းမပြုမီ ဓားတစ်ချက်ခန်းချောင်၏ဓားသည် သူ၏နှလုံး သားထဲသို့ ထိုးဖောက်ဝင်ရောက်လာ၏။

"အား"



သူသည် စူးရှစွာအော်ဟစ်ရင်း ဒူးများ ညွတ်ကွေးကာ လဲပြိုကျသွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

ယွဲ့ဝါကျင်းသည် ...

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အလွန်ကြောက်မက်ဖွယ်ရာကောင်းပြီး ပြင်းထန်သောတိုက်ပွဲတစ်ခုကို တွေ့မြင်ရသောကြောင့် ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေမိ၏။

လုအီကူး လဲကျသွားသည့်အချိန်၌ သူမသည် အိပ်မက်မှလန့်နိုးလာသူပမာ သတိဝင်လာသည်။

ထို့ကြောင့် ...

မိမိ၏ခြေထောက်နား၌ လဲကျနေသော အကျည်းတန်သခင်မ (ဝါ) ယို့မေလျှံအား ကမန်းကတန်း ပွေ့ချီဟန်ပြင်လိုက်၏။

သို့သော် ...

လက်တစ်စုံသည် သူမထက် လျင်မြန်စွာဖြင့် ရောက်ရှိလာကာ အကျည်းတန်လက်သခင်မ (ဝါ) ယို့မေလျှံအား ပွေ့ချီလိုက်သည်။



ဓားပါရဂူတုယန့်ရှာ၏လက်အစုံဖြစ်သည်။

အကျည်းတန်လက်သခင်မ (ဝါ) ယို့မေလျှံသည် မျက်ဝန်းကိုအားယူကာ ဖွင့်ကြည့်လိုက်၏။

သူမသည် အိပ်မက်ဆိုးမှ လန့်နိုးလာသူပမာ ဓားပါရဂူတုယန့်ရှာ၏လက်အား တင်းကျပ်စွာ ဆုပ်ကိုင်လျက် ...

"ယန့်ရှာ ... ရှင် ... ရှင် ... ဘာဖြစ်သွားသေးလဲဟင်"

စိုးရိမ်စွာဖြင့် မေးလိုက်သည်။

ဓားပါရဂူတုယန့်ရှာ၏ရင်ထဲ၌ ဆို့နင့်သွားသည်။

"ကျုပ် ဘာမှမဖြစ်ပါဘူး ... မင်းလည်း ဘာမှမဖြစ်စေရဘူး"

အကျည်းတန်လက်သခင်မ (ဝါ) ယို့မေလျှံ မချိပြုံး ပြုံးလိုက်သည်။

"ဒေါ်ဒေါ် ... ဓားတစ်ချက်"

ဓားတစ်ချက်ခန်းချောင်သည် သူမအနီးသို့ ရောက်ရှိလာကာ ကမန်းကတန်း ဒူးထောက်လိုက်၏။

"မမ ... မမ ... ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ် ... ကျုပ် ... အထင်လွဲခဲ့မိတာကို ခွင့်လွှတ်ပါ"

ပြောရင်း မျက်ရည်များ ရစ်ဝဲလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် ပြုံး
ခေါင်းခါယမ်းလိုက်သည်။

"မင်းကသာ မမအပေါ် ဒီလိုအထင်မလွဲခဲ့ရင် ... ခုလော
ဆို မမတို့အားလုံး သေဆုံးနေရပြီလေ၊ ဒါကြောင့် မင်း အထင်လွဲတ
ကောင်းပါတယ်"

ကျွေးဟိုင်ယွဲ၏ရင်ထဲ၌ ဆို့နင့်ကြေကွဲလာသည်။

"လုအီကူး ... လုအီကူး ... သူဟာ တကယ့်ကို ရန်ငြိုးကြ
တာပဲကိုး၊ သူဟာ ဒေါ်ဒေါ့်ကို မပိုင်ဆိုင်ရလို့ နေလကျေးရွာသ
ကြီးတုရဲ့ မျိုးဆက်နှစ်ယောက်ဖြစ်တဲ့ သားကြီးယန့်ရှာနှင့် သားငယ
ခန်းချောင်တို့ကို သူ့လိုပဲ နာကြည်းကြေကွဲစေအောင် ကလဲ့စား
ခဲ့တာပဲ"

ယင်းအချိန် ...

အပြင်ဘက်မှ မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေ
လာသည်။

"ဒေါ်ဒေါ် ... ဒေါ်ဒေါ်"

ထိုအသံကြောင့် အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မ
လျှံ၏ ဝေဒနာကြောင့် မှေးမှိန်နေသော မျက်ဝန်းအစုံသည် အရော
များ လင်းလက်လာသည်။



"မ ... မ ... ယို့ကူး ... မဟုတ်လား"

ကျွေးဟိုင်ယွဲ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သမီး ... မင်း မင်္ဂလာဆောင်ခါနီး ရောက်
မလာလို့ ဒေါ်ဒေါ်တို့ လိုက်ရှာဖို့အတွက်မှာ သူလည်း သူ့ညီမ
အတွက် စိုးရိမ်လို့ လိုက်ခဲ့တာပဲ"

သူမ ပြောနေစဉ် ...

ယို့ကူးသည် အိမ်ပျက်ထဲသို့ လှမ်းဝင်လာ၏။

"ဒေါ်ဒေါ်ရယ် ... ကျွန်မ ဒေါ်ဒေါ်တို့နဲ့ မျက်ခြည်ပြတ်သွား
လို့ ဒီအနီးအနားတစ်ဝိုက်မှာ လှည့်ပတ်ရှာနေတာ၊ ဒေါ်ဒေါ်တို့စီးသွား
တဲ့ မြင်းကို မြင်လိုက်ရလို့ ဒီထဲကိုဝင်လာမိတာ ... တော်သေးတာ
ပေါ့"

သူမ ဓားတစ်ချက်ခန်းချောင်အား အကဲခတ်ကြည့်ကာ ...

"ဒါနဲ့ ဒေါ်ဒေါ် ... ရှင် ... ကျွန်မညီမနဲ့ တစ်စုံတစ်ရာ ပြဿ
နာရှိတယ်၊ ဒါကြောင့် တိတ်တဆိတ်သွားတွေ့လိမ့်မယ်လို့ ပြောခဲ့
တယ်၊ ကျွန်မတို့သုံးယောက် ရှင့်ကို စောင့်ကြည့်နေတုန်း ရှင် ထွက်
သွားလို့ လိုက်လာတာ၊ ဘယ်မှာလဲ ကျွန်မညီမ"

ဓားတစ်ချက်ခန်းချောင်သည် ယခုမှ ကျွေးဟိုင်ယွဲတို့ ရှိ
နေရာသို့ရောက်ရှိလာရခြင်းကို သဘောပေါက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူသည် ယို့ကူး၏အမေးကို အဖြေပေးရန်မှ အခက်ကြုံနေ၏။

ယို့ကူးသည် ယခုမှ ဓားပါရှုတုယန့်ရှာ ပွေ့ချီထားသော အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံအား တွေ့မြင်လိုက်ကာ ထိတ်လန့်သွား၏။

"သူ ... သူက ဘယ်သူလဲ"

ကျေးဟိုင်ယဲ့သည် မျက်ရည်များ စီးဆင်းကျလာသည်။

"သူ ... သူဟာ ... ဒေါ်ဒေါ်တို့ရှာနေတဲ့ မေလျှံပဲ"

ယို့ကူး၏မျက်ဝန်းအစုံ ပြူးကျယ်သွားသည်။

ရုတ်တရက် ခေါင်းသွင်သွင်ခါယမ်းကာ ...

"မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး၊ သူ ... သူက ကျွန်မညီမ မဖြစ်နိုင်ဘူး"

ယင်းအချိန် ...

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံသည် မျက်ရည်များနှင့် ရစ်ဝဲနေသော မျက်ဝန်းအစုံဖြင့် ကြည့်ကာ ...

"မ ... မမ"

ယို့ကူး၏မျက်ဝန်းအစုံ ပြူးကျယ်သွားသည်။



သူမသည် မျက်နှာတစ်ခုလုံး ဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နှက်နေသော ညီမဖြစ်သူအနီးသို့ ပြေးလွှားလာကာ ဒူးထောက်လိုက်သည်။

"ညီမ ... ညီမလေးရယ် ... ဘာဖြစ်လို့ ဒီလိုအခြေအနေမျိုး ဖြစ်သွားရတာလဲဟင်"

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ဒါတွေ မေးမနေပါနဲ့တော့၊ အရေးကြီးတာက ကျွန်မ,မရှိတော့ရင် မမကို ယန့်ရှာက စောင့်ရှောက်လိမ့်မယ်"

ပြောပြီး ယို့ကူး၏လက်ကိုဆွဲကာ တုယန့်ရှာလက်နှင့် ထပ်လျက် ဆုပ်ကိုင်ထားလိုက်သည်။

ယို့ကူး ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

တုယန့်ရှာကလည်း ငြင်းဆန်လိုက်၏။

"မင်း ဘာတွေပြောနေတာလဲ"

အကျည်းတန်လက်ာသခင်မ (ဝါ) ယို့မေလျှံ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

"ညီအစ်မ နှစ်ယောက်တည်းရှိတဲ့ ကျွန်မရဲ့ဘဝမှာ ကျွန်မ မရှိရင် ... ကျွန်မရဲ့မမအတွက် ရှင့်လိုယောက်ျားပီသပြီး သူရဲ့ကောင်းတရား

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝတဲ့လူတစ်ယောက်ရဲ့လက်ထဲမှာရှိနေမှ စိတ်ချမယ် ... ကျွန်မ ... ကျွန်မ ... ကို ... ကတိ ပေးပါ"

တုယန့်ရှာ၏ရင်ထဲတွင် နာကျင်ကြေကွဲလာလေသည်။

သို့သော် ...

သူ မည်သို့မျှ မတတ်နိုင်တော့ဘဲ ခေါင်းညိတ်လိုက်ရ၏။

အကျည်းတန်လက်ဝါးသခင်မ (ဝါ) ယို့မေလျှံ ပြုံးလိုက်သည်။

ယင်းတခဏလေးမှာပင် ...

ဓားပါရဂူတုယန့်ရှာနှင့် ယို့ကူးတို့၏ လက်နှစ်ဖက်ကိုထပ်လျက် ဆုပ်ကိုင်ထားသော သူမ၏လက်သည် ဖြည်းညင်းစွာ ပြုတ်ကျသွား၏။

"မေလျှံ"

"ညီမလေး"

ဓားပါရဂူတုယန့်ရှာနှင့် ယို့ကူးတို့သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ဆူးရှကျယ်လောင်စွာ အော်ဟစ်လိုက်၏။

ထိုအချိန် ...

အိမ်ပျက်ထဲ၌ ထွန်းညှိထားသော ဖယောင်းတိုင်နှစ်တိုင်သည် မီးစာကုန်ခန်းကာ ငြိမ်းသွားခဲ့ပြီဖြစ်သည်။



သို့သော် ...

အရုဏ်ဦး၏အလင်းရောင်ခြည်သည် အိမ်ပျက်ထဲသို့ စတင်စိမ့်ဝင်လာပြီ ဖြစ်လေတော့သည်။

❊

BURMESE CLASSIC .com

မီးလောင်ပြင်အတိဖြစ်ခဲ့သော နေလကျေးရွာသည် ယခုအခါ အလွန်ခန့်ညားလှပသော အဆောက်အအုံများနှင့် စိုပြည်စိမ်းလန်းသော သစ်ပင်များ၊ ရောင်စုံဖူးပွင့်နေကြသော ပန်းမန်လာများဖြင့် ဝေဝေဆာနေ၏။

ထို့ပြင် ...

နေလကျေးရွာဆီသို့ သိုင်းလောကမှ ထိပ်သီးသိုင်းသမားများ၊ ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်များ၊ ဂုဏ်သရေရှိလူကြီးလူကောင်းများတို့သည် လက်ဆောင်ပဏ္ဏာများ ကိုယ်စီဖြင့် ဝင်ထွက်သွားလာနေကြသည်။

မကြာမီ ... နေလကျေးရွာထဲမှ ဗျောက်အိုးဖောက်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ...

နှစ်သစ်ကူးပွဲတော်ရက် မဟုတ်ပါ။

ဤသို့ဆိုလျှင် ဖျောက်အိုးဖောက်သံများ အဘယ်ကြောင့် ထွက်ပေါ်နေပါသနည်း။

အမှန်တွင် ...

ယနေ့သည် နေလကျေးရွာတွင် နေလကျေးရွာသခင်ကြီးတို့၏မျိုးဆက်နှစ်ယောက်ဖြစ်သော ဓားပါရဂူတယန့်ရှာနှင့် ဓားတစ်ချက်ခန်းချောင်တို့သည် အသီးသီး လက်ထပ်မင်္ဂလာကျင်းပသော နေ့ထူးနေ့မြတ်ပင် မဟုတ်ပါလော။

BURMESE CLASSIC .com

*

နေလကျေးရွာ၏ ခန့်ညားထည်ဝါသော အဆောက်အအုံကြီးတစ်ခုထဲတွင် မင်္ဂလာပွဲကျင်းပနေ၏။

ဖိတ်ကြားထားသော ဧည့်သည်တော်များမှာ များပြားလှပေသည်။

ဓားတစ်ချက်ခန်းချောင်နှင့် ယွဲ့ဝါကျင်းတို့သည် ကုလားထိုင်



ခုံရှည်တစ်လုံးတွင် ထိုင်နေကြ၏။

အခြားကုလားထိုင်ခုံရှည်တွင်မူ ဓားပါရဂူတယန့်ရှာနှင့် ယို့ကူးတို့ ထိုင်နေကြသည်။

ဓားတစ်ချက်ခန်းချောင်သည် သတို့သမီးဝတ်စုံဖြင့် နတ်မိမယ်တမျှ လှပချောမောနေသော ယွဲ့ဝါကျင်းအား ငေးငိုင်ကာ ကြည့်နေမိ၏။

ယွဲ့ဝါကျင်းသည် ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံဖြင့် ဓားတစ်ချက်ခန်းချောင်အား ကြည့်ကာ ပြုံးပြလိုက်၏။

"ခန်းချောင် ... ရှင့်ကိုကြည့်ရတာ ပျော်ရွှင်မှု မရှိသလိုဘဲ၊ ဘာဖြစ်လို့လဲဟင်"

ဓားတစ်ချက်ခန်းချောင်သည် သူမ၏လက်နှစ်ဖက်အား ညင်သာစွာ ဆုပ်ကိုင်လျက် မချိပြုံးပြုံးပြလိုက်သည်။

"ဝါကျင်း ... ကျုပ် နေ့ရောညပါ အိပ်မက်လို မျှော်လင့်တမ်းတနေတာဟာ ဒီနေ့ပဲ၊ ဒါကြောင့် ကျုပ် တကယ်ပဲ ဝမ်းသာပျော်ရွှင်မိပါတယ် ... ဒါပေမဲ့"

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ကာ အဝေးသို့ မျှော်ကြည့်လိုက်သည်။

ယွဲ့ဝါကျင်း မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်လဲ"

ဓားတစ်ချက်ခန်းချောင်သည် ရီဝေသောမျက်ဝန်းအစုံဖြ
အဝေးသို့ မျှော်ကြည့်လိုက်သည်။

ပြီးနောက် သက်ပြင်းချကာ ...

"ဝမ်းသာပျော်ရွှင်စရာ အငွေ့အသက်တွေ ဘယ်လော
ပဲ ရှိနေပါစေ ... အထီးကျန်ဆန်တဲ့ အကျည်းတန်လက်ဘွဲ့ရှုတ်ဖတ်
ကို မေ့မပစ်နိုင်ဘူး"

ယွဲ့ဝါကျင်း၏ရင်ထဲ၌ နွမ်းလျသွားသည်။

သူမသည် တစ်ဖက်ကုလားထိုင်ပေါ်တွင် ယို့ကူးနှင့်ယှဉ်
ထိုင်နေသော ဓားပါရဂူတုယန့်ရှာအား မသိမသာ အကဲခတ်ကြည်
လိုက်၏။

ဓားပါရဂူတုယန့်ရှာသည် သတို့သားဝတ်စုံနှင့် ခန့်ညားချော
မောနေ၏။

သို့သော် ...

သူ့မျက်ဝန်းအစုံတွင် ကြေကွဲဝမ်းနည်းရိပ်များ ပြည့်နက်
မည်ကို ယွဲ့ဝါကျင်း ကောင်းစွာ အကဲခတ်မိလိုက်လေသည်။

သူမ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... သူလည်း အထီးကျန်ဆန်တဲ့ အကျည်းတန်လက်



ရှုတ်ဖတ်သံကို မေ့မပစ်နိုင်ပါလား"

သူမ ယင်းသို့ စဉ်းစားမိလိုက်စဉ်မှာပင် ...

အကျည်းတန်လက်ဘွဲ့ရှုတ်ဖတ်သံအား သူမနားထဲ၌ ပြန်
လည်ကြားယောင်လာမိလေတော့သည်။

"ပန်းသခင်မ
အလှမာန်ဝင့် ... သိုင်းဟန်တင့်
သခင့်ရင်ခွင် ... နားမည့်ပြင်
ကြင်သူ့ခြွေဆင့် ... ပန်းကြွေလွင့်ပြီ"

BURMESE CLASSIC .com

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com